သင်္ဘောသားများ၏ သတင်းလွှာ

မြန်မာ၊ အမှတ် ၃၁/ ၂၀၁၇

အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်သားများအဖွဲ့ချုပ်

နိုင်ငံများသည် ပင်လယ်ရေကြောင်း ကျွမ်းကျင်မှုများ လိုအပ်သည်

ယခုစာအုပ်တွင်-

သင်္ဘောမှတ်ပုံတင်နိုင်ငံ စနစ်ကျင့်သုံးသည့် လျှို့ဝှက်လောက

စွန့်ပစ်ခံရမှုမှ ကာကွယ်တားဆီးမှု နည်းလမ်းသစ်များ

အကူအညီ တောင်းခံရန် ညှပ်စာအဖြစ်ပါဝင်သော လမ်းညွှန်

မာတိကာ

4
FOC လုပ်ရှားမှုဆိုင်ရာ ကိန်းဂဏန်းများ

5-8
ပင်လယ်ပြင်ဘဝ
ရှေ့တန်းမှ ဓာတ်လမ်းများ

9-11
ကုန်သွယ်ရေး သမဂ္ဂများ၏ ဆောင်ရွက်မှု
အယ်လ်ဂျီးရီးယား၊ မြန်မာနှင့် ယူကရိန်း

12-15
အလုပ်အကိုင် ကာကွယ်ရေး
ရေပိုင်နက်တွင်း သွားလာမှု

16-17
ပင်လယ်ပြင်မှ အန္တရာယ်များ
ပင်လယ်ဓါးပြနှင့် ခိုးဝင်သူများ

18
ပရိုဖိုင်
ဦးဆောင် ရေကြောင်းသွားလာရေး အရာရှိ

ဆက်သွယ်ရန် အသေးစိတ်နှင့်
အကြံဉာဏ်များ ညွှန်ပြစာ ရှစ်မျက်နှာ

19-21
သင့်ကျန်းမာရေးနှင့် ကျန်းမာပျော်ရွှင်မှု
စိတ်ဖိစီးမှုနှင့် စိတ်ဓါတ်ကျခြင်း

22-24
FOC များနှင့် ကမ္ဘာလုံးဆိုင်ရာ ဖြစ်ပျက်မှု
ပေါ်ထွက်လာသည့် နာမည်ပျက်မှု

25-26
MLC ပြုပြင်ပြောင်းလဲမှု
စွန့်ပစ်ခြင်းမှ ကာကွယ်ဆောင်ရွက်မှုများ

27-28
လုပ်ငန်းပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော သင်္ဘောများ

29
ယုံကြည်မှု ကိစ္စများ
ကျန်းမာကြံ့ခိုင်ရေးအတွက် လမ်းညွှန်များ

30-31
သင်္ဘောကျင်း လုပ်သားများ
ကြိုးချည်ခြင်းနှင့် ကျန်းမာရေး နှင့် အန္တရာယ်ကင်းရှင်းရေး

32-34
ငါးဖမ်းသမားများ
ရှေ့မျှော်လင့်ချက်များရှိသလား။

35
ဗဟိုဌာနများ
ညီညွတ်သော အယ်လ်ဂျီးရီးယား လုပ်သားများ

အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး လုပ်သားများ အဖွဲ့ချုပ် (International Transport Workers' Federation, ITF) သည် နိုင်ငံပေါင်း 150 ခန့်ရှိ သမဂ္ဂပေါင်း 700 မှ သင်္ဘောသား 300,000 ကျော် အပါအဝင်၊ သယ်ယူပို့ဆောင်ရေးလုပ်သား 4.5 သန်းဝန်းကျင်ကို ကိုယ်စားပြုသော သယ်ယူပို့ဆောင်မှု ကုန်သွယ်ရေး သမဂ္ဂများ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး သမဂ္ဂဖြစ်ပါသည်။ ၎င်းကို အောက်ပါ လုပ်ငန်းနယ်ပယ်ကဏ္ဍ ရှစ်ခုဖြင့် ဖွဲ့စည်းထားပါသည်- သင်္ဘောသားများ၊ ငါးဖမ်းသမားများ၊ ကုန်းတွင်းသွားလာမှု၊ ဆိပ်ကမ်းများ၊ မီးရထားလမ်းများ၊ ကုန်းလမ်းပို့ဆောင်ရေး၊ မြို့ပြလေကြောင်းနှင့် ကမ္ဘာလှည့် ခရီးသွားဝန်ဆောင်မှုများ။ ၎င်းသည် သယ်ယူပို့ဆောင်ရေးလုပ်သားများကို တစ်ကမ္ဘာလုံးအဆင့် ကိုယ်စားပြုပြီး သူတို့၏ အကျိုးစီးပွားများကို ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုနှင့် ညီညွတ်မှုတို့မှတစ်ဆင့် တိုးမြှင့်ဆောင်ရွက်ပါသည်။ ITF တွင် တစ်ကမ္ဘာလုံးရှိ ဆိပ်ကမ်းများ၌ လုပ်ကိုင်နေသော စစ်ဆေးသူများနှင့် အဆက်အသွယ်ပေါင်း 137 ခု ရှိပါသည်။

ITF သင်္ဘောသားများ၏သတင်းလွှာ no.31/2017
အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး လုပ်သားများ အဖွဲ့ချုပ် (ITF), 49/60 Borough Road, London SE1 1DR, United Kingdom မှ 2017 ခုနှစ်တွင် ထုတ်ဝေသည်။
(အင်္ဂလိပ်၊ အာရဗီ၊ တရုတ်၊ ဂျာမန်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ရုရှား၊ စပိန်၊ တူရကီနှင့် မြန်မာဘာသာ) ဖြင့် သင်္ဘောသားများ၏ သတင်းလွှာ နောက်ထပ်မိတ္တူများကို အထက်ပါလိပ်စာအတိုင်း ITF ထံမှ ရရှိနိုင်ပါသည်။ PDF များအဖြစ်လည်း www.itfglobal.org/en/resources/reportspublications/ တွင် ဒေါင်းလုတ်ယူနိုင်ပါသည် seafarers-bulletin

ဝက်ဘ်ဆိုက်- www.itfseafarers.org | **အီးမေးလ်-** mail@itf.org.uk | **ဖုန်း-** +44 (20) 7403 2733 | **ဖက်စ်-** +44 (20) 7357 7871

မျက်နှာဖုံးဓာတ်ပုံ- Jörgen Språng/ISWAN

မင်္ဂလာပါ

ကော်ပိုရေးရှင်းများ၏ ကြီးမားသောလောဘနှင့် အခွန်တိမ်းရှောင်မှုများကို 2016 ခုနှစ် ဧပြီလတွင် ထုတ်ဝေခဲ့သော ပနားမားစာတမ်းများက ဖော်ထုတ်ခဲ့ပါသည်။ သို့သော် အလားတူဖြစ်ရပ်များမှာ သင်္ဘောမှတ်ပုံတင်နိုင်ငံ စနစ် (Flags Of Convenience, FOCs) ကျင့်သုံးသော သင်္ဘောများ၏ မရိုးသားမှု လောကတွင် ယခင်ကတည်းက ရှိခဲ့ပြီး ယင်းမှာ သင်္ဘောပိုင်ရှင်များက ရှုပ်ထွေးသော ပိုင်ဆိုင်မှု ဖွဲ့စည်းပုံများမှတစ်ဆင့် ဥပဒေများနှင့် တာဝန်ဝတ္တရားများကို ရှောင်လွှဲခြင်းဖြစ်ပါသည်။ ထိုကိစ္စကို ကျွန်ုပ်တို့က လေ့လာစစ်ဆေးပြီး FOCs များကြောင့် သင်္ဘောသားများအပေါ် သက်ရောက်မှုအကြောင်း ဇာတ်လမ်းနှစ်ပုဒ်ကို ဖော်ပြထားပါသည်။

ရေပိုင်နက်တွင်း သွားလာမှု (cabotage) ဟု အသိများသော နိုင်ငံတစ်ခု၏ ပင်လယ်ရေကြောင်း လုပ်ငန်းနယ်ပယ်တွင် နိုင်ငံလုံးဆိုင်ရာ သင်္ဘောသားများ၏ အရည်အချင်းနှင့် အလုပ်အကိုင်များ ကာကွယ်ရန် အရေးကြီးပုံကိုလည်း လေ့လာပါမည်။ ကျွန်ုပ်တို့သည် နိုင်ငံများစွာရှိ သမဂ္ဂများ ရင်ဆိုင်နေရသော မပြီးပြတ်သေးသည့် တိုက်ပွဲကို အစီရင်ခံကာ စိတ်ဓာတ်ခွန်အားပေးရန်နှင့် မျှော်လင့်ချက်ပေးရန်အတွက် အပြုသဘောဆောင်သည့် အနိုင်ရမှုနှစ်ခုလည်း ရှိပါသည်။

သင့်ကျန်းမာကြံ့ခိုင်မှုအကြောင်း ကျွန်ုပ်တို့ဖော်ပြချက်တွင် စိတ်ဓါတ်ကျမှုနှင့် သေကြောင်းကြံစည်မှုအကြောင်း စိတ်ပျက်ဖွယ်ကိစ္စနှင့် သင်္ဘောသားများ အနေနှင့် သင့်မှာလည်း ဘာကြောင့် အထူးအန္တရာယ်ရှိကြောင်းကို လေ့လာထားပါသည်။ ပံ့ပိုးရေး ဝန်ဆောင်မှုများဖြင့် သင့်အားလမ်းညွှန်ပြီးနောက် သင့်ဘာသာ ဂရုစိုက်စောင့်ရှောက်ရန် အသုံးဝင်သော လမ်းညွှန်ချက်အချို့ ပေးထားပါသည်။

သင်္ဘောသားများကို ဆိပ်ကမ်းလုပ်သားအလုပ်များ ခိုင်းစေသည့် တကယ့် အဖြစ်မှန်အန္တရာယ်များကို ကျွန်ုပ်တို့က အသားပေးဖော်ပြကာ ယင်းကို တိုင်ကြားရန်လိုအပ်သည့် အချက်အလက်များ သင့်အား ပေးထားပါသည်။ ဆိပ်ကမ်းလုပ်သား အကြောင်းရပ်တွင် အလုပ်သမားများ၏ လုပ်ငန်းခွင် ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ကွန်တိန်နာဆိပ်ကမ်းများ၏ ထိပ်ဆုံးမှအောက်ဆုံးသို့ စီမံဆောင်ရွက်မှုသည် သူတို့ဝန်ထမ်းများကို စိတ်ပျက်စေသည်ဟု ဖော်ပြထားသည့် အရေးပါသော လေ့လာမှု အသစ်တစ်ခုအကြောင်း ကျွန်ုပ်တို့က အစီရင်ခံထားပါသည်။ အလုပ်သမားများကို ပိုမိုကာကွယ်ပေးမည့် ပိုမို ပူးပေါင်းပါဝင်သော စီမံမှုကို ကျွန်ုပ်တို့က တိုက်တွန်းထားပါသည်။

သင့်အားစွန့်ပစ်ပါက ပင်လယ်ရေကြောင်း အလုပ်သမားဆိုင်ရာ သဘောတူညီချက်အရ အရေးပါသော ကာကွယ်မှုအသစ်များကို သင်သတိပြုရန် လိုပါသည်။ ဆိုးရွားလှသောအခြေအနေတွင် သင်ရောက်ရှိနေပါက လျင်မြန်စွာ ဆောင်ရွက်ရမည် ဖြစ်သောကြောင့် ထိုအကြောင်း ကျွန်ုပ်တို့ဆောင်းပါးကို သေချာစွာ အချိန်ယူ ဖတ်ရှုပေးပါ။

ငယ်ရွယ်၊ သွက်လက်သော ရေကြောင်းသွားလာမှုအရာရှိဖြစ်သူ Cinthia Diaz ဖြင့် သင့်အား မိတ်ဆက်ပေးပါမည်။ သူမနှင့် အခြားငယ်ရွယ်သော အမျိုးသား၊ အမျိုးသမီး တက်ကြွလှုပ်ရှားသူ မြောက်မြားစွာသည် ကျွန်ုပ်တို့ သယ်ယူပို့ဆောင်မှု ကုန်သွယ်ရေးသမဂ္ဂ လှုပ်ရှားမှု၏ အနာဂတ်များ ဖြစ်ပါသည်။

သင်အကူအညီ လိုပါက ဘယ်နေရာတွင် ဘယ်လိုတောင်းခံရန်အတွက် လမ်းညွှန်ကိုလည်း ညှပ်စာအဖြစ် ပုံမှန်အတိုင်း တွေ့ရှိရပါမည်။

နေ့စဉ်ဆောင်ရွက်နေကြပြီး သင့်ကိုယ်စား အနိုင်ယူနေကြသော၊ သမဂ္ဂများနှင့် ITF စစ်ဆေးသူများထံမှ အပြုသဘော ဇာတ်လမ်းများစွာ ရှိထားကြောင်း ဝမ်းမြောက်စွာ ပြောကြားလိုပါသည်။ သင်္ဘောသားများကို ခေါင်းပုံဖြတ်မှုနှင့် နှိပ်စက်မှု အခြားကိစ္စများသည် အထူးသဖြင့် ငါးဖမ်းလုပ်ငန်းတွင် မရေမတွက်နိုင်အောင် ရှိသော်လည်း အပြည်ပြည်ဆိုင်ရာ ITF မိသားစု၏ အစိတ်အပိုင်းဖြစ်သော သမဂ္ဂတွင် ပါဝင်ခြင်းသည် သင်နှင့် သင့်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း သတင်းစကားကို ယူဆောင်သွားမည်ဟု မျှော်လင့်ပါသည်။

Steve Cotton

ITF အထွေထွေ အတွင်းရေးမှူး

ITF FOC လှုပ်ရှားမှုဆိုင်ရာ ကိန်းဂဏန်းများ

ITF စစ်ဆေးမှုများ

(ပုံနှိပ်ချိန် ကာလအထိ)

စစ်ဆေးသော ရေယာဉ် စုစုပေါင်း အရေအတွက်ကို ပြဿနာရှိသော အရေအတွက်နှင့် ပြဿနာမရှိသော အရေအတွက်အဖြစ် ခွဲခြားထားသည်။

စုစုပေါင်း စစ်ဆေးမှုအရေအတွက် **9,502**

ပြဿနာရှိ **7,082**

ပြဿနာမရှိ **2,420**

စုစုပေါင်း ယခင်ပေးရန်ရှိငွေ ပြန်လည်ရရှိမှု

(ပုံနှိပ်ချိန် ကာလအထိ)

ITF စစ်ဆေးမှုများအတွင်း တွေ့ရှိရသော အမျိုးအစားအလိုက် ထိပ်တန်းပြဿနာ ငါးခု

(ပုံနှိပ်ချိန် ကာလအထိ)



- သဘောတူညီမှု **2,685**
- ပေးရမည့်လုပ်ခလစာ **1,665**
- စာချုပ်ဖောက်ဖျက်မှု **1,442**
- လေးစားလိုက်နာမှုမရှိခြင်းအတွက် နိုင်ငံတကာ စံသတ်မှတ်ချက်များ **947**
- ဆေးဝါး **236**

ITF သဘောတူညီချက်များဖြင့် ကာကွယ်ပေးထားသော ရေယာဉ်များနှင့် သင်္ဘောသားများ

(ပုံနှိပ်ချိန် ကာလအထိ)

309,909
ကာကွယ်ပေးထားသော သင်္ဘောသား အရေအတွက် စုစုပေါင်း



12,056
သဘောတူညီမှု အရေအတွက် စုစုပေါင်း

ရှေ့တန်းမှ ဇာတ်လမ်းများ

သင်္ဘောသားများ မူးမေ့လဲခြင်းသည် ဆိပ်ကမ်းလုပ်သား အလုပ်များ ဆောင်ရွက်ခြင်းတွင် ဘေးအန္တရာယ်ရှိခြင်းများကို ပြသပါသည်

ITF စစ်ဆေးရေးမှူး Christian Roos သည် သင်္ဘောသားတစ်ယောက် အားအင်ကုန်ခန်းရာမှ သေလုမျောပါး မူးမေ့လဲခြင်းကို မျက်မြင်တွေ့ခဲ့ရာ ယင်းမှာ ဆိပ်ကမ်းလုပ်သား အလုပ်များကို သင်္ဘောသားများက ဆောင်ရွက်ခြင်းတွင် ဘေးအန္တရာယ်ရှိခြင်းများကို ဖော်ပြပါသည်

ထိုသို့သင်္ဘောသား မူးမေ့လဲသောအခါ သင်္ဘောသားအဖွဲ့သည် ဆိပ်ကမ်းလုပ်သား အလုပ်များ ဆောင်ရွက်ခြင်း၏ အန္တရာယ်များအကြောင်း သတိပေးချက်ကို ဘယ်လ်ဂျီယမ်နိုင်ငံရှိ ITF စစ်ဆေးရေးမှူးများထံမှ နာယူရန် 2016 ခုနှစ် စက်တင်ဘာလ အစောပိုင်းက Elbfeeder တွင် တွေ့ဆုံခဲ့ကြပါသည်။

ဆေးဝါးပံ့ပိုးမှု ရရှိအောင် စစ်ဆေးရေးမှူးများက 112 ကို ချက်ချင်းခေါ်ဆိုခဲ့ပြီး ထိုဆိပ်ကမ်းမှ သင်္ဘောကျင်း လုပ်သားများကို နလုံးခုန်နှုန်း ထိန်းချုပ်စက်နှင့် အခြားအရေးပေါ် အကူအညီတို့ ပေးအပ်လိုက်သည်။ ထိုသို့လျင်မြန်စွာ ဆောင်ရွက်မှုများကို ရေယာဉ်ပေါ် တက်ရောက်ခဲ့သော ဆေးဘက်ပညာသည်များက ချီးကျူးခဲ့ရာ လူတစ်ယောက်အသက်ကို ကယ်တင်နိုင်ခဲ့သည့်သဘော ဖြစ်ပါသည်။ ဆေးရုံတွင် ခြောက်ရက်ကြာကုသပြီးနောက် ထိုသူကို အိမ်ပြန်ပို့ခဲ့သည်။

သူသည် 28 နာရီကြာ အလုပ်များခဲ့ကြောင်း သင်္ဘောသားအဖွဲ့က ပြောသည့်အတွက် စုံစမ်းစစ်ဆေးရန် ကျွန်ုပ်တို့သင်္ဘောပေါ်ပြန်တက်သည်။ သင်္ဘောသားအဖွဲ့ကသည် အခြားနိုင်ငံတစ်နိုင်ငံမှ ဆိပ်ကမ်းတွင် ကြိုးချည်သောအလုပ်ကို ဆောင်ရွက်ရမည့် တာဝန်ရှိထားကြောင်း ကျွန်ုပ်တို့ တွေ့ရှိခဲ့သည်။ အဆိုပါဆောင်ရွက်မှုများအရ သင်္ဘောအဖွဲ့သားများတွင် အနားယူရန်၊ ကမ်းခြေ၌ ခွင့်ယူပြီး မိသားစုနှင့် ဆက်သွယ်ရန် အချိန်အလွန်နည်းပြီး၊ ဆိပ်ကမ်း၌ အားလပ်ချိန်အတွင်း ပုံမှန်အားဖြင့် ဆောင်ရွက်သော အဝတ်လျှော်ဖွပ်မှုကဲ့သို့ လုပ်ငန်းဆောင်တာများကို အနားမယူမီ ပြီးအောင် ဆောင်ရွက်ရကြောင်း ဆိုလိုပါသည်။

Elbfeeder သင်္ဘောအဖွဲ့သားများသည် တစ်ခါတစ်ရံ 14 နာရီအဆိုင်းကို ဆောင်ရွက်ပြီး 103 နာရီကြာ ကိုက်ိန်းသေအချိန်ပိုထက် နာရီ 100 ကျော်အထိ လစဉ် လုပ်ကိုင်ဆောင်ရွက်ကြောင်း ကျွန်ုပ်တို့တွေ့ရှိပါသည်။ အများစုသည် တစ်လလျှင် များပြားလှစွာသော 375 နာရီ အလုပ်လုပ်ရာ အများဆုံး အလုပ်ချိန်အတွက် MLC စံသတ်မှတ်ချက်ကို သိသာစွာ လျစ်လျူရှုမှု ဖြစ်နေပါသည်။ ဤအလုပ်ဖိအားကြောင့် မူးမေ့လဲခြင်းမဖြစ်အောင် အချို့မှာ ဗီတာမင်အားဆေးများ မှီဝဲနေခဲ့ပါသည်။

အလုပ်ချိန် ကန့်သတ်ချက်များကို ပုံမှန်စောင့်ကြည့်သော ကွန်ပျူတာ ပရိုဂရမ်များက တောက်လျှောက်ချိုးဖောက်မှုများကို မှတ်တမ်းမတင်နိုင်ဘဲ၊ ထိုသို့မှတ်တမ်းတင်မှုသည် ဖိုင်ကိုမသိမ်းနိုင်ခင် မှန်ကန်အောင် ပြင်ဆင်ရပါသည်။ ထို့ကြောင်း ၎င်းတို့သည် နိုင်ငံတကာ စံသတ်မှတ်ချက်များအတိုင်း လိုက်နာရန် အလုပ်နှင့် နားချိန်များကို ပိုမိုထိန်းချုပ်စီမံလာပါသည်။

ဝမ်းနည်းဖွယ် ကောင်းသည်မှာ Elbfeeder ၏ စီမံခန့်ခွဲမှုအဖွဲ့က ထိုအဆင့်သတ်မှတ်ချက်၏ အလုပ်ချိန်များကို လျှော့ချရန်အရာရှိလောင်း တစ်ဦးကို သင်္ဘောပေါ် ခေါ်ယူမည်ဟု ပြောပါသည်။ ထိုအရာရှိလောင်းသည် ဈေးပေါသောလုပ်အားအဖြစ် သုံးရန်မဟုတ်ဘဲ အလုပ်ကို လေ့လာသင်ယူရန် ဖြစ်ပါ၏။ ■

သင်္ဘောအဖွဲ့သားများ၏ ယခင်လုပ်အားခ တောင်းဆိုမှုအတွက် တရားသူကြီးက သင်္ဘောပေါ်တက်ရောက်ပါသည်

ဘရာဇီးနိုင်ငံ၊ ဆန်းတို့စ်ရှိ ITF စစ်ဆေးရေးမှူး Renialdo de Freitas က တရားသူကြီး၏ အစဉ်အလာမရှိဖူးသော ဆောင်ရွက်ချက်ကို မျက်မြင်တွေ့ခဲ့ပါသည်

တူရကီနိုင်ငံပိုင်၊ မော်လ်တာနိုင်ငံအလံ လွှင့်ထူထားသော Chem Violet ဓာတုပစ္စည်းတင် သင်္ဘောနှင့် ၎င်း၏ကုန်စည်များမှာ ၎င်း၏တူရကီ သင်္ဘောအဖွဲ့သားများကို လုပ်ခလစာ မပေးသည့်အတွက် အဖမ်းခံခဲ့ရပါသည်။

ဆိုင်းငံ့ခံရသော သင်္ဘောသားများက သူတို့၏ ယခင်လုပ်အားခံ တောင်းဆိုမှုကို ဘရာဇီးနိုင်ငံ၊ မာဆဲရှိ အလုပ်သမားတရားရုံးထံ 2016 ခုနစ် ဇူလိုင်လတွင် တင်ပြခဲ့ကာ ပုံမှန်ကြားနာခြင်းကို မျှော်လင့်ခဲ့ကြသည်။ သို့သော် တရားသူကြီး Claudio Victor de Castro Freitas ကြောင့် အားလုံး အံ့အားသင့်သွားပါသည်။

သူက ကြားနာမှုကိုရွှေ့ဆိုင်းပြီး တရားရုံးတစ်ဖွဲ့လုံးသည် သင်္ဘောသားများ၏ ပြဿနာများကို ပိုမိုနားလည်အောင် Petrobras တွင် ဆိုက်ကပ်ထားသော ရေယာဉ်ကို သွားရောက်ရမည်ဟု ဆုံးဖြတ်ခဲ့သည်။

တရားသူကြီးသည် သင်္ဘောသားများ၊ ရှေ့နေများ၊ ဆိပ်ကမ်း အာဏာပိုင်များ၊ ရဲတပ်ဖွဲ့နှင့် လုပ်ပိုင်ခွင့်ရှိသူများနှင့် အတူ သင်္ဘော၊ တံတား၊ အင်ဂျင်ခန်း စသည့် သင်္ဘောလုပ်ငန်းနေရာ အားလုံးကို စစ်ဆေးခဲ့သည်။ ထို့နောက် ကြားနာမှုကို သင်္ဘောပေါ်ရှိ ကပ္ပတိန်အခန်းမှာပင် ဆက်လက် ကြားနာရန် ဆုံးဖြတ်ခဲ့သည်။

တရားသူကြီးက Petrobras လုပ်ပိုင်ခွင့်ရှိသူကို သင်္ဘောသားများနှင့် ကပ္ပတိန်အား နှစ်လစာ ပေးရန်ရှိသောလုပ်ခလစာ USD100,000 ဝန်းကျင်ကို ပေးရန်နှင့် သူတို့အား အိမ်ပြန်ပို့ရန် အမိန့်ထုတ်ခဲ့ရာ ဇူလိုင်လတွင် ပြန်သွားခဲ့သည်။ ဆက်လက်ပေးရမည့် သုံးလစာ လုပ်ခလစာနှင့် ကျင့်ဝတ်ထိခိုက်မှုအတွက် စုစုပေါင်း USD850,000 ဝန်းကျင်ကို ရေယာဉ်ရောင်းချခြင်းဖြင့် သင်္ဘောအဖွဲ့အား ပေးရန် ညွှန်ကြားခဲ့သည်။ ယင်းကို မည်သည့်အချိန်၌ ရရှိမည်ကို သိရှိရန် နောက်ထပ် တရားရုံး ကြားနာမှုကို နိုဝင်ဘာတွင် ပြုလုပ်ချိန်ကို ထိုသူတို့ စောင့်ဆိုင်းနေကြသည်။ ■

Ceuta မှ လွတ်မြောက်ခြင်း

ပေးရန်ရှိသော လုပ်ခလစာများ ပြန်ရအောင် ဆက်လက်တိုက်ပွဲဝင်နေမှုကို စပိန်နိုင်ငံအတွက် ITF ကြီးကြပ်ရေးမှူး Spain José Manuel Ortega က ဖော်ပြပါသည်

ကျွန်ုပ်တို့အား မြောက်အာဖရိက ကမ်းခြေရှိ စပိန်နယ်မြေဖြစ်သော Ceuta တွင် တွဲချိတ်ဆိုက်ကပ်ထားသော သင်္ဘောသားများကို ကူညီပေးခိုင်းပါသည်။

အီတလီပိုင်၊ ပေါ်တူဂီအလံ လွှင့်ထူထားသော Independence သင်္ဘောသည် Ceuta သို့ သင်္ဘောအဖွဲ့သား အင်ဒိုနီးရှားလူမျိုး ခြောက်ယောက်နှင့် ယူကရိန်းလူမျိုး နှစ်ယောက်တို့ဖြင့် 2016 ခုနစ် ဖေဖော်ဝါရီလတွင် ရောက်ရှိခဲ့သည်။ သင်္ဘောပိုင်ရှင်က ဘဏ္ဍာရေးအခက်အခဲရှိသည်ဟု အကြောင်းပြပြီး ထိုသူတို့၏ လုပ်ခလစာများကို လေးလစာ မပေးသေးပေ။ သင်္ဘောသားများက အိမ်ကို အလွန်ပြန်ချင်နေပြီး Ceuta တွက် ဆက်လက် သောင်တင်မနေချင်တော့ပေ။

Ceuta မှ White Cross ပရဟိတအဖွဲ့က ကြားဝင်ကာ လတ်ဆတ်ပြီး ချက်ပြုတ်ထားသော နေ့စဉ်အစားအသောက်များ ဝေငှခဲ့ကာ ကြက်ခြေနီအဖွဲ့ (Red Cross) က သွေးတိုးပြီး စိတ်ဖိစီးမှု ခံစားနေရသော သင်္ဘောအဖွဲ့သားများအတွက် ဆေးဝါး ကုသမှု ပေးအပ်ခဲ့သည်။

နောက်ဆုံး သင်္ဘောသားများသည် မေလတွင် သင်္ဘောမှထွက်ခွါသွားခဲ့သည်။ စပိန်နိုင်ငံရှိ အင်ဒိုနီးရှားသံရုံးက အင်ဒိုနီးရှား သင်္ဘောသားများ ပြည်တော်ပြန်ရေးကို ဆောင်ရွက်ပြီး ယူကရိန်းနိုင်ငံသား နှစ်ယောက် ပြည်တော်ပြန်ရေးကို ITF က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

သင်္ဘောသားများသည် သူတို့ရရန်ရှိသော USD160,000 နီးပါးကို ရရှိရန် စောင့်ဆိုင်းနေဆဲ ဖြစ်ပါသည်။ ဆွဲသင်္ဘောကို ဖမ်းဆီးခဲ့ပြီး ယင်းကို လေလံတင်ရန် တရားရုံးမှ ဆုံးဖြတ်သောအခါ သင်္ဘောသားများ နောက်ဆုံးတွင် လခရမည်ဟု မျှော်လင့်ပါသည်။ ■

မလုံခြုံသော သင်္ဘောပေါ်မှ လခမရသော သင်္ဘောသားများကို ITF က ပံ့ပိုးသည်

ITF စစ်ဆေးရေးမှူး K Sreekumar သည် မလုံခြုံသော သင်္ဘောပေါ်မှ ဒဏ်ရာရထားသော သင်္ဘောသားများနှင့် လခမရသော သင်္ဘောသားများကို တွေ့ရှိသောအခါ အံ့အားသင့်ခဲ့သည်

စစ်တကောင်းတွင် သင်္ဘောသားများကို စွန့်ပစ်ခြင်း

စွန့်ပစ်ခံ သင်္ဘောသားများ၏ အဖြစ်ဆိုးကို ဖြေရှင်းပေးရန် ITF၊ ဒေသခံ သမဂ္ဂများနှင့် လူမှုစောင့်ရှောက်ရေး အဖွဲ့အစည်းများက ကြိုးစားနေကြောင်း ITF စစ်ဆေးရေးမှူး/သင်္ဘောသား ပံ့ပိုးရေးမှ Oleg Romanyuk က အစီရင်ခံပါသည်

Fadl E Rabbi ဆီသင်္ဘောမှ ဘင်္ဂလားဒေ့ရှ် သင်္ဘောသားအဖွဲ့ 18 ယောက်နှင့် အစောင့်လေးယောက်တို့ကို ပိုင်ရှင် Eden Line Limited မှ Chittagong ၌ စွန့်ပစ်ထားကြောင်း ITF က 2016 ခုနှစ် စက်တင်ဘာလ 30 ရက်တွင် သိရှိခဲ့ပါသည်။ ထိုသူတို့တွင် သန့်ရှင်းသောရေ အနည်းငယ်၊ မဖြစ်စလောက် အစာတို့သာ ရှိပြီး ငါးလစာ လုပ်ခလစာ ရရန်ရှိနေပါသည်။

ပနားမားအလံ လွှင့်ထူထားသာ သင်္ဘောအတွက် ဝင်/ထွက်မှုအပေါ် ကုန်တင်ပို့မှုဌာန၏ ဆိုင်းငံ့မှုသည် သင်္ဘောသားများအား ကောင်းစွာ ခါးစာခံပြုလုပ်နိုင်သဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်တင်ပို့မှုဌာနမှ ညွှန်ကြားရေးမှူးချုပ်အား ကျွန်ုပ်တို့ ချက်ချင်း တောင်းဆိုခဲ့သည်။

သင်္ဘောသားများ စောင့်ရှောက်ရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ အလုပ်သမား ပို့ဆောင်မှု ကိုယ်စားလှယ်များ၊ ကုန်သွယ်ရေး သမဂ္ဂများနှင့် ရေယာဉ်၏ စီမံခန့်ခွဲသော ကုမ္ပဏီမှ ကိုယ်စားလှယ်များနှင့်အတူ ပြုလုပ်သော အောက်တိုဘာလ 5 ရက်နေ့ အစည်းအဝေးတွင် Eden Line သည် သင်္ဘောကိုရော စီမံခန့်ခွဲမှု ကုမ္ပဏီကိုပါ စွန့်ပစ်ထားကြောင်း ကျွန်ုပ်တို့ သိရှိရပါသည်။ ပေးရန်ရှိသည့် လုပ်ခလစာ USD128,000 နီးပါးကို ရရှိရန် တစ်ခုတည်းသော နည်းလမ်းမှာ တရားရုံးမှ ရေယာဉ်ကို သိမ်းဆည်းပြီး လေလံတင်ရန် ဖြစ်သည်။ ခေါင်းဆောင်နှင့် သင်္ဘောသားများသည် သင်္ဘောကို ရေတပ်ဌာနတရားရုံး၌ အောက်တိုဘာလ 10 ရက်တွင် သိမ်းဆည်းကာ တရားရုံးကြားနာမှုကို စောင့်ဆိုင်းနေပါသည်။

ဆိပ်ကမ်းအာဏာပိုင်က သင်္ဘောထံသို့ သန့်ရှင်းသောရေ ပေးပို့သော်လည်း ငွေပေးချေမှုမရှိပါက နောက်ထပ်ပံ့ပိုးမှုများ မရနိုင်တော့ကြောင်းဆိုသည်။ သင်္ဘောသားများက သင်္ဘောမှ ထွက်ခွါရန်၊ လစာရရန်နှင့် အိမ်ပြန်ရန် စောင့်ဆိုင်းနေစဉ်တွင် ITF က သင်္ဘောသားများထံ အစားအသောက်နှင့် သောက်ရေအတွက် ကြိုတင်ထောက်ပံ့ခဲ့ပါသည်။

ITF နှင့် အပြည်ပြည်ဆိုင်ရာ သင်္ဘောတင်ပို့မှု ကုန်သည်များအသင်းသည် ထိုအမှုကို နိုင်ငံအလုံးကြီးကြပ်မှုအဖွဲ့ထံ ဆက်လက်ဆောင်ရွက်နေပါသည်။ ပနားမား ပင်လယ်ရေကြောင်း အာဏာပိုင်အဖွဲ့သည် သင်္ဘောသားအဖွဲ့ထံ အထောက်အပံ့ ပူးပေါင်းဆောင်ရွက်ရန် ယခုအခါ ဆိပ်ကမ်းရှိရာ ပြည်နယ်နှင့် အဆက်အသွယ် ပြုလုပ်နေပါသည်။ ထိုစွန့်ပစ်မှုကို ITF က ILO ထံသို့ အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ■

ယီမင်နိုင်ငံမှ စစ်ဘေးဒဏ်

စစ်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးနေသော ယီမင်နိုင်ငံတွင် အလုပ်လုပ်ရသည်မှာ သင်္ဘောသားများနှင့် သမဂ္ဂများအတွက် ခက်ခဲကြောင်း စပိန်နိုင်ငံ ဘီလ်ဘာအိုမှ ITF စစ်ဆေးရေးမှူး Mohamed Arrachedi ကပြောသည်

ပနားမားအလံ လွှင့်ထူထားသော Najdiah ဆီသင်္ဘောသည် မာကူလာသို့ 2016 ခုနှစ် ဧပြီလ 24 ရက်တွင် ရောက်ရှိလာသောအခါ သင်္ဘောသားအဖွဲ့သည် ပိုင်ရှင်များဖြစ်သော ဒူဘိုင်းမှ Prime Tankers LLC နှင့် ကုန်စည် လက်ခံမည့်သူတို့နှင့် အငြင်းပွားမှုတွင် ပိတ်မိနေခဲ့သည်။

သူတို့နိုင်ငံကူး လက်မှတ်များကို သိမ်းယူသွားကာ လက်နက်ကိုင် လေးယောက် သင်္ဘောပေါ် တက်လာခဲ့သည်။

အိန္ဒိယသင်္ဘောသား 16 ယောက်သည် အစာရေစာ၊ သန့်ရှင်းသောရေ၊ လောင်စာဆီနှင့် ဆေးဝါး မလုံလောက်မှုကို နှစ်လတာ ခံစားခဲ့ရသည်။ သူတို့သည် ချက်ပြုတ်နိုင်ခြင်း မရှိသလို လေအေးပေးစက်လည်း မရှိဘဲ ဆေးဝါးကုသမှုလည်း မရကြပေ။ ITF သို့မဟုတ် အိန္ဒိယသံရုံးမှ ပေးပို့သော လတ်လတ်ဆတ်ဆတ် အစားအသောက်များမှာ လျှပ်စစ်မီးပျက်သဖြင့် ကြာရှည်မခံခဲ့ပါ။ သူတို့အနီးအနားမှ ဗုံးကြဲသံများကိုပင် ကြားနိုင်ပါသည်။

ရေယာဉ်နှင့် ပတ်သက်သူအားလုံးအပေါ် ကျွန်ုပ်တို့က ဖိအားပေးပြီး ဒေသခံ မီဒီယာများကို အာရုံစိုက်လာစေခဲ့ပါသည်။ အိန္ဒိယသံရုံးနှင့် ယီမင် လူမှုအဖွဲ့အစည်းများက ဆေးဝါးကုသမှု ပေးခဲ့ပြီး ဒေသခံ ITF သမဂ္ဂနှင့် Aden ကွန်တိန်နာဆိပ်ကမ်းမှ အလုပ်သမား ကော်မတီတို့ထံမှ ညီညွတ်မှု ရရှိခဲ့သည်။

နောက်ဆုံးတွင် ကုမ္ပဏီသည် လောင်စာဆီနှင့် စားနပ်ရိက္ခာများ ပေးပို့ပြီး မတ်လနှင့် ဧပြီလအတွက် လုပ်ခ USD48,700 ကို ပေးခဲ့သည်။ ရေယာဉ်ကိုလည်း ဆက်လက်ခွင့်ပြုခဲ့ပြီး သင်္ဘောသား ခုနစ်ယောက်ကို ဆရာဝန်နှင့် ပြသခဲ့သည်။

Najdiah သည် ဆိပ်ကမ်းမှ ဇွန်လ 23 ရက်တွင် ထွက်ခွါသွားပါသည်။ ၎င်းသည် အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ ဟာမာရီယာသို့ ရောက်ရှိသောအခါ ကုမ္ပဏီက ပေးရန်ရှိသောလုပ်ခလစာ USD79,360 ကို အပြည့်အဝပေးပြီး သောကရောက်နေသော သင်္ဘောသား 10 ဦးကို သူတို့ခရီးသွားစရိတ် နှုတ်ယူပြီးနောက် အိမ်ပြန်ပို့ရန် စီစဉ်ခဲ့သည်။ ■

ကျွန်ုပ်တို့သည် Karaagacအစေ့၊ အဆန်၊ သံမှုန်တင် သင်္ဘောကို အိန္ဒိယနိုင်ငံ၊ ချန်နိုင်းတွင် 2016 ခုနှစ် ဇွန်လ၌ တက်ရောက်ခဲ့သောအခါ ဂျော်ဂျီယာ၊ အိန္ဒိယ၊ တူရကီနှင့် ယူကရိန်းတို့မှ သင်္ဘောသား 21 ယောက်သည် သုံးလစာ လုပ်ခမရသေးကြောင်း တွေ့ရှိခဲ့သည်။

တူရကီပိုင်၊ ပနားမားအလံ လွှင့်ထူထားသော ထိုသင်္ဘော၌ ၎င်း၏ ရေသွင်းရေထုတ်ကန်နှင့် ရေဝင်လမ်းကြောင်း စနစ်များ၊ မီးဘေးအချက်ပေးမှု၊ ရေကြောင်းသွားလာရေး ကိရိယာများနှင့် အသက်ကယ်လှေတို့ လိုအပ်နေသည်။ ထိုအခြေအနေများက ပင်လယ်ရေကြောင်း အလုပ်သမားဆိုင်ရာ သဘောတူညီချက် 2006 ကို သိသာစွာ ချိုးဖောက်နေသည်။

သင်္ဘောအဖွဲ့သားများက သူတို့အသက်အန္တရာယ် ကြုံခဲ့ရသော အဖြစ်အပျက် နှစ်ခုနှင့် သင်္ဘောပေါ် အလုပ်လုပ်ရင်း အဖွဲ့သားများ ထိခိုက်ဒဏ်ရာ ရရှိမှုများ တင်ပြသောအခါ ကျွန်ုပ်တို့ အံ့အားသင့်ခဲ့ရသည်။ Karaagac သင်္ဘောကို အလားတူပြဿနာများဖြင့် တူရကီတွင် ယခင်က ဖမ်းဆီးခဲ့ဖူးပါသည်။

သင်္ဘောချို့ယွင်းချက်များကို ITF နှင့် ဒေသခံ သင်္ဘောသား အစည်းအရုံးမှ ခေါင်းဆောင်တို့က တင်ပြပြီးနောက် မဒရပ်စ်တရားရုံးချုပ်က Karaagac သင်္ဘောကို ဖမ်းဆီးခဲ့သည်။ သင်္ဘောသားများသည် လုပ်ခလစာ USD59,000 ရရန်ရှိကြောင်း သိရှိရသည်။

သင်္ဘောသား ကိုးယောက်ကို သူတို့၏ ယခင်လုပ်ခများပေးပြီး အိမ်ပြန်ပို့ခဲ့ကာ (အိန္ဒိယသင်္ဘောသား ကိုးယောက်ဖြင့် အစားထိုးသည်) သင်္ဘောအဖွဲ့သားအားလုံး နှုတ်ထွက်ခဲ့သည်။ ကျန်ရှိနေသော ချို့ယွင်းမှုများကို ဖြေရှင်းပြီး Karaagac သင်္ဘောသည် ချန်နိုင်းမှ စက်တင်ဘာလတွင် ထွက်ခွါသွားသည်။ ထိုရေယာဉ် Salalah Oman ဆိပ်ကမ်းရောက်သောအခါ အိန္ဒိယသင်္ဘောအဖွဲ့သား တစ်ယောက်ထံမှ၊ လုပ်ခလစာ မပေးမှုနှင့် ပင်လယ်ပြင်ထဲ၌ အင်ဂျင်ပျက်ယွင်းမှုပေါင်း များစွာ အပါအဝင် တိုင်ကြားချက်ကို ကျွန်ုပ်တို့ လက်ခံရရှိခဲ့သည်။ ■

ယူကေတွင် စွန့်ပစ်ခံသင်္ဘောသားများအတွက် အောင်နိုင်ခြင်း

ဗြိတိသျှ ဆိပ်ကမ်းများတွင် အသေအချာ စွန့်ပစ်ခဲ့သော သင်္ဘော နှစ်စင်းပေါ်မှ အိန္ဒိယ သင်္ဘောသားများကို ITF စစ်ဆေးရေးမှူးများကို ကူညီခဲ့ပုံ အကြောင်းကို ITF ယူကေနှင့် အိုင်ယာလန် ကြီးကြပ်ရေးမှူး Ken Fleming က ပြောပြပါသည်။

အိန္ဒိယပိုင်ဖြစ်ပြီး ထိုအလံ လွှင့်ထူထားသော Malaviya Seven သင်္ဘောကို စကော့တလန်နိုင်ငံ၊ အဘာဒီးန်၌ 2016 ခုနှစ် ဇွန်လတွင် ပုံမှန် ITF စစ်ဆေးမှုအရ သင်္ဘောသားအဖွဲ့ဝင် 15 ယောက်ကို အနည်းဆုံး လေးလစာ လုပ်ခမပေးထားကြောင်း တွေ့ရှိခဲ့သည်။ ၎င်း၏ ပုံစံတူသင်္ဘော Malaviya Twenty ကို အင်္ဂလန်နိုင်ငံ၊ ဂရိတ် ယားမောက်တွင် နောက်ဆက်တွဲ စစ်ဆေးမှုက အလားတူအဖြစ်ကို တွေ့ရှိပါသည်။ လက်ရှိနှင့် ယခင် သင်္ဘောသားများအတွက် ပေးရန်ရှိသည်မှာ စုစုပေါင်း USD250,000 ကျော်ရှိလေသည်။

သင်္ဘောသားများကိုယ်စား သင်္ဘောကို သိမ်းပိုက်ရန် ကျွန်ုပ်တို့ ပြင်ဆင်ခဲ့ပါသည်။ လုပ်ခလစာများ ပေးပြီး အခြားချို့ယွင်းချက်များ ညှိနှိုင်းမပြီးမချင်း ရေယာဉ်နှစ်စင်းလုံးကို ထွက်ခွာမသွားစေရန် ကျွန်ုပ်တို့သည် ယူကေ ပင်လယ်ရေကြောင်းနှင့် ကမ်းရိုးတန်းစောင့် အေဂျင်စီနှင့်အတူ ဆောင်ရွက်ခဲ့ပါသည်။

Malaviya Twenty ၏ သင်္ဘောသားများသည် သူတို့နိုင်ငံရှိ မိသားစုများကို ထောက်ပံ့ရန် ချေးငွေများယူခဲ့ကြောင်း စစ်ဆေးရေးမှူး Paul Keenan က သိရှိခဲ့သည်။ ကျန်ရှိသော သင်္ဘောသား 12 ယောက်စလုံးအတွက် ပေးရန်ရှိသော USD180,000 ကို သူကအပြည့်အဝ ပြန်လည်ရယူပေးကာ သင်္ဘောသား ကိုးယောက်မှာ ဩဂုတ်လကုန်တွင် အိမ်ပြန်ခဲ့သည်။ ရေယာဉ်၏ ယခင်သင်္ဘောသားအဖွဲ့ထံ ပေးရန်ရှိသော လုပ်ခလစာ အများစုကို သူအောင်မြင်စွာ ရရှိပြီး ပေးရမည့် USD67,000 ကို မကြာမီ ရယူနိုင်မည်ဟု မျှော်လင့်လျက်ရှိသည်။ သင်္ဘောကို ဆက်လက်ထိန်းသိမ်းထားပါသည်။

စစ်ဆေးရေးမှူး Liam Wilson က Malaviya Seven သင်္ဘောမှ သင်္ဘောသား 15 ယောက်ကို သူတို့လုပ်ခလစာများ ဇူလိုင်လကုန်တွင် ပြန်လည်ရယူပေးပြီး သင်္ဘောသား ငါးယောက်အိမ်ပြန်သွားခဲ့သည်။ သို့သော် သင်္ဘောသားအဖွဲ့မှာ မကြာမီ လုပ်ခမရဘဲ ထပ်ဖြစ်ပြန်ရာ ရေယာဉ်ကို အောက်တိုဘာလ 5 ရက်တွင် ရေယာဉ်ရှိရာနိုင်ငံ ထိန်းချုပ်ရေး အာဏာပိုင်မှ ထိန်းသိမ်းခဲ့သည်။ ■

သင်္ဘောသားများကို စွန့်ပစ်သည့် သင်္ဘောအား ဩစတြေးလျနိုင်ငံမှ ပိတ်ပင်မှုကို ITF က ကြိုဆိုခြင်း

ဩစတြေးလျနိုင်ငံ ပင်လယ်ရေကြောင်း လုံခြုံရေး အာဏာပိုင်အဖွဲ့က ကြယ်ငါးပွင့်အဆင့် Fujian သင်္ဘောအား သင်္ဘောသား အယောက် 20 ဆိုင်းငံ့ခံရပြီးနောက် ဩစတြေးလျနိုင်ငံကမ်းခြေမှ 12 လတာ ပိတ်ပင်ခဲ့မှုကို ITF ၏ ခေတ္တကြီးကြပ်ရေးမှူး Matt Purcell က ကြိုဆိုခဲ့သည်။

တရုတ်နိုင်ငံပိုင်၊ ဟောင်ကောင်အလံ လွှင့်ထူထားသော ကျောက်မီးသွေး သင်္ဘောကို အကြွေး USD38,000 အတွက် ကွင်းစလန်ပြည်နယ် ဂလက်စတုန်း ဆိပ်ကမ်းတွင် သင်္ဘော ကုန်တင်ပို့မှု ပွဲစားက ထိန်းသိမ်းထားခဲ့သော်လည်း သူထိန်းသိမ်းရန် ကြိုးပမ်းစဉ်အတွင်း ပွဲစားက သင်္ဘောသားများကို အစာမကျွေး၊ လုပ်ခမပေးသောကြောင့် ပြန်လွှတ်ပေးခဲ့သည်။

2016 ခုနှစ် ဇူလိုင်လ 19 ရက်မှစပြီး ခြောက်ပတ်တာ ရပ်တန့်နေမှုအတွင်း သင်္ဘောသားအဖွဲ့တွင် စားနပ်ရိက္ခာမရှိသလို လပေါင်းများစွာ လုပ်ခကို ရရန်ရှိနေပါသည်။

စားနပ်ရိက္ခာများကို နိုင်ငံတကာအဆင့် ဖြစ်လာစေရန်အတွက် ဂလက်စတုန်းရှိ ITF စစ်ဆေးရေးမှူး Sarah Maguire သည် အာဏာပိုင်များနှင့် နီးကပ်စွာ ဆောင်ရွက်ခဲ့သည်။ အခြေအနေကို ဖြေရှင်းရန် အာဏာပိုင်များနှင့် ကွင်းစလန်ပြည်နယ် အစိုးရတို့အပေါ် ဖိအားပေးနိုင်အောင် မီဒီယာလှုံ့ဆော်မှု ရရှိလာအောင် ဩစတြေးလျ ပင်လယ်ရေကြောင်း သမဂ္ဂက ကျွန်ုပ်တို့ကို ကူညီခဲ့သည်။

သင်္ဘောသားများ လုပ်ခရသည့်တိုင် သူတို့သည် တစ်နာရီလျှင် USD1.50 မျှသာ နိုင်ငံတကာ စံသတ်မှတ်ချက်များအောက် ရရှိနေကြောင်း ကျွန်ုပ်တို့ တွေ့ရှိခဲ့ပါသည်။

သင်္ဘောသားများကို ကမ်းဆင်းခွင့်ပေးရန် ကျွန်ုပ်တို့တောင်းဆိုကြိုးပမ်းမှုကို အာဏာပိုင်များနှင့် သင်္ဘောပိုင်ရှင်၏ ကိုယ်စားလှယ်များက ငြင်းဆိုသည့်အတွက် ဩစတြေးလျမှ ITF က စိတ်ပျက်မိသည်။ ထိုသူတို့မှာ ကျွန်ုပ်တို့က ရေယာဉ်ပေါ်တက်ရန် တောင်းဆိုမှုများကိုလည်း ငြင်းပယ်ခဲ့ပါသည်။

နောက်ဆုံးတွင် သင်္ဘောသားများကို လစာပေးပြီး ကြယ်ငါးပွင့်အဆင့် Fujian သင်္ဘောကိုထွက်ခွာစေခဲ့ပါသည်။ ■

ပထမအကြိမ် ယူကရိန်း၌ ကျင်းပသော သင်္ဘောသားများ အစည်းအဝေး

"သင်္ဘောပေါ် ပထမဆုံး တက်တဲ့သူတွေက သူတို့အခွင့်အရေးတွေကို နည်းနည်းပါးပါးပဲ သိကြပါတယ်။ လုပ်ခလစာ မပေးတာ၊ သင်္ဘောက ထွက်ခွါဖို့ နှောင့်နှေးစေတာ စတဲ့ အခြေအနေတွေ၊ လက်မခံနိုင်စရာ သင်္ဘောပေါ်က အခြေအနေတွေမှာ ဘာလုပ်ရမယ်ဆိုတာ ခုအစည်းအဝေးကြောင့် နားလည်သွားပါတယ်။"

Dmitry Alifanov, Intresco

ယူကရိန်းနိုင်ငံ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်သားများ ကုန်သွယ်ရေး သမဂ္ဂ (MTWTU) မှ ဒုတိယဥက္ကဋ္ဌ Oleg Grygoriuk က ယူကရိန်းနိုင်ငံ၏ ပထမဆုံး သမဂ္ဂ ရက်သတ္တပတ်ကို ကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူခဲ့ပါသည်

ဤသည်မှာ ယူကရိန်းမှ သင်္ဘောသား အများအပြားကို ကမ္ဘာ့သင်္ဘော ကုန်တင်ပို့မှု လုပ်ငန်းနယ်ပယ်သို့ စေလွှတ်နေသည့်အတွက် သင်္ဘောသားများကို သူတို့အခွင့်အရေးများ အသိပေးရန် **ITF ၏ နေရာရွေးချယ်ဆောင်ရွက်သော စီမံကိန်းဖြစ်သည်။ ရုရှား၊ အိန္ဒိယနှင့် အခြားနိုင်ငံများသို့ ထိုအစီအစဉ် ပြုလုပ်ရန် ITF က စီစဉ်ထားပါသည်။**

MTWTU တွင် အဖွဲ့ဝင် 70,000 ကျော်ရှိပြီး ထက်ဝက်ကျော်မှာ သင်္ဘောသားများ ဖြစ်သည်။ ကျွန်ုပ်တို့၏ အသင်းဝင်များနှင့် သူတို့မိသားစုများအတွက် လူမှုရေး အစီအစဉ်ကြီးတစ်ခုကို ကျွန်ုပ်တို့ ဆောင်ရွက်နေသော်လည်း ကျွန်ုပ်တို့၏ Odessa ရှိ သမဂ္ဂ သီတင်းပတ် (2016 ခုနှစ် မေလ 31 ရက်မှ ဇွန်လ 3 ရက်အထိ) သည် သင်္ဘောသားများအား သူတို့အတွက် အရေးကြီးသော ကိစ္စများ ဆွေးနွေးစေခဲ့ပါသည်။

သင်္ဘောသားများ၊ အရာရှိလောင်းများနှင့် ပင်လယ်ရေကြောင်း လုပ်ငန်းမှ အခြားဝန်ထမ်းများ 400 ဝန်းကျင် တက်ရောက်ခဲ့ကြပါသည်။ လွတ်လပ်သော ကုန်သွယ်ရေး သမဂ္ဂများ၏ အရေးကြီးပုံနှင့် နိုင်ငံတကာ ကုန်သွယ်ရေး သမဂ္ဂများအဖွဲ့ချုပ်တွင် ပါဝင်ခြင်း၏ အကျိုးကျေးဇူးများ အကြောင်းကို သူတို့သည် MTWTU နှင့် ITF စစ်ဆေးရေးမှူးများထံမှ သိရှိခဲ့ကြပါသည်။ မြန်မာနိုင်ငံရှိ IFOMS တည်ဆောက်ခြင်းနှင့် မြှင့်တင်ခြင်း အတွေ့အကြုံ ကဲ့သို့ နိုင်ငံရပ်ခြားမှ ဥပမာများက သင့်သမဂ္ဂကို ပိုမိုခိုင်မာ စေလိုလျှင် တက်ကြွသော သမဂ္ဂအဖွဲ့ဝင်တစ်ယောက် ဖြစ်ရန် မည်မျှအရေးကြီးသည်ကို ကျွန်ုပ်တို့အား သင်ကြားပေးပါသည်။

သင်္ဘောသားများသည် ITF ၏ သင်္ဘောမှတ်ပုံတင်နိုင်ငံ စနစ်လှုပ်ရှားမှုအကြောင်း သိရှိခွင့် ရခဲ့သလို ILO ပင်လယ်ရေကြောင်း အလုပ်သမားဆိုင်ရာ သဘောတူညီချက်ကဲ့သို့ အရေးပါသော လုပ်ငန်းနယ်ပယ် ဖွံ့ဖြိုးမှုများ အကြောင်းလည်း ကြားသိရပါသည်။ သူတို့သည် လုပ်ခလစာနှင့် ပတ်သက်ပြီး စုပေါင်း တောင်းဆိုမှု သဘောတူညီချက် ITF မူဘောင်၏ ပေးအပ်ထားချက်များမှ သူတို့က မျှော်လင့်စရာများကိုလည်း လေ့လာခဲ့ကြသည်။ သူတို့ရရန်ရှိသော လုပ်ခလစာ မှန်မှန်ကန်ကန် ရရှိအောင် ဘာကို သတိထားရမည်ကို စစ်ဆေးရေးမှူးများက သူတို့ကို သင်ပေးခဲ့ပြီး ITF ၏ သင်္ဘောသား တစ်ဦးချင်းစီ၏ စာချုပ်ကို ရှင်းပြခဲ့သည်။

အစည်းအဝေးများသည် အလွန်အသုံးဝင်ကြောင်း သင်္ဘောသားများက တွေ့ရှိပြီး မေးခွန်းများစွာ မေးမြန်းခဲ့ပါသည်။ သူတို့အခွင့်အရေးများနှင့်ဆိုင်သော ဤအသိပညာကို မည်သို့အသုံးချရန် သူတို့သိလာမည်ဟု ကျွန်ုပ်တို့ယခုမျှော်လင့်ထားပါသည်။

MTWTU အကြောင်း အသေးစိတ်ကို **www.mtwtu.org.ua**တွင် လေ့လာပါ။ ■

မြန်မာနိုင်ငံ သင်္ဘောသားများ လွတ်လပ်သော အဖွဲ့ချုပ် (Independent Federation of Myanmar Seafarers) က MLC အတိုင်းဦးဆောင်ခြင်း

"သင်္ဘောသားစေလွှတ်ရေး အေးဂျင့်များ၏ ကိုယ်စားလှယ်များ၊ ပင်လယ်ရေကြောင်း အုပ်ချုပ်မှုအဖွဲ့နှင့် IFOMS အရာရှိများနှင့် အဖွဲ့ဝင်များကို MLC အကြောင်း အပြုသဘော ဆွေးနွေးမှုများ၌ ပါဝင်သည်ကို တွေ့ရသည်မှာ စိတ်အားတက်စေကြောင်း" IFOMS ၏ အထွေထွေ အတွင်းရေးမှူး ဦးအောင်ကျော်လင်းက ရန်ကုန်မြို့၌ 2016 ခုနှစ် အောက်တိုဘာလ 3 ရက်မှ 6 ရက်ထိ တက်ရောက်သူ 40 ခန့်ပါဝင်သော MLC အစည်းအဝေးအပြီးတွင် ပြောသည်။

ထိုအစည်းအဝေးကို မြန်မာနိုင်ငံ သင်္ဘောသားများ လွတ်လပ်သော အဖွဲ့ချုပ် (Independent Federation of Myanmar Seafarers, IFOMS) နှင့် ITF တို့ပူးတွဲ ကျင်းပခြင်းဖြစ်ပြီး နိုင်ငံတကာ အလုပ်သမားအဖွဲ့ (International Labour Organization, ILO) က ကူညီပံ့ပိုးခဲ့ပါသည်။

၎င်းသည် IFOMS အမှုဆောင် ဘုတ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော သင်္ဘောသားများ၊ သင်္ဘောသားစေလွှတ်ရေး အေးဂျင့်များနှင့် ရေကြောင်းအုပ်ချုပ်ရေးဌာနမှ ကိုယ်စားလှယ်များအား သဘောတူညီချက် အကောင်အထည် ဖော်ရန်အတွက် အကြောင်းအရာများနှင့် လုပ်ငန်းစဉ်များကို ရင်းနှီးစေရန် အားထုတ်ခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ နာယကနှင့် ပူးတွဲတည်ထောင်သူ ဦးတင်ဦးသည် ထိုအခမ်းအနားကို တက်ရောက်ချီးမြှင့်ခဲ့ကာ၊ အစိုးရသစ်၏ ပထမဆုံး အတည်ပြုပြောကြားခဲ့သော နိုင်ငံတကာဥပဒေကြီးများအနက် တစ်ခုဖြစ်သော MLC အပေါ် အစိုးရသစ်၏ စိတ်ဝင်စားမှုကို ခိုင်မာစေခဲ့ပါသည်။

သင်္ဘောသားများ စုဆောင်းခြင်းနှင့် နေရာချခြင်း ဝန်ဆောင်မှုများအပေါ် လုပ်ထုံးလုပ်နည်းများနှင့် သဘောတူညီချက်အရ သင်္ဘောသားများ၏ အခွင့်အရေးများကို ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ချက်များကို အထူးအလေးပေးခဲ့ကြပါသည်။ ဆွေးနွေးမှုမှာ အနှစ်သာရရှိသလို၊ MLC ကို ပြည့်ဝ ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် သုံးဦးသုံးဖလှယ် ဖွဲ့စည်းပုံများ ဖော်ဆောင်ရန် လိုအပ်ပုံကို ပါဝင်သူအားလုံးက အသိအမှတ်ပြုကြပါသည်။

IFOMS အဖွဲ့သည် သမဂ္ဂအဖွဲ့ဝင်အားလုံးက MLC ၏ ပေးအပ်ချက်များကို ကောင်းစွာသိရှိနားလည်ကြောင်း သေချာစေလိုပါသည်။ ယခုအထိဆိုလျှင် သင်္ဘောသားများအတွက် MLC ဆိုင်ရာ ITF ၏ လမ်းညွှန်ကို သူတို့အနေနှင့် မြန်မာဘာသာပြန် ထုတ်ဝေထားရာ IFOMS ဝက်ဘ်ဆိုက် **www.ifoms.org**မှ ရရှိနိုင်ပါသည်။ ■



သင်္ဘောစီမံခန့်ခွဲမှုအဖွဲ့၏ သင်္ဘောသားများအပေါ် မတရားမှုကို IFOMS က အဆုံးသတ်ခဲ့ခြင်း

ဘိုဆင် မင်းသိန်းသည် ပနားမားအလံ လွှင့်ထူထားသော Chembulk Westport သင်္ဘောတွင် တာဝန်ထမ်းဆောင်နေသည်။ သူသည် 2016 ခုနှစ် ဇန်နဝါရီ 26 ရက်၌ ရေသွင်းရေထုတ်ကန်တစ်ခုတွင် သံချေးခေါက်နေစဉ် စင်ပြိုကျပြီး သူ့လက်ကောက်ဝတ် ကျိုးသွားသည်။

သူ့အား ဂျပန်နိုင်ငံ ယူရာရှိ ဒေသခံဆေးခန်းသို့ ချက်ချင်းပို့ခဲ့ပြီး ဖေဖော်ဝါရီလ 4 ရက်တွင် အာရီဒါစီးတီးဆေးရုံသို့ တက်ရောက်ကာ ချက်ချင်းပင် ခွဲစိတ်ကုသမှု ခံယူခဲ့သည်။ ဖေဖော်ဝါရီလ 17 ရက်တွင် ဆေးရုံဆင်းပြီးနောက် ကိုမင်းသည် ရန်ကုန်သို့ ပြန်သွားသည်။ ရန်ကုန်ရှိ SSC ဆေးရုံတွင် ဆက်လက်ကုသရန် မတ်လ 3 ရက်နေ့တွင် တက်ရောက်သည်။

ကိုမင်းသိန်းသည် သူ့ဆေးမှတ်တမ်းအားလုံးကို သင်္ဘောစီမံခန့်ခွဲမှု ကုမ္ပဏီ ဖြစ်သော MTM MC-Yangon Ship Management Ltd. ထံ တင်ပြခဲ့သည်။ ဖျားနာမှုအတွက် လစားခွင့် သို့မဟုတ် လစာ သူမရရှိခဲ့သလို သူ့ဒဏ်ရာရမှု အတွက် လျော်ကြေးကို ဂျပန် P&I Club မှ လွှဲပြောင်းပေးပြီးဖြစ်ကြောင်း သူ့ကိုပြောသည်။

ကိုမင်းသိန်းက IFOMs ထံသို့ မတ်လ 31 ရက်နေ့တွင်တိုင်ကြားခဲ့သည်။ ITF ၏ John Wood နှင့် စစ်ဆေးရေးမှူး ဦးရွှေထွန်းအောင်တို့က စုံစမ်း စစ်ဆေးခဲ့ပါသည်။ သူတို့က MTM သည် ဂျပန်နိုင်ငံ သင်္ဘောသားများ သမဂ္ဂ (Japanese Seafarers' Union, JSU) အဖွဲ့ဝင်ကြေးဖြစ်သော တစ်လလျှင် USD40 ကို သင်္ဘောသားများထံမှ နှုတ်ယူခဲ့ကြောင်း၊ သို့သော်လည်း ရေယာဉ်သည် JSU သဘောတူညီချက်အတိုင်း အကျုံးမဝင်ဘဲ သမဂ္ဂကြေးများ လုံးဝမပေးခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။

JSU ကြေးများကို မြန်မာသင်္ဘောသား အားလုံးထံ ပြန်ပေးရန် ITF က တောင်းဆိုခဲ့သည်။ ကိုမင်းသိန်းသည် သူရရှိမည့် လုပ်ခလစာများ၊ ဆေးကု စရိတ်များနှင့် သမဂ္ဂကြေးများကို IFOMS အထွေထွေ အတွင်းရေးမှူး ဦးအောင်ကျော်လင်း ရှေ့မှောက်တွင် လက်ခံရရှိခဲ့ပါသည်။ သင်္ဘောသားအဖွဲ့အတွက် စုစုပေါင်း USD6,314 ကို ပြန်လည်ရရှိခဲ့ပါသည်။

IFOMS ၏ 2016 ခုနှစ် အောင်မြင်မှုများ
(စက်တင်ဘာလ 30 ရက်အထိ)

စုစုပေါင်း အမှုများ	65 – 22 ဆောင်ရွက်ဆဲ
မရရှိသော လုပ်ခလစာများ ပြန်လည်ရရှိမှု	USD495,826
ဖြေရှင်းခဲ့သော အမှုအမျိုးအစားများ-	
သေဆုံးမှု	3
ထိခိုက်ဒဏ်ရာရမှု	5
လုပ်ခလစာ၊ အိမ်ပြန်ပို့မှု နှင့် ပွဲစား အခကြေးငွေ	29

အယ်လ်ဂျီးရီးယား ဆိပ်ကမ်းများမှ သင်္ဘောသားများကို ပင်လယ်ရေကြောင်း သမဂ္ဂများက အကူအညီပေးခြင်း

ITF နှင့် ချိတ်ဆက်ထားသော အယ်လ်ဂျီးရီးယား ပို့ဆောင်ရေးနှင့် သင်္ဘောကျင်း လုပ်သားများ အဖွဲ့ချုပ် (UGTA) သည် အယ်လ်ဂျီးရီးယား ဆိပ်ကမ်းများ၌ အခက်အခဲကြုံရသော သင်္ဘောသားများကို ကူညီပံ့ပိုးရန် ပိုမိုတက်ကြွစွာ ဆောင်ရွက်လာပါသည်။ ၎င်းလုပ်ဆောင်မှုကို ကြီးကြပ်ကွပ်ကဲသည့် မကြာသေးမီက ခန့်အပ်ထားသော ITF ၏ အဆက်အသွယ်များဖြစ်သည့် အယ်လ်ဂျီရာစ်မှ Berrama Seddik နှင့် အိုရန်မှ Meliani Abdellah တို့က နမူနာနှစ်ခု ပြောပြထားပါသည်

UGTA အကြောင်း အသေးစိတ်ကို www.ugta.dz နှင့် အီဂျစ်လူမျိုး သင်္ဘောသားများ သမဂ္ဂအကြောင်းကို www.egsunion.com တွင် ကြည့်ရှုပါ။

ဆိုင်းငံ့နေသော EOS သင်္ဘောသားအဖွဲ့ ပြည်တော်ပြန်ခြင်း

သယ်ယူပို့ဆောင်ရေး လုပ်သားများ၏ အမျိုးသားအဖွဲ့ချုပ် (National Federation of Transport Workers, NTF) က EOS သင်္ဘောသားအဖွဲ့ထံမှ အကူအညီတောင်းသော ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိခဲ့သည်။

အီဂျစ်သင်္ဘောသား ရှစ်ဦးနှင့် အိန္ဒိယသင်္ဘောသား ခြောက်ဦးသည် မာဒီရာ အလံလွှင့်ထူထားသော ရေယာဉ်ပေါ်၌ လခ၊ ရိက္ခာ၊ စွမ်းအင် သုံးစွဲစရာများ မရှိဘဲ ဥပဒေကြောင်းအရ အမှုတစ်ခုဖြစ်ရင်း ဓါးစာခံဖြစ်နေသည်။ EOS ကို Djen Djen ဆိပ်ကမ်းတွင် ကာကွယ်သည့်သဘော ဖမ်းဆီးထားရန် တရားရုံးက အမိန့်ထုတ်ထားသည်။ အကြောင်းမှာ ကုန်ပစ္စည်းပိုင်ရှင်က ဘိလပ်မြေဝန်များမှာ ပျက်စီးနေကြောင်း ပြောဆိုသောကြောင့် ဖြစ်သည်။

NTF သည် သင်္ဘောသားအဖွဲ့ကို ညီညွတ်မှုနှင့် ပံ့ပိုးမှု ပေးရန် သင်္ဘောကျင်း လုပ်သားများ အဖွဲ့ချုပ်နှင့် နီးကပ်စွာ ဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်တို့သည် ရေယာဉ်အား ရေ၊ အစားအသောက်နှင့် အခြားအခြေခံ ကုန်စည်များဖြင့် 24 နာရီအတွင်း ဖြည့်ဆည်းပေးခဲ့သည်။ ဒီဇယ်ဆီ ပေးပို့ရန် အချိန်အနည်းငယ် ပိုကြာခဲ့ပါသည်။

သင်္ဘောပိုင်ရှင်က သင်္ဘောသားအဖွဲ့အတွက် တာဝန်ရှောင်လွှဲခဲ့ပြီး ဥပဒေရေးရာ ဆောင်ရွက်မှုများမှာ ကြာမြင့်ရှုပ်ထွေးခဲ့ပါသည်။ သို့သော် ITF နှင့် အီဂျစ်သင်္ဘောသား သမဂ္ဂတို့နှင့်အတူ ကျွန်ုပ်တို့၏ ရှည်ကြာသောလှုပ်ရှားမှုနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုသည် လူသားနှင့် အရာဝတ္ထုရင်းမြစ် များစွာ ပို့ဆောင်နိုင်ပြီး ကောင်းစွာ အဆုံးသတ်ခဲ့ပါသည်။ သင်္ဘောသားများကို သူတို့ရရန်ရှိသော လုပ်ခလစာ USD152,500 ပေးခဲ့ပြီး ပြည်တော်ပြန်ခဲ့ကာ ရေယာဉ်ကို ပြန်လွှတ်ပေးခဲ့ပါသည်။

Sea Honest သင်္ဘောသားအဖွဲ့ကို အရေးပေါ်ကယ်တင်ခြင်း

ပနားမားအလံ လွှင့်ထူသည့် Sea Honest ကုန်တင်သင်္ဘောသည် သင်္ဘောပေါ်ပါ သင်္ဘောသားအဖွဲ့ 20 ဦးဖြင့် သံကျောက်များ သယ်ဆောင်ကာ မော်ရီတေးနီးယားမှ အီစတန်ဘူလ်သို့ ထွက်ခွါလာသည်။ ၎င်းသည် ပင်လယ်ပြင်နှင့် အယ်လ်ဂျီးရီးယား ကမ်းခြေတစ်လျှောက်၌ စက်ပျက်မှု အကြိမ်ကြိမ် ဖြစ်ခဲ့သည်။ ကပ္ပတိန်အား အရေးပေါ်အကူအညီ SOS တောင်းခံခိုင်းသည်။

ကမ်းရိုးတန်း ပြည်နယ်အာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်း စတင်ကာ ရေယာဉ်ကို အယ်လ်ဂျီရာစ်ဆိပ်ကမ်းသို့ ဆွဲယူပြီး တူရကီသင်္ဘောသား 11 ဦးနှင့် ယူကရိန်း ကိုးဦးကို ကမ်းပေါ်တင်ခဲ့သည်။ သင်္ဘောသားများကတော့ သူတို့အဖြစ်ဆိုးမှ လွတ်ပြီဟု ထင်ကြသည်။

ကံဆိုးချင်တော့ မလွတ်ပြန်သေးပါ။ သင်္ဘောတွင် ရိက္ခာနှင့် ဒီဇယ်ဆီမရှိသလို သင်္ဘောသားအဖွဲ့မှာ လခမရသေးပေ။ ITF စစ်ဆေးရေးမှူး Mohammed Arrachedi က Algiers ရှိ ITF အဆက်အသွယ်ထံ တပ်လှန့်ခဲ့ပြီး ထိုသူက စိတ်ပျက်လက်လျှော့နေသော သင်္ဘောသားများကို တွေ့ဆုံရန်နှင့် သူတို့လိုအပ်ချက်များ အကဲဖြတ်ရန် သင်္ဘောပေါ် တက်သွားသည်။ အယ်လ်ဂျီးရီးယား အာဏာပိုင်များကို ကြားဝင်ဆောင်ရွက်ရန် ကျွန်ုပ်တို့က တောင်းဆိုရာ ယင်းက တူရကီသင်္ဘောပိုင်ရှင်အား ရေယာဉ်ကို ပံ့ပိုးရန်၊ လုပ်ခလစာ ပေးရန်နှင့် သင်္ဘောသားအဖွဲ့ကို အိမ်ပြန်ပို့ပေးရန် တာဝန်ခံအောင် ဖိအားပေးခဲ့ပါသည်။

Tony Sacco အထိမ်းအမှတ် သင်္ဘောသားများစင်တာ

ချာလက်စတန်ဆိပ်ကမ်းနှင့် သင်္ဘောသားများ အစည်းအရုံး ဘုတ်အဖွဲ့ဝင် များနှင့် စေတနာ့ဝန်ထမ်းများက သူတို့၏ သင်္ဘောသားများစင်တာကို 2016 ခုနှစ် မတ်လတွင် ရုတ်တရက်ကွယ်လွန်သွားသော Tony Sacco အား အထိမ်းအမှတ်ပြုထားသည်

Tony Sacco အထိမ်းအမှတ် သင်္ဘောသားများစင်တာသည် လွန်ခဲ့သော 14 နှစ်တာကာလတွင် ချာလက်စတန်ဒေသရှိ ITF စစ်ဆေးရေးမှူးအဖြစ် တာဝန် မထမ်းဆောင်မီက သင်္ဘောသားဖြစ်ခဲ့သော Tony ကို အမှတ်တရ ဖြစ်စေပါသည်။

အောက်တိုဘာလ 12 ရက်နေ့တွင် ကျင်းပသော အထိမ်းအမှတ် အခမ်းအနားကို သဘာပတိအဖြစ် ဆောင်ရွက်သော Fr Len Williams က Tony သည် ITF စစ်ဆေးရေးမှူးအဖြစ် စံနမူနာပြ တာဝန်ထမ်းခဲ့ခြင်းဖြင့် အစည်းအရုံး အဖွဲ့ဝင်များ၏ အသည်းနှလုံးကို ရယူသွားကြောင်း ပြောခဲ့ပါသည်။ အစည်းအရုံးက ၎င်း၏ဆောင်ရွက်မှုများမှာ နိုင်ငံတကာ သင်္ဘောသားများ သမဂ္ဂနှင့် ITF ခေါင်းဆောင်မှုနှင့် ဘဏ္ဍာရေးပံ့ပိုးမှုတို့ကြောင့် ဖြစ်ပြီး ယင်းတို့မှာ Tony ၏ ကြိုးပမ်းမှုများကြောင့် ပေါ်ပေါက်လာခဲ့ပါသည်။

SIU ဥက္ကဋ္ဌနှင့် Tony ၏ဖခင်ဖြစ်သူ Michael Sacco က Tony ၏ ဘဝအကြောင်း ပြောခဲ့ပြီး ထိုစင်တာကို အမည်ပေးမှုသည် သူ့မိသားစုအတွက် အထူးဂုဏ်ယူဖွယ်ဖြစ်ကြောင်း ဆိုပါသည်။

ITF စစ်ဆေးရေးအဖွဲ့ ကြီးကြပ်ရေးမှူး Steve Trowsdale က အခမ်းအနားတွင် ပြောကြားရာ၌ ITF မိသားစု၏ Tony အပေါ် ကျေးဇူးတင်ရှိမှုကို ပြသပြီး သူတို့အတွက် သူ၏တစိုက်မတ်မတ် ကြိုးပမ်းမှု ကျေးဇူးကြွေးက သင်္ဘောသားများစွာအပေါ် တင်ရှိခဲ့ကြောင်း ပြောသည်။ ITF ကို ITF သင်္ဘောသားများကဏ္ဍမှ ဥက္ကဋ္ဌဖြစ်သူ Dave Heindel နှင့် ITF အရှေ့ဘက်ကမ်းခြေ ကြီးကြပ်ရေးမှူး Ricky Esopa တို့ကလည်း ကိုယ်စားပြုခဲ့သည်။

ထိုစင်တာသည် Tony Sacco အထိမ်းအမှတ် ပညာသင်ဆုကိုလည်း ကြေညာခဲ့ကာ 2017 ခုနှစ် နွေဦးရာသီတွင် ဒေသခံ ကောလိပ် ကျောင်းသားများထံ ပေးအပ်မည်ဖြစ်ပါသည်။ ■

အမျိုးသား ပင်လယ်ရေကြောင်း အလုပ်အကိုင်များ အရေးကြီးသည်

ရေပိုင်နက်တွင်း သွားလာမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ ပြည်တွင်း ကူးသန်းရောင်းဝယ်မှုကို ၎င်း၏ နိုင်ငံသားများအတွက် ထိန်းသိမ်းထားခြင်းဖြင့် ကျွမ်းကျင်လုပ်သားများနှင့် ကောင်းမွန်သောအလုပ်များကို ထိန်းထားနိုင်ကာ နိုင်ငံ၏ ပင်လယ်ရေကြောင်း လုပ်ငန်းနယ်ပယ်ကို ရေရှည်တည်တံ့စေနိုင်ပါသည်။ ၎င်းသည် နိုင်ငံပေါင်း 47 နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်သော်လည်း အမြတ်အစွန်းနောက်လိုက်သော သင်္ဘောပိုင်ရှင်များနှင့် လက်ရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဆွေးနွေးပွဲများမှ ခြိမ်းခြောက်မှုများ ကြုံတွေ့နေရပါသည်။ သင်္ဘောသားများ၏ သတင်းလွှာက အနီးကပ်စောင့်ကြည့်နေပါသည်

နိုင်ငံများက သင်္ဘောသား အရည်အချင်းများ လိုအပ်ခြင်း

အစိုးရများသည် သူတို့နိုင်ငံများအတွက် သူတို့၏ အမျိုးသား ပင်လယ်ရေကြောင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အလုပ်အကိုင်များ ကာကွယ်ရန်နှင့် အလုပ်သမား စံသတ်မှတ်ချက်များကို လျှော့ချပစ်သည့် လူမှုဆိုင်ရာ စွန့်ပစ်ခြင်းများ တားဆီးရန် ပိုမိုဆောင်ရွက်နိုင်သလို ပို၍လည်း ဆောင်ရွက်သင့်ပါသည်။ ITF သင်္ဘောသားများ၊ ငါးလုပ်ငန်းများနှင့် ပြည်တွင်းရေကြောင်း သွားလာမှု ဆိုင်ရာ ကဏ္ဍအလိုက် အကြီးတန်းလက်ထောက် Steve Yandell က ရှင်းပြသည်

တိုးတက်လာသော ပင်လယ်ရေကြောင်း လုပ်ငန်းသည် အရေးပါသော စီးပွားရေး ဖွံ့ဖြိုးမှုကို တိုးတက်စေပြီး နိုင်ငံ၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို ဖြည့်ဆည်းပေးကာ ထိုလုပ်ငန်းအတွက် သင်္ဘောသားများမှာ အလွန်ပင် အရေးပါပါသည်။

ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းများက ပိုမိုမြတ်စွန်းရန်အတွက် သူတို့လုပ်ငန်းများတွင် လုပ်ခနည်းပြီး ပျော့ပျောင်းသည့်ဥပဒေများ ရရှိအောင် ဆောင်ရွက်နေချိန်တွင် နိုင်ငံသား သင်္ဘောသားများကိုလည်း လုပ်ခနည်းသော နိုင်ငံများမှ သင်္ဘောသားများဖြင့်၊ အလုပ်အကိုင် အခြေအနေ ပိုမိုညံ့ဖျင်းသော စာချုပ်များသုံးပြီး အစားထိုးလာပါသည်။

ထို့ကြောင့်လည်း အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုများကို နိုင်ငံအစိုးရ မူဝါဒများဖြင့် အကာအကွယ်ပေးရန် ITF နှင့် ၎င်း၏ သမဂ္ဂများက တိုက်ပွဲဝင်နေခြင်း ဖြစ်ပါသည်။ သူတို့သည် အာရုံစိုက်သော အဓိကမျက်နှာစာ သုံးခုမှာ- ပင်လယ်ရေကြောင်း ကျွမ်းကျင်မှုအခြေခံ တိုးမြှင့်ရေး။ ပင်လယ်ပြင် ကုန်စည် ပို့ဆောင်မှု မြန်ဆန်ရေး အပါအဝင် ပင်လယ်ရေကြောင်း လုံခြုံရေးနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး။ ကာကွယ်ရေးနှင့် ပြည်တွင်း လုံခြုံရေး။

ပင်လယ်ပြင်၊ ကမ်းရိုးတန်း သင်္ဘောကုန်တင်ပို့ခြင်းနှင့်၊ ဆိပ်ကမ်း အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှုများ အပါအဝင်ကမ်းခြေမှ ပင်လယ်ရေကြောင်း ဝန်ဆောင်မှုများ၌ ဝန်ဆောင်မှုပေးရေးအတွက် သင်္ဘောသားတို့၏ ကျွမ်းကျင်မှုများကို လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံသည် တန်ဖိုးမြင့် ပင်လယ်ရေကြောင်း ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ၊ သင်္ဘောတည်ဆောက်ခြင်း သို့မဟုတ် အင်ဂျင်နီယာပညာ ဖော်ဆောင်ခြင်းတို့တွင် သူတို့က ကူညီနိုင်ပါသည်။

အာဖရိကရှိ နိုင်ငံများစွာသည် နိုင်ငံပိုင် သင်္ဘောများနှင့် သင်္ဘောသားများကို ထိန်းသိမ်းထားရန် အခက်အခဲရင်ဆိုင်နေရပါသည်။ နိုင်ဂျီးရီးယားနိုင်ငံ၏ ပြည်တွင်း သင်္ဘောကုန်တင်ပို့မှု ကဏ္ဍကို နိုင်ငံခြား သင်္ဘောကုမ္ပဏီများက ကျော်တက်သွားပြီး နိုင်ဂျီးရီးယား သင်္ဘောသားများ အတွက် သိသာသော အလုပ်အကိုင်ဆုံးရှုံးမှုများ ဖြစ်လာရာ၊ အကြောင်းရင်း တစ်ခုမှာ အစိုးရထံ၌ ရေပိုင်နက်တွင်း သွားလာမှု စည်းကမ်းများဖြင့် မကာကွယ်သောကြောင့် ဖြစ်ပါသည်။

အစိုးရများသည် ဒေသခံ ကုမ္ပဏီများက နိုင်ငံတကာ သင်္ဘောပိုင်ရှင်ကြီးများနှင့် ယှဉ်ပြိုင်နိုင်အောင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ပုဂ္ဂလိကကဏ္ဍနှင့်အတူ ဆောင်ရွက်နိုင်ပါသည်။ နိုင်ဂျီးရီးယားတွင် အဆိုပါ ပံ့ပိုးမှုကြောင့် အစိုင်အခဲ သတ္တုများ၊ ငါးနှင့် ပင်လယ်ထွက်ကုန်များကို ပြည်ပတင်ပို့နိုင်ရန် ပိုမိုအခွင့်အလမ်းများ သိသာစွာ ရလာနိုင်ပါသည်။

ဩစတြေးလျနိုင်ငံတွင် နိုင်ငံပိုင် သင်္ဘောများ ရေရှည်ကျဆင်းလာမှုကို ရပ်တန့်ရန် ဩစတြေးလျ ပင်လယ်ရေကြောင်း သမဂ္ဂနှင့် အခြားအဖွဲ့များ၏ ရှည်ကြာသောလှုပ်ရှားမှုသည် 2012 ခုနှစ်တွင် အောင်မြင်မှု ရခဲ့ပါသည်။ ပြည်တွင်း သင်္ဘောလုပ်ငန်းကို ထိန်းကျောင်းရန်၊ ဩစတြေးလျအလံ လွှင့်ထူသော သင်္ဘောများကို ပံ့ပိုးရန်၊ ဩစတြေးလျ အထွေထွေလိုင်စင် သင်္ဘောများကို သင်္ဘောမှတ်ပုံတင်နိုင်ငံ စနစ်အရ အခြားသင်္ဘောများထက် ဦးစားပေးရန်နှင့် သင်တန်းလေ့ကျင့်ပေးရန် ဥပဒေများ ပြဋ္ဌာန်းဖို့ လေဘာပါတီ အစိုးရက သဘောတူခဲ့သည်။ မမျှော်လင့်ပဲ 2013 ခုနှစ်တွင် တင်းမာသော အစိုးရသစ် တက်လာပြီးနောက် သမဂ္ဂသည် အဆိုပါရလဒ်များကို ကာကွယ်ရန် ဖိအားပေးခံရသည့်တိုင် မကြာသေးမီက ဥပဒေကြောင်းအရ အနိုင်ရရှိထားပါသည်။ (စာမျက်နှာ 8 တွင်ကြည့်ပါ)။

နော်ဝေးနိုင်ငံတွင် ပင်လယ်ရေကြောင်း ကျွမ်းကျင်မှု တိုးမြှင့်ရန် သမဂ္ဂများနှင့် သင်္ဘောပိုင်ရှင်များ၏ ဆောင်ရွက်ချက်ကြောင့် နော်ဝေး ပင်လယ်ရေကြောင်းဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်ရေး ဖောင်ဒေးရှင်းကို 2003 ခုနှစ်တွင် ပေါ်ပေါက်လာခဲ့ပါသည်။ ပါဝင်ဆောင်ရွက်သော ကုမ္ပဏီများကပေးသော အခကြေးငွေကိုသုံးပြီး နော်ဝေးသင်္ဘောသားများကို သင်တန်းပေးရန်နှင့် စုဆောင်းရန် ပိုမိုဆောင်ရွက်လာနိုင်ပါသည်။

အမေရိကန်နိုင်ငံတွင် ဂျုန်းစ်အက်ဥပဒေ (အောက်ပါအကွက်တွင် ကြည့်ပါ) ဖြင့် ကာကွယ်ထားသော်လည်း ယင်းကိုနိုင်ငံရေးသမားများက အမြဲတမ်း တိုက်ခိုက်လျက် ရှိပါသည်။ အမေရိကန် သင်္ဘောသား သမဂ္ဂများသည် ထိုကိစ္စကို ခိုင်မာပြီး ပင်ကိုယ် လုံလောက်မှုရှိသော ပြည်တွင်းလုပ်ငန်းနယ်ပယ် ဖြစ်စေရန်အတွက် ပိုမိုကျယ်ပြန့်သော ပင်လယ်ရေကြောင်း လုပ်ငန်းနယ်ပယ်နှင့်အတူ ဆောင်ရွက်ပါသည်။

သမဂ္ဂများသည် သဘောတူထားသော နိုင်ငံလုံးဆိုင်ရာ လစာနှင့် အခြေအနေများနှင့် ကမ်းရိုးတန်းသင်္ဘောလုပ်ငန်းကို ထိရောက်စွာ ထိန်းကျောင်းမှုတို့ကို ထိန်းသိမ်းနိုင်အောင် ခက်ခဲစွာတိုက်ပွဲဝင်နေပါသည်။ ဤသည်မှာ သင်္ဘောသားများကို ကာကွယ်ရန်နှင့် သင်္ဘောပိုင်ရှင်များက ညံ့ဖျင်းသော အလုပ်အကိုင်ကျင့်ထုံးများ ကျင့်သုံးပြီး ကျယ်ပြန့်သော သက်ရောက်မှုများကို ဂရုမစိုက်ဘဲ အောက်ဆုံးအဆင့် ရောက်မသွားစေရန် အထူးအရေး ပါပါသည်။

ကမ္ဘာ့ဒေသ အသီးသီးမှ ရေပိုင်နက်တွင်း သွားလာမှုသည် အခြေခံအားဖြင့် ကွဲပြားသောပုံစံရှိကြောင်း အိန္ဒိယသမဂ္ဂ NUSI မှ အထွေထွေ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူး ဖြစ်သော Abdulgani Serang က ရှင်းပြပါသည်။ ကုန်ကျစရိတ်မြင့်မားပြီး လခလည်းများသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၎င်းသည် နိုင်ငံ၏ ပင်လယ်ရေကြောင်း စီးပွားရေးကို အားဖြည့်မည့် ပင်လယ်ရေကြောင်း လုပ်သားအင်အားကို ထိန်းသိမ်းရန် တစ်ခုတည်းသော ဖြစ်နိုင်ခြေဖြစ်ပါမည်။ အဆိုပါ အခြေအနေများတွင် ထိုအလုပ်အကိုင်များကို ပြည်တွင်း သင်္ဘောသားများအတွက် ကာကွယ်ပေးရန် အထူးလိုအပ်ပါသည်။

သို့သော် အိန္ဒိယ သို့မဟုတ် ဖိလစ်ပိုင်ကဲ့သို့ အခြားနိုင်ငံများ၌မူ သင်္ဘောသားများ၏ ပိုမိုနစ်သက်မှုမှာ ကောင်းမွန်သော အခြေအနေများနှင့် လစာဖြစ်ရာ နိုင်ငံတကာ သင်္ဘောလုပ်ငန်းတွင် လုပ်ကိုင်လိုခြင်းကို ပုံမှန်အားဖြင့် ဆိုလိုခြင်းဖြစ်သည်။ ထိုသူတို့အတွက် အမျိုးသားအလံလွှင့်ထူသော ရေယာဉ်များသည် စီးပွားရေး၏ မရှိမဖြစ် အစိတ်အပိုင်း ဖြစ်နေသည့်တိုင် ပိုကောင်းသော အခြားရွေးချယ်စရာများ ရှိပါက ပထမဦးစားပေး မဟုတ်နိုင်တော့ပါ။ ထိုအခါ သမဂ္ဂများသည် ကောင်းမွန်သော စည်းမျဉ်း စည်းကမ်းများအတွက် ထက်မြက်သောဥပဒေရှိရေးကို အာရုံစိုက်ရပါမည်။ ■

အမေရိကန်နိုင်ငံရှိ ဂျုန်းစ် အက်ဥပဒေ (The Jones Act)

ဂျုန်းစ် အက်ဥပဒေသည် အမေရိကန် ပြည်ထောင်စုအတွင်း ကမ်းရိုးတန်း ကုန်သွယ်ရေးကို ထိန်းချုပ်သော ဖက်ဒရယ် ဥပဒေပြဋ္ဌာန်းချက် ဖြစ်ပြီး ထိုကုန်သွယ်မှုတွင် မည်သည့်သင်္ဘောများက တရားဝင် ပါဝင်နိုင်ပြီး ၎င်းတို့ ဆောင်ရွက်ရမည့် ဥပဒေများကို အဆုံးအဖြတ်ပေးပါသည်။ ယေဘုယျအားဖြင့် ၎င်းသည် ပြည်ပတွင် တည်ဆောက်သော သို့မဟုတ် ပြည်ပအလံ လွှင့်ထူသော ရေယာဉ်များကို အမေရိကန်ပြည်ထောင်စု အတွင်း ကမ်းရိုးတန်း ကုန်သွယ်ရေး၌ ပတ်သက်မှုမှ တားဆီးပါသည်။

ဘရာဇီးနိုင်ငံတွင် လူမှုရေးဆိုင်ရာ စွန့်ပစ်မှု

SINDMAR (Sindicato Nacional dos Oficiais da Marinha Mercante) မှ **Carlos Müller** က ဘရာဇီး အလုပ်သမားများက သူတို့၏ ပြည်တွင်း ပင်လယ်ရေကြောင်း ကူးသန်းရောင်းဝယ်မှု၌ အသေအချာ ပါဝင်မှုရှိစေရေး ကြိုးပမ်းမှုကို ဖော်ပြထားသည်

ဘရာဇီးနိုင်ငံ၏ အနာဂတ် ပင်လယ်ရေကြောင်း လုပ်ငန်းသည် ပြည်တွင်း ကျွမ်းကျင်လုပ်သားများနှင့် ကောင်းမွန်သော အလုပ်များကို ထိန်းသိမ်းနိုင်ခြင်းနှင့် ထိုလုပ်ငန်းထဲ ဝင်ရောက်လိုသော လူငယ်များအတွက် ပင်လယ်ရေကြောင်း ပညာသင်ကြားပေးခြင်းတို့ပေါ်တွင် မူတည်ပါသည်။

SINDMAR နှင့် CONTTMAF သမဂ္ဂ အဖွဲ့ချုပ်၏ အခြား အဖွဲ့ဝင်များထံမှ အဆိုပါ အကြောင်းပြချက်များကို ထောက်ခံပြောကြားရင်း ဘရာဇီး ရေပိုင်နက် အတွင်း အလုပ်ခန့်ထားမည့် ဘရာဇီး သင်္ဘောသားဦးရေ အတိုင်းအတာတစ်ခုကို သတ်မှတ်ဖော်ပြသော ဥပဒေများ ပေါ်ထွက်လာပါသည်။

သို့သော် ရေပိုင်နက်တွင်း သွားလာမှုနှင့် ကမ်းလွန်အလုပ်များကို ပြည်တွင်း လုပ်သားများအတွက် ထိန်းသိမ်းထားခြင်းမှာ သင်္ဘောပိုင်ရှင်များနှင့် သူတို့၏ မိတ်ဖက်များက ဆက်လက်ခြိမ်းခြောက်နေပါသည်။ ကမ္ဘာ့သင်္ဘောလုပ်ငန်းကို လွှမ်းမိုးထားသော သင်္ဘောလိုင်းကြီး အနည်းငယ်က ဘရာဇီးနိုင်ငံသားများ လက်ခံနိုင်သည့် အခြေအနေအောက် လျော့နည်းပြီး သင်္ဘောသားများ ပိုမိုခေါ်ယူလိုပါသည်။

ဘရာဇီးနိုင်ငံတွင် သင်္ဘောသား ခန့်အပ်သူ အလုပ်ရှင်အများစုမှာ နိုင်ငံထဲ၌ ကိုယ်စားလှယ်များ သို့မဟုတ် လက်အောက်ခံ ကုမ္ပဏီများရှိသော နိုင်ငံတကာ သင်္ဘောကုမ္ပဏီများ ဖြစ်ပါသည်။ Petrobras ကုမ္ပဏီ၏ ပို့ဆောင်ရေးလုပ်ငန်းခွဲဖြစ်သော Transpetro သည် ဘရာဇီးပိုင်သော ဘရာဇီးအလံလွှင့်ထူသည့် နောက်ဆုံးကုမ္ပဏီကြီး ဖြစ်ရာ ၎င်းမှာ ခြွင်းချက် ရှိပါသည်။

Jeff Engels	ကြီးကြပ်ရေးမှူး	အမေရိကန်ပြည်ထောင်စု	ဆီယက်တယ် – တာကိုမာ	+1 360 379 4038	+1 206 331 2134	engels_jeff@itf.org.uk
John Metcalfe	ဆက်သွယ်ရန်	အမေရိကန်ပြည်ထောင်စု	ပေါ့လင်း၊ မိန်း – ဘော်စတွန်	+1 207 785 4531	+1 207 691 5253	metcalfe_john@itf.org.uk
Martin D. Larson	စစ်ဆေးရေးမှူး	အမေရိကန်ပြည်ထောင်စု	ပေါ့လင်း		+1 503 347 7775	larson_martin@itf.org.uk
Michael Baker	ဆက်သွယ်ရန်	အမေရိကန်ပြည်ထောင်စု	ကလိဗ်လင်း	+1 216 781 7816	+1 440 667 5031	baker_michael@itf.org.uk
Shwe Tun Aung	စစ်ဆေးရေးမှူး	အမေရိကန်ပြည်ထောင်စု	ဟူစတန်	+1 713 659 5152	+1 713 447 0438	aung_shwe@itf.org.uk
Stefan Mueller-Dombois	စစ်ဆေးရေးမှူး	အမေရိကန်ပြည်ထောင်စု	လော့စ်အိန်ဂျလိစ် - ကာလီဖိုးနီးယားတောင်ပိုင်း	+1 562 493 8714	+1 562 673 9786	mueller_stefan@itf.org.uk
Tony Sasso	စစ်ဆေးရေးမှူး	အမေရိကန်ပြည်ထောင်စု	ပေ့ါ ကာနာဗာရယ	+1 321 784 0686	+1 321 258 8217	sasso_tony@itf.org.uk

လုပ်ငန်းနယ်ပယ် အရေးယူဆောင်ရွက်မှုကို စဉ်းစားနေပါသလား။ ဒါကိုအရင်ဖတ်ပါ။

ITF သည် သင်္ဘောမှတ်ပုံတင်နိုင်ငံ စနစ်ကျင့်သုံးသော သင်္ဘောများတွင် တာဝန်ထမ်းဆောင်သော သင်္ဘောသားများအား မျှတသော လုပ်ခလစာနှင့် သင့်လျော်သော စုပေါင်းသဘောတူစာချုပ် အကျုံးဝင်မှုတို့ ရရှိအောင် ကူညီရန် ကတိကဝတ်ပြု ဆောင်ရွက်ပါသည်။

တစ်ခါတစ်ရံတွင် သင်္ဘောသားများက ဒေသတရားရုံးများ၌ တရားစွဲဆိုမှုကို ဆောင်ရွက်ရပါသည်။ တစ်ခါတစ်ရံတွင်လည်း သင်္ဘောအား သပိတ်မှောက်ခြင်းကို ဆောင်ရွက်ရ နိုင်သည်။ မတူညီသောဒေသများအတွက် မတူညီသော ဆောင်ရွက်မှုများက မှန်ကန်နေပါသည်။ နိုင်ငံတစ်နိုင်ငံမှ မှန်ကန်သော အရေးယူဆောင်ရွက်မှုသည် နောက်တစ်နိုင်ငံ၌ လုံးလုံးမှားယွင်းနေနိုင်ပါ၏။

လမ်းညွှန်မှုရရှိရန် **ITF** ၏ ဒေသကိုယ်စားလှယ်ထံ ဆက်သွယ်ပါ။ ဤသတင်းလွှာ၏ အလယ်ဗဟိုတွင် ဆက်သွယ်ရန် အီးမေးလ် လိပ်စာများနှင့် ဖုန်းနံပါတ်များကို တွေ့နိုင်ပါသည်။ သင်တစ်ခုခု မဆောင်ရွက်မီတွင် ဒေသခံဥပဒေရေးရာ အကြံဉာဏ်ကိုလည်း ရယူသင့်ပါသည်။

အချို့နိုင်ငံများတွင် သင်ကသပိတ်မှောက် ဆောင်ရွက်ပါက ဥပဒေသည် သင်နှင့် သင့်သင်္ဘောသား အဖွဲ့ဘက်မှ မရှိတတ်ဘဲ ထိုအခြေအနေတွင် ဒေသခံ ITF ကိုယ်စားလှယ်က သင့်အားရှင်းပြပါလိမ့်မည်။

နောက်ထပ်နိုင်ငံများစွာတွင် အငြင်းပွားမှုအတွက် အနိုင်ရရန်မှာ သပိတ်မှောက်ခြင်း ဖြစ်ပါသည်။ ထပ်မံသတိပေးလိုသည်မှာ ဤသည်မှာလည်း သင်ရရှိသော ဒေသဆိုင်ရာ အကြံဉာဏ်ပေါ် မူတည်နေပါသည်။ သင့်သင်္ဘောသည် ဆိပ်ကမ်းတွင်ရှိနေပြီး ပင်လယ်ပြင်တွင် ရှိမနေသမျှ နိုင်ငံများစွာ၌ သင့်တွင်တရားဝင် ဆန္ဒပြခွင့်ရှိသည်။

မည်သည့်ဆန္ဒပြမှုတွင်မဆို စည်းကမ်းရှိရန်၊ ငြိမ်းချမ်းရန်နှင့် စည်းလုံးရန် လိုအပ်ကြောင်း သတိပြုရန် အရေးကြီးသည်။ ယင်းအပြင် နိုင်ငံများစွာတွင် ဥပဒေ သို့မဟုတ် အခြေခံဥပဒေအရ အခြေခံ လူ့အခွင့်အရေးရပိုင်ခွင့် တစ်ခုအဖြစ် ဆန္ဒပြခွင့်ရှိသည်ကို သတိရပါ။

သင်မည်သို့ပြုလုပ်မည်ဖြစ်စေ မပြုလုပ်မီတွင် ဒေသဆိုင်ရာ **ITF** ကိုယ်စား လှယ်များအား ပြောရန် မမေ့ပါနှင့်။ အတူလုပ်လုပ်ခြင်းဖြင့် တရားမျှတမှုနှင့် အခြေခံအခွင့်အရေးများအတွက် တိုက်ပွဲကို ကျွန်ုပ်တို့ အနိုင်ရနိုင်ပါသည်။

ပင်လယ်ပြင်ဆိုင်ရာ မတော်တဆမှုများ

သင်္ဘောပိုင်ရှင်၊ ဆိပ်ကမ်း၊ ကမ်းရိုးတန်းအခြေအနေ၊ အလံအခြေအနေ သို့မဟုတ် ယင်းတို့နိုင်ငံ ဥပဒေများအရဖြစ်စေ ယင်းတို့၏သင်္ဘောသည် ပင်လယ်ပြင်ဆိုင်ရာ မတော်တဆမှုတစ်ခုတွင် ပါဝင်ပါက သင်္ဘောသားများအား မျှတစွာဆက်ဆံစေရန် နိုင်ငံတကာ လမ်းညွှန်ချက်များ ရှိပါသည်။ အကယ်၍ သင့်တွင်ထိုသို့ဖြစ်ပါက အောက်ပါတို့မှာ သင့်အခွင့်အရေးများ ဖြစ်ပါသည် -

- ရှေ့နေတစ်ဦးအား ခေါ်ရန် အခွင့်အရေးရှိပါသည်။ မည်သည့်မေးခွန်းကိုမဆို မဖြေမီ သို့မဟုတ် မည်သည့်ဖြောင့်ချက်ကိုမဆို မပေးမီတွင် ရှေ့နေတစ်ဦးအား ခေါ်ပါ။ ယင်းတို့သည် အနာဂတ် မည်သည့်ဥပဒေကိစ္စတွင်မဆို သင့်အား ဆန့်ကျင်အသုံးပြုနိုင်သောကြောင့် ဖြစ်ပါသည်။
- ဘာပြောနေသည်ကို သင်နားလည်ရပါမည် - သင်နားမလည်ပါက မေးခွန်းထုတ်ခြင်းကို ရပ်ပေးရန် အာဏာပိုင်များအား ပြောပါ။ အသုံးပြုသော ဘာသာစကားကြောင့် သင့်တွင်အခက်အခဲရှိပါက ဘာသာပြန်တစ်ယောက် တောင်းပါ။
- သင့်အားကူညီရန် သင့်ကုမ္ပဏီတွင် တာဝန်ရှိပါသည် - အကြံဉာဏ်နှင့် ထောက်ကူမှုအတွက် သင့်ကုမ္ပဏီနှင့်/ သို့မဟုတ် သမဂ္ဂသို့ ဆက်သွယ်ပါ။

နောက်ထပ်သတင်းအချက်အလက်အတွက် - **www.itfseafarers.org/your_legal_rights.cfm**

နေရာချထားမှု အေးဂျင့်များ၊ လုပ်ဖော်ကိုင်ဖက် ကုမ္ပဏီများ၊ လူစုဆောင်းမှုနှင့် နေရာချထားရေး ဝန်ဆောင်မှုများ... ကောင်း မကောင်းဘယ်လို သတ်မှတ်မလဲ?

သင်္ဘောသားအားလုံးသည် ထိရောက်မှုရှိပြီး ကောင်းစွာ ထိန်းသိမ်း ထားသော လူစုဆောင်းမှုနှင့် နေရာချထားရေး စနစ်တစ်ခုအား ရပိုင်ခွင့် ရှိသည်။

တောင်းဆိုမှုများသော အရည်အချင်းများ သင့်တွင်ရှိပြီး ခေါင်းခေါက်အရွေးခံ ရလောက်အောင် သင်ကံကောင်းခြင်းမရှိပါက လူအများစုသည် အလုပ်တစ်ခု ရရှိရန်အတွက် အခြားသူများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အကောင်းဆုံး ဆွဲဆောင်မှုကို ပြုလုပ်ရန် လိုအပ်သည်။

သို့ရာတွင် လူစုဆောင်းမှု ပြုလုပ်နေသော အေဂျင်စီကို လေ့လာရန် အချိန်အနည်းငယ်ယူပါ။ သင်္ဘောပိုင်ရှင်များအတွက် ဝန်ဆောင်မှုတစ်ခုအား ပေးချိန်တွင် ယင်းတို့၏ စာအုပ်များတွင် သင်္ဘောသားများအား အမှန်တကယ် စောင့်ရှောက်သော ကောင်းစွာစီမံထားသည့် လုပ်ငန်းများနှင့် တာဝန်ယူမှု မရှိသော အေဂျင်စီများအကြားတွင် ကွာခြားမှု များစွာရှိပါသည်။ သင်ပင်လယ်ပြင်သို့ ရောက်ရှိစဉ်တွင် အမှားအယွင်းဖြစ်ပေါ်ပါက တာဝန်ယူမှုမရှိသော အေးဂျင့်တစ်ဦးဖြင့် လက်မှတ်ထိုးခြင်းသည် စိတ်ပျက်ဖွယ်ရာ နောက်ဆက်တွဲများကို ဖြစ်စေနိုင်ပါသည်။

အေဂျင်စီများသည် မည်သည့်အခြေအနေတွင်မဆို အောက်ပါတို့ကို မပြုလုပ်နိုင်ပါ -

- နာမည်ပျက်စာရင်း ထားရှိခြင်း
- နေရာချထားမှုများ သို့မဟုတ် အခြားမည်သည့် မတရားသော အခကြေးငွေကိုမဆို သင်္ဘောသားများအား တောင်းခံခြင်း
- သင့်လစာငွေများမှ မမျှတသော ဖြတ်တောက်မှုများ ပြုလုပ်ခြင်း

အေဂျင်စီများအားလုံး ပြုလုပ်ရမည်မှာ -

- သင်္ဘောသားများ၏ မှတ်တမ်းကို အချိန်နှင့်တပြေးညီ ထားရှိရန်
- သင့်အလုပ်ခန့်ထားမှု စာချုပ်အားသင်နားလည်ကြောင်း သေချာစေရန်၊ ကုမ္ပဏီမှသတ်မှတ်ထားသော မည်သည့်မူဝါဒမဆို အပါအဝင် သင့်အခွင့်အရေးများနှင့် တာဝန်များအား ရှင်းပြရန်
- သင့်စာချုပ်သည် မည်သည့်သက်ဆိုင်ရာ CBA သို့မဟုတ် စည်းကမ်း ထိန်းသိမ်းမှုနှင့်မဆို ကိုက်ညီကြောင်း စစ်ဆေးရန်
- သင်လက်မှတ်ထိုးထားသော စာချုပ်မိတ္တူတစ်စုံကို သင့်အားပေးရန်
- သင့်အတွက် အလုပ်အတွက် မှန်ကန်သော အရည်အချင်းများရှိကြောင်း စစ်ဆေးရန်
- သင်အလုပ်မည့်ကုမ္ပဏီသည် ငွေကြေးအရ တည်ငြိမ်ပြီး ပင်လယ်ရပ်ခြားတွင် သင့်အား ထားရစ်ခဲ့မည် မဟုတ်ကြောင်း သေချာစေရန်
- အသုံးပြုနိုင်သော တိုင်ကြားမှု လုပ်ငန်းစဉ်တစ်ခု ရှိရန်
- သင်္ဘောပိုင်ရှင်သည် သင့်အတွက် ယင်းတို့၏ တာဝန်များမကျေခြင်း ရှိခဲ့ပါက ငွေကြေးဆိုင်ရာ ဆုံးရှုံးမှုများမှ သင့်အား ကာကွယ်ရန်အတွက် အာမခံအမျိုးအစားအချို့ ထားရှိရန်

အောက်ပါမေးခွန်းများအား သင့်ကိုယ်သင်မေးပါ -

- အေဂျင်စီသည် အမျိုးသားဥပဒေအောက်တွင် လိုင်စင်ရှိသလား။
- ဤကုမ္ပဏီသည် ကောင်းသော ကုမ္ပဏီများနှင့် ITF အဖွဲ့ဝင် သမဂ္ဂများဖြင့် ဆက်ဆံရေးကောင်းများ ရှိသလား။
- သင့်ကိုယ်ရေးအချက်အလက်များအား ဆောင်ရွက်ရာတွင် သူတို့သည် လျှို့ဝှက် ထိန်းသိမ်းမှုပုံစံတစ်ခုဖြင့် ပြုလုပ်သလား။
- သူတို့သည် လေ့ကျင့်မှု၊ အသိအမှတ်ပြုခြင်းနှင့် လုပ်သားစံနှုန်းများနှင့် ပတ်သက်သော သက်ဆိုင်ရာ ပင်လယ်ပြင် စည်းကမ်းထိန်းသိမ်းမှုများ အပါအဝင် လုပ်ငန်းအကြောင်း သိရှိသလား။

နာမည်ပျက်စာရင်းများ ထားရှိခြင်းနှင့် နေရာချထားမှုအတွက် သို့မဟုတ် အခြားမည်သည့် မမျှတသော အခကြေးငွေကိုမဆို ပင်လယ်ပြင် လုပ်သားများထံမှ ကောက်ခံခြင်းများအား ပင်လယ်ပြင် လုပ်သားညီလာခံ၊ ၂၀၀၆ မှ တားမြစ်ထားသည်ကို သတိရပါ။ သင်္ဘောပိုင်ရှင်များအနေဖြင့် ယင်းတို့သည် လိုက်လျောမှုရှိသော ဝန်ဆောင်မှုများအား အသုံးပြုကြောင်း သေချာစေရပါမည်။

သင့်အား ဤပုံစံဖြင့် မမျှမတပြုလုပ်ပါက ညီလာခံအား အတည်ပြုထားသော မည်သည့်နိုင်ငံတွင်မဆို ဆိပ်ကမ်းအခြေအနေ ထိန်းချုပ်မှုသို့ တိုင်ကြားမှုတစ်ခု ပြုလုပ်ပါ သို့မဟုတ် သင့်သမဂ္ဂ သို့မဟုတ် ITF စုံစမ်းစစ်ဆေးသူ တစ်ဦးအား ဆက်သွယ်ပါ။

စိတ်ခံစားဆိုင်ရာ စိတ်ဖိစီးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ပူပန်မှုများသည် အဖြစ်များ သော်လည်း ပြောရန်အလွန် ခက်ခဲတတ်ပါသည်။ အခြေအနေများသည် သင့်အား စိတ်ဓာတ်ကျမှု သို့မဟုတ် သတ်သေမှု အထိပင် ဖြစ်စေနိုင်သည့် အခြေအနေသို့ ရောက်ရှိပါက မည်သည့်နေရာတွင် အကူအညီရှာရမည်ကို သိရန် ခက်ခဲနိုင်ပါသည်။ သင်္ဘောမှ ယင်းသည် အဘယ်ကြောင့် ပင်လယ်ပြင် လုပ်သားများအတွက် ပြဿနာတစ်ခု ဖြစ်သည်နှင့် သင့်အတွက် မည်သည့် ထောက်ကူမှု ရနိုင်သည်ကို စောင့်ကြည့်ပါသည်။

ပို၍ကောင်းသော အင်တာနက်ရရှိမှုသည် သင်္ဘောသားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် အရေးကြီးပါသည်။

သင်္ဘောသားများ၏ စိတ်ကျန်းမာရေးနှင့် ကျန်းမာပျော်ရွှင်မှုကို ကူညီရန် ITF Seafarers' Trust မှ သင်္ဘောပေါ်တွင် အဓိကစီမံကိန်း တစ်ခုအား ပြုလုပ်ခဲ့ရာ ခေါင်းဆောင်ဖြစ်သူ Kimberly Karlshoej ၏ ပြောကြားမှုအရ ပင်လယ်ပြင် ခရီးရှည်များသည် ပင်လယ်ပြင် လုပ်သားများတွင် စိတ်ဖိစီးမှုနှင့် သတ်သေမှုအတွက် အချက်တစ်ချက် ဖြစ်နိုင်ပါသည်။

ပြဿနာ၏ အတိုင်းအတာကို နားလည်ရန် အလွန်ပင် ခက်ခဲပါသည်။ အကြောင်းမှာ သင်္ဘောသားများထံ ရောက်ရှိရန် ခက်ခဲမှုအပြင် စိတ်ဓာတ်ကျခြင်းနှင့် သတ်သေခြင်းများသည် ပြောရန်ခက်ခဲသော အကြောင်းအရာများ ဖြစ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ နှစ်ပေါင်းများစွာအတွင်း စစ်တမ်းများနှင့် လေ့လာမှုများတွင် ရလဒ်များ အလွန်ကွဲပြားစွာ တွေ့ရှိကြရသည်။

ဥပမာအားဖြင့် ၂၀၁၅ ခုနှစ်တွင် သင်္ဘောသားများ၏ ITF စစ်တမ်း တစ်ခုအရ ၁၀၀ တွင် ခြောက်ယောက်နှင့် ပြုလုပ်သူ ၁၂၂ ယောက်တွင် ၄၁ ယောက် (နိုင်ငံအပေါ်မူတည်၍) သည် သတ်သေရန် စဉ်းစားသော လုပ်ဖော်ကိုင်ဖက်များအား သိခဲ့ကြသည်။ ထိုအချိန်တွင် ယင်းနှစ်တွင်ပင်ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ သင်္ဘောစု လုပ်သားအင်အားအသင်း အစီရင်ခံစာအရ ယင်း၏ နမူနာလူဦးရေအနက် အများအပြားက ယင်းတို့၏ စိတ်ကျေနပ်မှုအဆင့်အား မေးသောအခါတွင် 'ကျေနပ်သည်'၊ 'ပျော်ရွှင်သည်' နှင့် 'အလွန်ပျော်ရွှင်သည်' ဟု တွေ့ရသည်။

အချို့စစ်တမ်းများတွင် တင်ပြသော စိတ်ဖိစီးမှုနှင့် စိတ်လှုပ်ရှားမှု မြင့်မားစွာ တွေ့ရပြီး အခြားတွင် ကောင်းမွန်သော အလုံးစုံ ကျန်းမာရေးနှင့် ကျန်းမာပျော်ရွှင်မှုကို တွေ့ရှိရသည်။ ရာထူးအားဖြင့်လည်း သတ်သေမှုများနှင့် စိတ်ဖိစီးမှုတွင် ကွဲပြားသော ရလဒ်များ ရှိပါသည် - တစ်ခုတွင် ၁၉၇၀ ဝန်းကျင်နှောင်းပိုင်းနှင့် ၂၀၀၀ ဝန်းကျင်အစောပိုင်းအတွင်း ဖြစ်ပွားခဲ့သော သင်္ဘောသား သတ်သေမှုများ၏ ၉၀ ရာခိုင်နှုန်းနီးပါးမှာ အဆင့်သတ်မှတ်ချက်များနှင့် စားသောက်ခန်းဝန်ထမ်းများ ဖြစ်ကြသည်။ အခြားရလဒ်များတွင် စိတ်ဖိစီးမှု အမြင့်မားဆုံးမှာ အရာရှိများအကြားတွင် ဖြစ်ကြောင်း တွေ့ရှိရသည်။

ရလဒ်များတွင် ယင်းသို့များစွာကွာခြားမှုသည် Trust အား လေ့လာမှုများ နှင့် စစ်တမ်းများ အများအပြားကို အသေးစိတ်ဆန်းစစ်မှုပြုလုပ်ရန် ဖြစ်စေခဲ့ပြီး ကျွန်ုပ်တို့သည် ပြဿနာ၏ရင်းမြစ်နှင့် နီးစပ်လာနိုင်ပြီလားဟု မြင်စေခဲ့သည်။ ကျွန်ုပ်တို့၏ တွေ့ရှိမှုများသည် ကျွန်ုပ်တို့၏အလုပ်ကို လာမည့်နှစ်များအတွင်း ပုံဖော်လိမ့်မည် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ စိစစ်မှုအရ သင်္ဘောသား သတ်သေမှု အများစုသည် ကြီးမားသော ပင်လယ်ကူးသင်္ဘောများပေါ်တွင် ဖြစ်ပွားခြင်းဖြစ်ပါသည် - အစီရင်ခံမှုတစ်ခုတွင် ယင်းတို့သည် ၁၉၇၆ မှ ၂၀၀၂ အတွင်း မှတ်ပုံတင်ထားသော သင်္ဘောသားများ သတ်သေမှုများ၏ ၈၇ ရာခိုင်နှုန်းအား စာရင်းပြုထားပါသည်။

ယင်းမှာ ပင်လယ်ပြင်တွင် ရက်သတ္တပတ် သို့မဟုတ် လပေါင်းများစွာ သီးခြားလူမှုဝန်းကျင်နှင့် အလုပ်အခြေအနေတွင် နေထိုင်ရခြင်းနှင့် မိသားစုနှင့် ဝေးကွာခြင်းများသည် သင်္ဘောသားများအတွက် စိတ်ကျန်းမာရေးနှင့် ကျန်းမာပျော်ရွှင်မှုအတွက် အဓိက အန္တရာယ် ဖြစ်နိုင်ပါသည်။ ထို့အပြင် ယင်းသည် သင်္ဘောပေါ်တွင် ပို၍ကောင်းသော အင်တာနက် ရရှိမှုနှင့် ဆက်သွယ်နိုင်မှု လိုအပ်ချက်ကို ဖော်ပြနေခြင်းလည်း ဖြစ်ပါသည် - ယင်းအား Trust မှ မိုဘိုင်း ဝိုင်ဖိုင် စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ရည်ရွယ်ချက်မှာ နိုင်ငံခြားသင်္ဘောများ ဆိပ်ကမ်း၌ ရှိနေစဉ်တွင် ဆက်သွယ်နိုင်မှုအား တိုးမြှင့်ရန် ဖြစ်ပါသည်။

ကောင်းသော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအား မြှင့်တင်ရန်နှင့် သင်္ဘောသားများအကြား လူမှုအသိုင်းအဝိုင်း သီးခြားဖြစ်မှု၊ စိတ်ဖိစီးမှုနှင့် သတ်သေမှုအား တိုက်ဖျက်ရန် Trust မှ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာတစ်ခုအား ဖော်ဆောင်လျက်ရှိပါသည်။ ယင်းသည် နောက်ဆုံးပေါ်၊ ဆန်းသစ်မှုရှိပြီး အထောက်အထားရှိသော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး မြှင့်တင်မှုနှင့် ကျန်းမာပျော်ရွှင်ရေး အစီအစဉ်များကိုသာမက တသက်တာ ကျန်းမာသော အမူအကျင့်များနှင့် နေထိုင်မှုပုံစံများအား ပြောင်းလဲရန်နှင့် မြှင့်တင်ရန် ပြင်ဆင်မှုကို အားပေးသော ဝန်ဆောင်မှုပေးရန်လည်း ကျွန်ုပ်တို့အား ကူညီနိုင်ပါမည်။

အဆိုပါ အစီအစဉ်များနှင့် ဝန်ဆောင်မှုများသည် သင်္ဘောသားများအား ပင်လယ်တွင်ရော အိမ်တွင်ပါ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအား မြှင့်တင်ရန် ထောက်ကူနိုင်ပါသည်။ ထို့အပြင် ယင်းတို့သည် လူမှုအသိုင်းအဝိုင်း သီးခြားဖြစ်မှု၊ စိတ်ဖိစီးမှုနှင့် သတ်သေမှုများ၏ မကောင်းသော သက်ရောက်မှုနှင့် ဖြစ်ပွားမှုများကို တိုက်ရိုက်လျော့ကျစေနိုင်ပါသည်။ ■

သင်အကူအညီလိုအပ်နိုင်သော ကိစ္စများမှာ

- သတ်သေမှု ကာကွယ်ခြင်းနှင့် သတ်သေလိုစိတ်များအား ဖြေရှင်းခြင်း
- ဒေါသ ထိန်းချုပ်မှု
- အရာဝတ္ထု အလွဲသုံးစားလုပ်မှု
- စိတ်လှုပ်ရှားမှုနှင့် စိတ်ဓာတ်ကျခြင်း
- ဆက်ဆံရေး ပျက်စီးမှု
- လောင်းကစား ပြဿနာ
- ဝမ်းနည်းပူဆွေးမှုအား ဖြေရှင်းခြင်း
- လူမှုရေး သီးခြားဖြစ်ခြင်း
- သင့်ငွေကြေးဆိုင်ရာ ကိစ္စများအား စီမံခြင်း
- အနိုင်ကျင့်ခြင်းနှင့် စော်ကားခြင်းစသည့် လုပ်ငန်းခွင်ကိစ္စများ

'ကျန်းမာပျော်ရွှင်မှုအတွက် ထိပ်တန်းလမ်းညွှန်မှု ၁၀ ခု' အား **Seafarers' Trust** ရှိ စာမျက်နှာ ၂၉ တွင် ကြည့်ပါ

သင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအား စောင့်ရှောက်ခြင်း

ဝန်ထမ်းထောက်ကူမှုပေးသူ Hunterlink National ၏ အမှုဆောင် အရာရှိချုပ် Gavin Kelso က သူ၏အဖွဲ့အစည်းမှ ဩစတြေးလျတလွှားရှိ ဆိပ်ကမ်းများတွင် သင်္ဘောသားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအား မည်သို့ထောက်ပံ့၍ ကူညီနေသည်ကို ရှင်းပြသည်။

သင်သည် စိတ်ခံစားမှုဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုအား ခံစားနေရသော သင်္ဘောသားတစ်ဦး ဖြစ်ပါက လူတစ်ဦးစီအတွက် တစ်ယောက်ချင်းဆွေးနွေးမှုမှတဆင့် သင့်အား ထောက်ပံ့ရန် ပင်လယ်ပြင်ဆိုင်ရာ ဆွေးနွေးသူ ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့ ကျွန်ုပ်တို့တွင် ရှိပါသည်။ အရေးကြီးကိစ္စတစ်ခုအတွက် သင့်လျော်သောအချိန်မရှိဟု သိသောကြောင့် ကျွန်ုပ်တို့သည် သန်းခေါင်ယံခေါ်ဆိုမှုများကို ဖြေဆိုပါသည်။

သင်္ဘောသားများအား သင်တို့၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ကောင်းမွန်မှုကို ထိန်းသိမ်းရန် သို့မဟုတ် ပိုကောင်းစေရန် လေ့ကျင့်မှုများကိုလည်း ကျွန်ုပ်တို့က ပေးပါသည်။ ကျွန်ုပ်တို့တွင် သင့်အား ကူညီရန် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးရင်းမြစ်များ များစွာရှိပြီး ယင်းတို့အနက် အချို့အား ဤစာမျက်နှာများတွင် တွေ့နိုင်ပါသည်။

ပင်လယ်ပြင်တွင် သေဆုံးခြင်း သို့မဟုတ် အခြား ပြင်းထန်သော ဖြစ်ပွားမှုများစသည့် ပင်လယ်ပြင်ဆိုင်ရာ မတော်တဆမှုတစ်ခု ဖြစ်ပေါ်ပါက Hunterlink သည် ကျွန်ုပ်တို့၏ ဆွေးနွေးသူများအား သင့်ထံသို့ စေလွှတ်ခြင်းဖြင့်လည်း ထောက်ပံ့ပါသည်။

ပို၍ လူသိနည်းနိုင်သောအရာမှာ ကျွန်ုပ်တို့၏ Hunterlink Global ကွန်ရက် ဖြစ်ပါသည်။ ယင်းသည် ဩစတြေးလျ ရေပိုင်နက်အတွင်း၌ရှိနေပြီး စိတ်ခံစားမှုပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကိစ္စများခံစားနေရသော နိုင်ငံပေါင်းစုံမှ သင်္ဘောသားများအား ထောက်ပံ့မှုနှင့် ကူညီမှု ပေးပါသည်။

ကျွန်ုပ်တို့သည် ယဉ်ကျေးမှုကွဲပြားခြင်းများအား ကောင်းစွာသတိပြုပြီး တစ်ဦးချင်းစီအား ယဉ်ကျေးမှုကို အလေးထားသောပုံစံဖြင့် ဆက်ဆံပါသည်။ သို့ရာတွင် အပေါ်ယံအားဖြင့် ယဉ်ကျေးမှု ကွဲပြားခြင်းများရှိသော်လည်း နယ်နိမိတ်များ၊ ယဉ်ကျေးမှုများနှင့် နောက်ခံပတ်ဝန်းကျင်များအား ကျော်လွန်၍ ဘုံတူညီမှုအချို့ ရှိပါသည်။

တစ်ကြိမ်လျှင် အိမ်နှင့်ဝေးရာတွင် ရက်သတ္တပတ်ပေါင်းများစွာ မကြာခဏ အလုပ်လုပ်ရသော သင်္ဘောသားများ အားလုံးအတွက် အိမ်ထောင်ဖက်နှင့်မိသားစုအား သတိရခြင်းနှင့် အိမ်လွမ်းခြင်းတို့ကဲ့သို့သော သင်ကြုံတွေ့ရမည့် စိတ်ဖိစီးမှုများအား ကျွန်ုပ်တို့ နားလည်ပါသည်။ ကလေးငယ်များ၏ ဖွံ့ဖြိုးမှုဆိုင်ရာမိုင်တိုင်တစ်ခု - ဥပမာအားဖြင့် ယင်းတို့ ပထမဆုံးလမ်းလျှောက်ချိန် သို့မဟုတ် ကျောင်းစတက်ချိန် တို့အား မတွေ့လိုက်ရခြင်းသည် အလွန်ခက်ခဲပြီး ဝမ်းနည်းဖွယ်ရာ ဖြစ်နိုင်ပါသည်။ သင်ချစ်ခင်သောသူများ စိတ်ညစ်ချိန် သို့မဟုတ် ဖျားနာချိန်တွင် အကူအညီမပေးနိုင်ခြင်း သို့မဟုတ် မိသားစုနာရေးတစ်ခုသို့ မတက်ရောက်နိုင်ခြင်းတို့သည်လည်း သင့်အား စိတ်အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။ ■

သင့်တွင် စိတ်ဓာတ်ကျခြင်း သို့မဟုတ် သတ်သေလိုခြင်းများ ဖြစ်လာပါက လုံခြုံပြီး အခမဲ့ရနိုင်သော အကူအညီ ရင်းမြစ်များ

ဩစတြေးလျတွင် - **Hunterlink** အကူအညီလိုင်း **1800 554 654** သို့ ခေါ်ဆိုပါ။ တစ်နှစ်လျှင် ၃၆၅ ရက်၊ တစ်ပတ်လျှင် ၇ ရက်၊ တစ်ရက်လျှင် ၂၄ နာရီ ဖွင့်ပါသည်။

ယူကေနှင့် အိုင်ယာလန်တွင် - **the Samaritans – 116 123** သို့ခေါ်ပါ။ တစ်နှစ်လျှင် ၃၆၅ ရက်၊ တစ်ပတ်လျှင် ၇ ရက်၊ တစ်ရက်လျှင် ၂၄ နာရီ ဖွင့်ပါသည်။

Befrienders Worldwide – သင်ရောက်ရှိနေသော နိုင်ငံရှိ အကူအညီလိုင်း အသေးစိတ်အား ရှာဖွေရန် **www.befrienders.org** သို့ လာရောက်ပါ။



ကျန်းမာပျော်ရွှင်မှု အက်ပ်အသစ်တွင် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် သတင်းအချက်အလက် ရယူပါ

ယခုအခါတွင် သင့်မိုဘိုင်းကိရိယာဖြင့် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် အကြောင်း နောက်ဆုံးပေါ် သတင်းအချက်အလက်နှင့် လမ်းညွှန်မှုကို အလွယ်တကူရရှိနိုင်ပြီး ယင်းမှာ ITF မှ ဇူလိုင်လတွင် စတင်ခဲ့သော ကျန်းမာပျော်ရွှင်မှု အက်ပ်အသစ်၏ အကျိုးကျေးဇူးဖြစ်ပါသည်။ ITF ကမ္ဘာလုံးဆိုင်ရာ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့် ကျန်းမာပျော်ရွှင်မှု အစီအစဉ် ဆောင်ရွက်သူ Asif Altaf မှ ပို၍ ရှင်းပြပါသည်။

အခမဲ့ အက်ပ်အား Android တွင်ရော iOS တွင်ပါ ရရှိနိုင်ပါသည်။ ယင်းတွင် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်၏ အခြေခံအချက်များ ဖြစ်ကြသည့် ကူးစက်ပုံ၊ ရောဂါလက္ခဏာများ၊ မကူးစက်အောင် ကာကွယ်သည့် နည်းလမ်းများနှင့် ရရှိနိုင်သော ကုသမှုများ ပါဝင်ပါသည်။

ယင်းသည် ရောဂါကြောင့် နာမည်ပျက်မှုကို ရင်ဆိုင်ကြရသည့် လုပ်သားများ၏ ဥပမာများကိုလည်း ဖော်ပြပြီး အိတ်ချ်အိုင်ဗွီပိုးရှိသော လုပ်သားတစ်ယောက်၏ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းရပိုင်ခွင့်များအား ဖော်ပြပါသည်။

ယင်းအပြင် ယုံတမ်းစကား ရှင်းလင်းမှု ၁၂ ခုကလည်း ရောဂါအကြောင်း အချက်အလက်များကို စိတ်ကူးယဉ်အချက်များနှင့် ကွဲပြားစေပါသည်။ ဥပမာ အိတ်ချ်အိုင်ဗွီပိုးရှိသော လူတစ်ယောက်သည် အလုပ်မလုပ်နိုင်တော့ ဟု လူအများက ယုံကြည်ကြပါသည်။ ယင်းသည် မှားယွင်းပြီး မည်သည့်အလုပ် အမျိုးအစားတွင်မဆို အိတ်ချ်အိုင်ဗွီပိုးရှိသူ လူတစ်ဦးသည် အခြားသူများကဲ့သို့ပင် အဆင့်မီကြောင်း အက်ပ်က ရှင်းပြပါသည်။ ဗိုင်းရပ်စ်ပိုးကူးစက်ခံရခြင်းသည် လူတစ်ဦး၏ အခြားသူများကဲ့သို့ အလုပ်လုပ်နိုင်စွမ်းကို မပြောင်းလဲစေပါ။

ITF ပင်လယ်ပြင်ဆိုင်ရာ ဆောင်ရွက်သူ Jacqueline Smith ပြောသည်မှာ - "အခြား သယ်ယူပို့ဆောင်ရေး လုပ်သားများကဲ့သို့ပင် သင်္ဘောသားသင်္ဘောသားများသည်လည်း အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ဖြစ်ပွားနိုင်ချေ များပါသည်။ ပင်လယ်ပြင်၊ ဆိပ်ကမ်း သို့မဟုတ် အိမ် မည်သည့်နေရာတွင်ဖြစ်စေ ရောဂါအကြောင်းကို ပို၍နားလည်စေရန်နှင့် သတင်းအချက်အလက်ကို လျင်မြန်လွယ်ကူစွာ ရှာဖွေနိုင်ရန် ဤအက်ပ်မှ သင့်အား ကူညီနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ သင်ကိုယ်တိုင်နှင့် သင့်မိသားစု လုံခြုံစေရန်အတွက် သင့်အား ကျွန်ုပ်တို့ ကူညီလိုပါသည်။"

အခြား ကျန်းမာပျော်ရွှင်မှု အကြောင်းအရာများကိုလည်း အက်ပ်တွင် အချိန်နှင့်အမျှ ထည့်သွင်းပေးမည် ဖြစ်ပါသည်။ ■

အခမဲ့ ITF ကျန်းမာပျော်ရွှင် အက်ပ်အား www.itfseafarers.org တွင် ဒေါင်းလုပ် ပြုလုပ်ပါ။
ITF သမဂ္ဂများ၏ ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ လှုပ်ရှားမှုများအကြောင်းကို ပို၍ လေ့လာရန်မှာ www.hivprevention2016.org ဖြစ်ပါသည်။

အမှုကိစ္စ လေ့လာခြင်း

ပင်လယ်ပြင်တွင် သေဆုံးမှုဖြစ်ပြီးနောက် လုပ်သားများအား ထောက်ပံ့ခြင်း

Hunterlink Global မှ လတ်တလောတွင် သွားရောက်ခဲ့သော ပြင်းထန်သည့် ဖြစ်ပွားမှု ဥပမာတစ်ခုမှာ ဩစတြေးလျရှိ မြောက်ကွင်းစလန် တွင် ယူကရိန်းနိုင်ငံသား သင်္ဘောသားတစ်ဦး သေဆုံးခြင်း ဖြစ်ပါသည်။

ယင်းသင်္ဘောသားသည် ယူကရိန်းလုပ်သားများ ပါဝင်သော ကြီးမားသော ကုန်တင်သင်္ဘောတစ်စီး၏ လူသိများသော လုပ်သားတစ်ဦး ဖြစ်ပါသည်။ ယင်းလုပ်သားသည် အစေပါယံနလုံးထိခိုက်မှုတစ်ခုကြောင့် သင်္ဘောပေါ်တွင် သေဆုံးခဲ့ခြင်း ဖြစ်ပါသည်။ စိတ်ဖိစီးမှုဖြစ်နေသော လုပ်သားများအား ထောက်ပံ့ရန်အတွက် အကြီးတန်း ဆွေးနွေးသူတစ်ဦးအား **Hunterlink** မှ ချက်ချင်း စေလွှတ်ခဲ့ပါသည်။

နိုင်ငံတကာ ပင်လယ်ပြင်ဆိုင်ရာ လုပ်ငန်းတွင် အလုပ်လုပ်နေကြသော သင်္ဘောသားအများစုသည် သီးခြားဖြစ်ပြီး တက်ကြွမှုမရှိဟု ကျော်ကြားသော ယူကရိန်းနိုင်ငံသား လုပ်သားများအကြောင်းကို သတိထားမိကြမည် ဖြစ်ပါသည်။ ယင်းတို့အား ကျန်းမာ၊ ကြံ့ခိုင်ပြီး ကိုယ့်အားကိုယ်ကိုးသည်ဟု ချီးမွမ်းကြသည်။ သို့ရာတွင် အနီးကပ်လုပ်ဖော်ကိုင်ဖက်တစ်ဦး သေဆုံးခြင်းသည် ကပ္ပတိန်မှ အစ သင်္ဘောပေါ်ရှိ လူတိုင်းအား စိတ်ထိခိုက်မှုဖြစ်နေစေပါသည်။

ယင်းကိစ္စတွင် ကျွန်ုပ်တို့သည် သင်္ဘောပေါ်ရှိ လုပ်သားတိုင်းအား ဝမ်းနည်း ကြေကွဲမှု ဆွေးနွေးခြင်းနှင့် စုံစမ်းမေးမြန်းတို့အပြင် အိမ်နှင့် မိသားစု ဇာတ်လမ်းများအား မျှဝေခြင်းဖြင့် လုပ်သားများ ဆက်သွယ်ခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့သည် လုပ်သားများအား ယင်းတို့၏ ရပိုင်ခွင့်များအကြောင်း အချက်အလက်များကိုလည်း ပေးခဲ့ပါသည်။ ဝန်ထမ်းသည် မည်သည့်နိုင်ငံ သို့မဟုတ် မည်သည့်ရာထူးတွင်ဖြစ်စေ ခေါ်ဆိုနိုင်သော ဆိပ်ကမ်းတစ်ခုတွင် ရှိနေစဉ်တွင် သင်္ဘောသားများ အားလုံးသည် စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုကို အချိန်မဆိုင်းဘဲ ရပိုင်ခွင့်ရှိကြောင်း ရှင်းပြခဲ့ပါသည်။

Hunterlink သည် လုပ်သားများအတွက် ရှေ့ဆက်ပေးမည့် ထောက်ပံ့မှုကိုလည်း ပေးခဲ့ပါသည် - ယင်းသည် စိတ်ဒဏ်ရာရနေသော နိုင်ငံတကာ ပင်လယ်ပြင်ဆိုင်ရာ လုပ်သားများနှင့် အောင်မြင်သော ဆက်သွယ်မှုတစ်ခုဖြစ်ပြီး **Hunterlink** အား အခြားသော အခြေခံ ထောက်ပံ့ရေး ဝန်ဆောင်မှုများမှ ကွဲပြားစေခြင်းလည်း ဖြစ်ပါသည်။

သင်္ဘောမှတ်ပုံတင်နိုင်ငံ စနစ်ကျင့်သုံးသည့် လျှို့ဝှက်လောက

အင်အားကြီးမားသော ကော်ပိုရေးရှင်းများသည် ယင်းတို့၏ ကြွယ်ဝမှုကို ဖုံးကွယ်ရန်အတွက် နိုင်ငံရပ်ခြားရှိ အခွန် သက်သာရာနေရာ အများအပြားအား အသုံးပြုကြသည်ကို ပနားမားစာရွက်စာတမ်း ဖွင့်ချမှုတွင် ဖော်ပြခဲ့ပါသည်။ သို့ရာတွင် လုပ်သား၊ လုံခြုံမှုနှင့် ငွေကြေးဆိုင်ရာ စံနှုန်းများနှင့် စည်းကမ်းထိန်းသိမ်းမှုများကို ရှောင်တိမ်းရန်အတွက် သင်္ဘောပိုင်ရှင်များသည် သင်္ဘောမှတ်ပုံတင်ရာ စိတ်ကြိုက်နိုင်ငံများအား နှစ်ပေါင်းများစွာ အသုံးပြုနေခဲ့ကြသည်။ ယင်းသည် သင်္ဘောသားများအတွက် အမှန်တကယ် အရေးပါသည်ကို စာရေးဆရာသုံးဦးမှ ရှင်းပြပါသည်

သင်္ဘောမှတ်ပုံတင်ရာ စိတ်ကြိုက်နိုင်ငံများအပေါ်တွင် မီးမောင်းထိုးပြခြင်း

လူတဦးချင်းနှင့် လုပ်ငန်းများ အများစုသည် အခွန်ဆောင်ကြသော်လည်း FOC များနှင့် ကော်ပိုရေးရှင်းကြီးများစွာတို့မှာ ယင်းတို့အခွန်ဆောင်ရခြင်းကို ကန့်သတ်နိုင်ရန် နည်းလမ်းတိုင်းကို အသုံးပြုကြကြောင်း သင်္ဘောသားများ၊ ငါးဖမ်းလုပ်ငန်းများနှင့် ကုန်းတွင်း ညွှန်ပြရေးမှ ITF အကြီးတန်း ကဏ္ဍလက်ထောက် Steve Yandell က ပြောကြားသည်။

FOC များသည် ယင်းတို့၏ အနည်းဆုံးသော စည်းကမ်းထိန်းသိမ်းမှုနှင့် အခွန်လျှော့ချမှုများဖြင့် သင်္ဘောပိုင်ရှင်များအား ဆယ်စုနှစ်ပေါင်းများစွာ ဆွဲဆောင်နေခဲ့ကြသည်။

နိုင်ငံများသည် ကုမ္ပဏီကြီးများနှင့် ငွေကြေးထောက်ပံ့သူများအား ဆွဲဆောင်ရန် အခွန်နှုန်းလျှော့ချခြင်းဖြင့် အလွန်အမင်း ယှဉ်ပြိုင်ကြပြီး အချို့မှာမူ ယင်းလုပ်ငန်းများအား ပုံမှန် ငွေကြေးဆိုင်ရာ စည်းကမ်းထိန်းသိမ်းမှု ပုံစံများမှ ကင်းလွတ်စေရန် ပြုလုပ်ပေးကြသည်။ ယူကေတွင် ဗြိတိသျှပင်လယ်ရပ်ခြား ပိုင်နက်များသည် တခါတရံတွင် ယင်းအား ပြုလုပ်ကြပြီး ယူကေသင်္ဘောလောကတွင် Red Ensign Group သင်္ဘောမှတ်ပုံတင်သူများစွာသည် လျော့နည်းသော အခွန်နှင့် စည်းကမ်း ထိန်းသိမ်းမှုများအား ရှာဖွေနေသော သင်္ဘောပိုင်ရှင်များအား ဆွဲဆောင်ကြသည်။

ခန့်မှန်းခြေအားဖြင့် ပင်လယ်ရပ်ခြား ငွေကြေးဆိုင်ရာ ရပိုင်ခွင့်သည် ယူအက်စ်ဒေါ်လာ သန်းထောင်ပေါင်း ၃၂ဂဂဂ ကျော်ရှိပြီး ယင်းပမာဏသည် တိုးတက်လျက်ရှိသည်။ နိုင်ငံတကာ ကုမ္ပဏီအများစုတွင် ပင်လယ်ရပ်ခြားရှိ အခွန်သက်သာရာ နေရာများနှင့် ပူးပေါင်းဆောင်ရွက်ကြပြီး ယင်းတို့၏ ကြွယ်ဝမှုဖြင့် အကောင်းဆုံးသော စာရင်းကိုင်များနှင့် အခွန်အကြံပေးသူများအား အသုံးပြုကာ အပြည်ပြည်ဆိုင်ရာ အခွန်စနစ်တွင် နည်းလမ်းရှာကြသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု သမဂ္ဂမဟာမိတ်အဖွဲ့၏ သုတေသနအရ အနည်းငယ်အံ့အားသင့်စရာမှာ စုပေါင်းကြွယ်ဝမှုသည် နိုင်ငံပေါင်း ၁ဂဂ နှင့် ညီမျှသော ကုမ္ပဏီ ၅ဂ သာရှိခြင်းပင် ဖြစ်သည်။

ကြီးမားသော ကော်ပိုရေးရှင်းကြီးများသည် ငွေကြေးအား အကောက်ခွန် အရာရှိများမသိအောင် ဖုံးကွယ်ရန် သို့မဟုတ် ကုမ္ပဏီများနှင့် နိုင်ငံများအကြား တရားမဝင် ငွေလွှဲပြောင်းရန်အတွက် အပေါ်ယံ ကုမ္ပဏီများအား မကြာခဏ အသုံးပြုကြသည်။ ဤမျှများပြားသော ကော်ပိုရိတ် အခွန်ရှောင်တိမ်းမှုသည် သာမန်လူများ အားထားနေကြရသည့် မရှိမဖြစ်သော အများပြည်သူဝန်ဆောင်မှုများအား ထောက်ပံ့ရန် လိုအပ်သည့်ငွေကြေးအတွက် အစိုးရများ၏ စွမ်းရည်အပေါ်တွင် ကြီးမားသော ရိုက်ခတ်မှုများကို ဖြစ်စေသည်။

နေရာတစ်ခုတွင်ရှိသော ဝင်ငွေ ရရှိနေသည့်လုပ်ငန်းတစ်ခုအား အခြားနိုင်ငံ တစ်ခုမှ နိုင်ငံသားတစ်ဦးက ပိုင်ဆိုင်သောအခါတွင် အခွန်စေ့စပ်ညှိနှိုင်းမှု ကိစ္စများသည် အရေးကြီးသော သတင်းအချက်အလက် ဖလှယ်ခြင်းကို ထိန်းချုပ်သည်။ ယင်းသို့ဖြင့် နိုင်ငံသား၏ အခွန်အရာရှိသည် နိုင်ငံခြား တိုင်းပြည်ရှိ လုပ်ငန်းမှ ရပိုင်ခွင့်များနှင့် ဝင်ငွေများနှင့် သက်ဆိုင်သော အခွန်ဆောင်ရန် တာဝန်များကို စစ်ဆေးနိုင်သည်။ သို့သော်လည်း အခွန်သဘောတူမှုများသည် မဖြစ်မနေလိုအပ်သော အရာများမဟုတ်ဘဲ နိုင်ငံအတော်များများသည် လွတ်လပ်စွာ သတင်းအချက်အလက် ဖလှယ်ခြင်းမပြုရန် ရွေးချယ်ကြသည်။

၂ဂ၁၆ ဧပြီတွင် ပနားမား စာရွက်စာတမ်း ထုတ်ဝေမှုသည် အပြောင်းအလဲအတွက် ဖိအားကို ထည့်သွင်းခဲ့သည်။ ယင်းထုတ်ဝေမှုပြီးနောက် မကြာမီတွင် ဥရောပသမဂ္ဂ၏ စီးပွားရေး အကြီးဆုံးငါးနိုင်ငံဖြစ်ကြသည့် ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ အီတလီနှင့် ယူကေတို့မှ လုပ်ငန်းများနှင့် ကုမ္ပဏီခွဲများ၏ အကျိုးခံစားခွင့်ရှိသော ပိုင်ဆိုင်မှုကို မျှဝေရန် သဘောတူညီမှု အသစ်တစ်ခုအား ကြေငြာခဲ့ကြသည်။ အဓိပ္ပါယ်မှာ အဆိုပါနိုင်ငံများရှိ ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုအစစ်အမှန်အား ကျွန်ုပ်တို့ ပို၍ သိရှိနိုင်တော့မည်ဖြစ်သည်။

သင်္ဘောမှတ်ပုံတင်ရာ စိတ်ကြိုက်နိုင်ငံများစွာသည် လျှို့ဝှက်ကြပြီး စည်းကမ်းထိန်းသိမ်းမှုနှင့် အခွန်ကောက်ခံမှုကို အနည်းဆုံးဖြစ်စေရန်အတွက် ယင်းတို့၏ လုပ်ငန်းရေးရာများကို ပုံစံဆွဲထားကြသည်။ လိုက်ဘေးရီးယားကို ကြည့်ပါ။ ယင်း၏ သင်္ဘောနှင့် ကော်ပိုရိတ်မှတ်ပုံတင်ခြင်းအား လိုက်ဘေးရီးယန်း အပြည်ပြည်ဆိုင်ရာ သင်္ဘောနှင့်ကော်ပိုရိတ် မှတ်ပုံတင်ခြင်း (LISCR) မှ ပြုလုပ်ထားပြီး ယင်းသည် US မှ အလုံးစုံပိုင်ဆိုင်ပြီး လည်ပတ်နေသော ကုမ္ပဏီတစ်ခု ဖြစ်သည်။ ပင်လယ်ရပ်ခြား ကော်ပိုရိတ် ဝန်ဆောင်မှုများတွင် ကမ္ဘာလုံးဆိုင်ရာ ရှေ့ဆောင်လမ်းပြဖြစ်သော LISCR သည် ယင်း၏ ရုံးချုပ်များကို ယူအက်စ်အေရှိ ဗာဂျီးနီးယားတွင် ထားရှိသော်လည်း အခွန်ကိစ္စများအတွက်ကိုမူ ယူအက်စ်ရှိ အခွန်သက်သာရာ နေရာတစ်ခု အဖြစ်ဆောင်ရွက်ရာတွင် နာမည်ကျော်ကြားသော ဒီလာဝဲရီတွင် ပြုလုပ်သည်။

လိုက်ဘေးရီးယား၏ မှတ်ပုံတင်ခြင်းသည် လက်အောက်ခံကုမ္ပဏီများနှင့် ပုဂ္ဂလိက ဖောင်ဒေးရှင်းများအား အလွန်ကန့်သတ်ထားသော ဖွင့်ချမှုဖြင့် တည်ထောင်ခြင်းကို ခွင့်ပြုထားပြီး ယင်း၏ အခွန်စည်းကြပ်မှုစနစ်သည် အခွန်မဆောင်ခြင်း သို့မဟုတ် တိမ်းရှောင်ခြင်းအား ပြင်းထန်စွာ ကန့်သတ်ခြင်းမရှိပေ။ ယင်းအပြင် လိုက်ဘေးရီးယားသည် ၂ဂ၁၄ ခုနှစ်တွင် နိုင်ငံ ၄၇ နိုင်ငံမှ ပြုလုပ်ခဲ့သော ငွေကြေးဆိုင်ရာ အကောင့်သတင်းအချက်အလက်အား အလိုအလျောက် ဖလှယ်ခြင်းအတွက် စံနှုန်းတွင်လည်း ပါဝင်ခြင်း မရှိပေ။

ယင်းသည် သင်္ဘောသားများနှင့် သက်ဆိုင်ပြီး အကြောင်းမှာ Blumenthal ဇာတ်လမ်း (ညာဖက်) တွင် တုန်လှုပ်ဖွယ်ရာ မြင်တွေ့ရသည့်အတိုင်း သင်္ဘောမှတ်ပုံတင်ရာ စိတ်ကြိုက်နိုင်ငံများသည် သင့်စာချုပ်ပါ ငွေပေးချေမှုအား အဆုံးသတ်သွားစေနိုင်သောကြောင့်ပင် ဖြစ်ပါသည်။

ရက်စက်ကြမ်းကြုတ်မှု၏ ရိုက်ခတ်မှုကို လူသန်းပေါင်းများစွာ ခံစားနေရချိန်တွင် အဆိုပါ ကင်းလွတ်နေသော ချမ်းသာကြွယ်ဝမှုများ အပေါ်တွင် မီးမောင်းထိုးပြရန် ပို၍ပင် အရေးကြီးနေပြီ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် FOC စနစ်အား အဆုံးသတ်ပြီး သင်္ဘောပိုင်ရှင်နှင့် သင်္ဘော မှတ်ပုံတင်ရာ နိုင်ငံအကြားတွင် စစ်မှန်သော ဆက်နွယ်မှုတစ်ခုရှိကြောင်း သေချာအောင် ပြုလုပ်ရန် လိုအပ်ပါသည်။

နိုင်ငံအနေဖြင့်လည်း ယင်း၏အလံအောက်တွင် မှတ်ပုံတင်ထားသော သင်္ဘောများအား ကောင်းစွာ ထိန်းချုပ်ပြီး စည်းကမ်းထိန်းသိမ်းရန်လည်း လိုအပ်ပါသည်။ မှန်ကန်သော ပွင့်လင်းမှုနှင့် မြင်သာမှုရှိခြင်းသည် သင်္ဘောပိုင်ရှင်များအား ယင်းတို့၏ဝန်ထမ်းများအပေါ် ပေးရမည့်အခြေခံ ဝတ္တရားများမှ တိမ်းရှောင်မှုအား တိုက်ဖျက်ရန် အကူအညီလည်း ဖြစ်နိုင်ပါသည်။ ■

လုပ်သားများသည် ယင်းတို့အား အလုပ်ခန့်သူများနှင့် တရားရေး တိုက်ပွဲတွင် ရှုံးနိမ့်ကြပါသည်။

ဒိုင်ဇစ် (Die Zeit) သတင်းစာမှ မာ့စ်ဝဒ်မန်း ပြောကြားချက်အရ ဟမ်းဘတ် သင်္ဘောလိုင်းတစ်လိုင်းသည် ဂျာမန်အလုပ်သမား ဥပဒေအပေါ်တွင် လှည့်စားမှုများ ပြုလုပ်နေသောကြောင့် သင်္ဘောသားများစွာသည် ယင်းတို့၏ လုပ်ခလစာများအတွက် တိုက်ပွဲဝင်နေရပါသည်။

ယူကရိန်းနိုင်ငံသား ကပ္ပတိန်ဖြစ်သူ ရိုမန် ဘန့်ဆီကော့ဗ်မှ ထင်ခဲ့သည်မှာ ၂ဂ၁၄ ခုနှစ် ဇန်နဝါရီလတွင် သူ၏ရှေ့၌ရှိခဲ့သော သင်္ဘောဆိုင်ရာ သဘောတူညီမှုသည် အတိတ်က သူပြုလုပ်ခဲ့ဖူး သောအရာများ ကဲ့သို့ပင်ဖြစ်ပြီး လုပ်ခလစာမှာလည်း မှန်ကန်ပုံရပါသည်။

သူထင်ခဲ့သည်မှာ ယင်းတွင်တရား ဝင်လက်မှတ်ထိုးခွင့်ရှိသူ Heinz-Dieter Czech လက်မှတ်ထိုးထားသကဲ့သို့ သူသည် Johann M K Blumenthal သင်္ဘောလိုင်း၏ ဟမ်းဘတ်သင်္ဘော မာသာအား ထပ်မံဦးဆောင်ရလိမ့်မည် ဟု ဖြစ်ပါသည်။ သို့ဖြစ်ရာ သဘောတူညီချက်အတွင်းရှိ ဟမ်းဘတ်သင်္ဘောလိုင်း နေရာတွင် လိုက်ဘေးရီးယားလိပ်စာဖြင့် အခြားကုမ္ပဏီတစ်ခု ပြောင်းလဲသွားသော အချက်က သူ့အား အနှောင့်အယှက်မဖြစ်စေခဲ့ပေ။ သူ လက်မှတ်ထိုးခဲ့သည်။

ဆက်ရန် >

ပနားမား စာရွက်စာတမ်းများ - ၂ဂ၁၆ ဧပြီလတွင် ငွေကြေးဆိုင်ရာနှင့် ဥပဒေဆိုင်ရာ မှတ်တမ်းပေါင်း ၁၁.၅ သန်းကျော် ပေါက်ကြားခဲ့ပြီး လျှို့ဝှက်သော ပင်လယ်ရပ်ခြား ကုမ္ပဏီများအတွက် မှုခင်း၊ ခြစားမှုနှင့် မှားယွင်းလုပ်ကိုင်မှုများအား ခွင့်ပြုထားသော ဖုံးကွယ်ထားသည့် စနစ်တစ်ခုအား ဖော်ပြခဲ့သည်။

ITF ၏ သင်္ဘောမှတ်ပုံတင်ရာ စိတ်ကြိုက်နိုင်ငံများ လှုပ်ရှားမှုအကြောင်းကို www.FOC-campaign.org တွင် ပို၍ ရှာဖွေနိုင်ပါသည်။

သင်္ဘောသားများသည် ယင်းတို့အား အလုပ်ခန့်သောသူများနှင့် တရားရေးစစ်ပွဲတွင် ရှုံးနိမ့်ကြသည် ဆက်ရန်

ယင်းဆုံးဖြတ်ချက်သည် ဥပဒေဆိုင်ရာ ငြင်းခုန်မှုတစ်ခုအား ယနေ့တိုင်အောင် ဖြစ်စေခဲ့သည်။

ပင်လယ်ပြင်တွင် ငါးလကြာပြီးနောက် မကြာမီ ၂၀၁၄ ခုနှစ် ဇူလိုင်တွင် ကပ္ပတိန် ဘန့်ဆီကော့ဇ်အနေဖြင့် မာသာသင်္ဘောသည် ပင်လယ်ပြင်တွင် သွားလာရန် စိတ်မချရကြောင်းနှင့် စင်ကာပူတွင် ဆင်းသက်မှုပြုရန် ကြေငြာရတော့သည်။ သူ၏နောက်ဆုံးငွေပေးချေမှု ဖော်ပြချက်မှာ ယူအက်စ်ဒေါ်လာ ၁၁,၆၈၆.၀၁ ဖြစ်သော်လည်း သူရရှိခဲ့သည်မှာ ယူအက်စ်ဒေါ်လာ ၃,၅၄၀.၈၁ သာဖြစ်သည်။ မာသာသင်္ဘော၏ အရာရှိချုပ်သည်လည်း နာမည်တူကုမ္ပဏီနှင့် အလားတူ သဘောတူညီမှုတစ်ခုအား လက်မှတ်ထိုးခဲ့ပြီး လုပ်ခလစာရရန် အကြွေးတင်ခဲ့သည်။

ရရှိသောငွေအား ရက်သတ္တပတ်ပေါင်းများစွာ ကြိုးစားပြီးနောက် ကပ္ပတိန်မှ ပြောသည်မှာ စွဲချက်များအား သူ့ကိုဆန့်ကျင်၍ပြုလုပ်ခဲ့သောကြောင့် သူ၏ အိမ်အပြန်လေယာဉ်စရိတ်များနှင့် သူ့နေရာကို ဆက်ခံသူ၏ ခရီးသွားစရိတ်အား သူ၏ပေးချေမှုမှ နှုတ်ယူခံခဲ့ရသည်။ သူက သူအပြစ်မရှိကြောင်း ကြေငြာခဲ့ပြီး လုပ်ခလစာများအား တောင်းဆိုခဲ့သည်။ Blumenthal က သူ၏သဘောတူညီချက်တွင် ပါသည့်ကုမ္ပဏီဖြစ်သော ၈၀ ဘရော့ဒ်လမ်း၊ မွန်ရိုဗီးယား၊ လိုက်ဘေးရီးယားရှိ First Class Bulk Shipping Limited နှင့်စကားပြောရန် သူ့အား ပြောခဲ့သည်။

ယင်းလိပ်စာမှာ လိုက်ဘေးရီးယားသင်္ဘောလိုင်း မှတ်ပုံတင်ရုံး၏ ရုံးခွဲရှိသောနေရာဖြစ်သောကြောင့် ယင်းတို့၏ ကုန်တင်သင်္ဘောများအား စျေးသက်သာသော လိုက်ဘေးရီးယားအလံအောက်တွင် ပြေးဆွဲရန် အလိုရှိသော သင်္ဘောလိုင်းများသည် ထိုနေရာတွင် မှတ်ပုံတင်ရသည်။ ယင်းတို့အား လိုက်ဘေးရီးယားတွင် လုပ်ငန်းလုပ်ကိုင်ခြင်းကို ခွင့်ပြုထားခြင်းမရှိသော်လည်း Blumenthal ကိစ္စတွင်မူ ယင်းတို့သည် သင်္ဘောသား အလုပ်ခန့်သူများအဖြစ် ပေါ်ထွက်လာသည်။

ITF စုံစမ်းစစ်ဆေးသူ Ulf Christiansen သည် ၂၀၁၄ နောင်းပိုင်းတွင် မာသာသင်္ဘောအမှုများအား လိုက်ခဲ့ပြီး သူသည် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များတွင် Blumenthal ပိုင် ကာရိုလာ သင်္ဘောမှ အင်ဂျင်နီယာချုပ်အား အထောက်အကူပေးခဲ့ဖူးပြီး အခြား Blumenthal ပိုင် ကုန်တင်သင်္ဘော နှစ်စင်းမှ သင်္ဘောသား သုံးဦးအား တရားရုံးများမှတဆင့် မြင့်မားသော လုပ်ခလစာများ ရရှိအောင် အောင်မြင်စွာ ကူညီခဲ့သူဖြစ်သည်။

အမှုတိုင်းတွင် နောက်ဆုံးလုပ်ခလစာ ပေးချေမှုအား မပေးခြင်းနှင့် သက်သေအထောက်အထားမရှိဘဲ စွပ်စွဲခြင်းတို့ ပါဝင်ခဲ့သည်။ သို့သော် အစောပိုင်းအမှုများတွင် Blumenthal အား သဘောတူညီမှုများတွင် အလုပ်ခန့်သူအဖြစ်တွေ့ခဲ့ရသည်။

၂၀၁၅ ဇွန်လတွင် ဟမ်းဘတ်အလုပ်သမား တရားရုံးက ဘန့်ဆီကော့ဇ်၏ ပြောကြားချက်များဖြစ်သော Blumenthal သည် လိုက်ဘေးရီးယား ကုမ္ပဏီ ၏ နောက်ကွယ်တွင်ရှိခြင်း၊ သူအား အလုပ်ခန့်အပ်သူဖြစ်ခြင်းနှင့် သူရရန် ရှိသော လုပ်ခလစာများအား ပေးရန်တာဝန်ရှိခြင်းများကို ငြင်းပယ်ခဲ့သည်။ ၂၀၁၆ နှစ်ဦးပိုင်းတွင် ဒေသဆိုင်ရာ အလုပ်သမား တရားရုံးတွင် သူ၏ အယူခံအား တင်သွင်းရာတွင် ITF မှ ငွေကြေးထောက်ပံ့ခဲ့သော်လည်း သူထပ်မံ၍ ရှုံးနိမ့်ခဲ့ပြန်သည်။ Blumenthal မှအောင်မြင်စွာ ငြင်းဆန်သည်မှာ ယင်းသည် First Class Bulk Shipping ၏ ကိုယ်စားလှယ်ဝန်ဆောင်မှုကို ပေးခြင်းဖြစ်သောကြောင့် လိုက်ဘေးရီးယားဥပဒေနှင့်သာ သက်ဆိုင်ပြီး ယူကရိန်းနိုင်ငံသား သင်္ဘော သားသည် လိုက်ဘေးရီးယား ကုမ္ပဏီတစ်ခုနှင့် စာချုပ်တစ်ခုအား သိလျက်နှင့် လွတ်လပ်စွာ ပြုလုပ်သည်ဟူ၍ ဖြစ်သည်။

Christiansen က မာသာနှင့်ကာရိုလာ လုပ်သားအဖွဲ့ဝင်များအား ယင်းတို့၏ တောင်းဆိုမှုများကို လိုက်ဘေးရီးယား သင်္ဘောလိုင်း မှတ်ပုံတင်ရုံးသို့ ပေးပို့ရန် အကြံပြုခဲ့ပြီး ယင်း၏ ရုံးချုပ်မှာ အမေရိကန် ပြည်ထောင်စုတွင် တည်ရှိသည်။ အမှုက ဆက်ဖြစ်နေဆဲ ဖြစ်သည်။ ■

ယခုအခါ သူအမြဲတမ်း လုပ်မည့်အရာတစ်ခုရှိသည်ဟု ကပ္ပတိန် ဘန့်ဆီကော့ဇ်က ပြောသည် - သူ၏ သင်္ဘောလိုင်းစာရွက်စာတမ်း သဘောတူညီမှုများအား အစမှအဆုံးတိုင် အလွန်အမင်းဂရုပြု၍ ဖတ်မည်ဟူ၍ပင်ဖြစ်ပါသည်။

Svetlana က FOC များ၏ မသင့်လျော်မှုကို ထင်ရှားအောင် ပြခဲ့သည်။

လုပ်သားများအား အဆင့်နိမ့်သော သင်္ဘောပေါ်တွင် လွဲမှားစွာ ဆက်ဆံခဲ့သော Svetlana ဇာတ်လမ်းသည် သင်္ဘောမှတ်ပုံတင်ရာ စိတ်ကြိုက်နိုင်ငံများ၏ မသင့်လျော်မှုနှင့် စည်းကမ်းထိန်းသိမ်းမှု မရှိခြင်းကို ထင်ရှားစေခဲ့သည်ဟု ITF စုံစမ်းစစ်ဆေးသူ Tommy Molloy က ပြောသည်။

ဗစ်တိုးရီးယား ပင်လယ်ပြင်ဆိုင်ရာ ကုန်သွယ်မှု ကုမ္ပဏီက ပိုင်ဆိုင်လည်ပတ်ပြီး ဗယ်လက်တာ၊ မော်လ်တာအဖြစ် အလံတင်ထားသော Svetlana သည် လုပ်သားများအား လပေါင်းများစွာ ငွေပေးချေခြင်းမရှိကြောင်း တွေ့ရှိရပြီးနောက် အောက်တိုဘာ ၂၀ ရက်နေ့တွင် ဝေးလ်နိုင်ငံ ကာဒစ်ဖ်တွင် ဆိုင်းငံ့ခံခဲ့ရသည်။

ယင်းအား ဆိုင်းငံ့ခံရပြီးနောက် ရှစ်ရက်မျှအကြာတွင်ပင် ပင်လယ်ပြင်ဆိုင်ရာနှင့် ကမ်းရိုးတန်းလုံခြုံရေး အေဂျင်စီ (MCA) မှ ပြုလုပ်သော ဆိပ်ကမ်းအခြေအနေထိန်းချုပ်မှု စစ်ဆေးရေးတွင် မီးသတ်ပိုက်လိုင်းများမှာ ပျက်စီးလွန်းသောကြောင့် အပေါက်ဖြစ်နေခြင်း၊ ကုန်တင်ခန်းထဲရှိ မီးလောင်မှုအချက်ပြစနစ်တွင် အချက်ပြပျက်စီးနေခြင်းနှင့် အရန်ပဲ့ကိုင်မော်တာ မပါရှိခြင်းတို့အပါအဝင် ချို့ယွင်းမှု ၁၁ ခုအား တွေ့ရှိခဲ့ရသည်။

လုပ်သားများအား ကူညီရန်နှင့် ယင်းတို့ရရန်ရှိသော လုပ်ခလစာများကို တွက်ချက်ပေးရန် MCA မှ ITF အား ပြောခဲ့သည်။ သင်္ဘောပေါ်တွင် ကျွန်ုပ်တွေ့ရှိခဲ့ရသည်မှာ ရုရှား၊ ယူကရိန်းနှင့် ဘူလ်ဂေးရီးယားလုပ်သားများသည် နည်းပါးသော ငွေပေးချေမှု အကြိမ် အနည်းငယ်ကိုသာ ရရှိခဲ့ခြင်းပင်ဖြစ်သည်။ လူတစ်ဦးမှာမူ ဇွန်လတွင် သင်္ဘောသို့ပြောင်းရွှေ့လာပြီးကတည်းက လစာမရသေးသည့်အပြင် ယခင်သင်္ဘောတွင် သူ၏ အလုပ်လုပ်ကိုင်မှုအတွက် ရရန်ရှိနေသော လစာသုံးလစာကိုလည်း မရရှိသေးပေ။

လုပ်ခလစာများမှာ နှစ်များစွာအတွင်း ကျွန်ုပ်တွေ့ဖူးသမျှတွင် အနည်းပါးဆုံးဖြစ်ပြီး သင်္ဘောသားများ ညီလာခံတွင် ILO မှ ရည်ညွှန်းသော အနည်းဆုံး လုပ်ခထက်ပင် များစွာလျော့နည်းနေသည်။ သင်္ဘောသားများသည် ယင်းတို့၏ ကိုယ်ပိုင်တကိုယ်ရေ ကာကွယ်ရေး ပစ္စည်းများကိုလည်း သင်္ဘောမတက်မီ ကိုယ်တိုင်ဝယ်ရန် ဖိအားပေးခံခဲ့ရပြီး ယင်းမှာ လုံးဝလက်ခံနိုင်စရာ မဟုတ်ပေ။

ရရန်ရှိသော လုပ်ခလစာများနှင့် ပေးရန်ကတိပြုထားသော ထပ်တိုးအလုပ်များအတွက် ငွေပေးချေမှုများအား ILO ၏ အနည်းဆုံးနှုန်းအား အခြေခံ၍ လုပ်ခလစာ တောင်းဆိုမှုတစ်ခုအား ITF မှ တင်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ITF သဘောတူညီမှုတစ်ခုအား လက်မှတ်ရေးထိုးရန် ဆွေးနွေးမှုများအတွက် ပိုင်ရှင်များအား ဖိတ်ခေါ်ခဲ့ပြီး ယင်းအားဖြင့် လုပ်သားများအတွက် လက်ခံနိုင်ဖွယ်ဖြစ်သော အနည်းဆုံး အလုပ်ခန့်ထားမှု စံနှုန်းများအား ပေးနိုင်မည်ဖြစ်ပါသည်။

ကုမ္ပဏီမှ ကျွန်ုပ်အား ခြိမ်းခြောက်ငွေတောင်းမှုနှင့် ဥပဒေမဲ့ ဆောင်ရွက်မှုတို့ဖြင့် စွပ်စွဲခြင်းဖြင့် တုံ့ပြန်ခဲ့ပြီး နည်းပါးသော်လည်း စာချုပ်များတွင် ရေးသားပါရှိသည့်အတိုင်းသာ ပေးမည်ဟု ထပ်တလဲလဲ ပြောဆိုခဲ့ပါသည်။ နောက်ဆုံးတွင် သင်္ဘောအား ပြန်မလွှတ်မီ၌ သင်္ဘောသားများသည် ယင်းတို့ ရရန်ရှိသော ယူအက်စ်ဒေါ်လာ ၆၀,၀၀၀ နီးပါးကို ရရှိခဲ့ပါသည်။

ILO မှသတ်မှတ်သော အနည်းဆုံးလုပ်ခလစာ သတ်မှတ်ခြင်းအတွက် လုပ်ငန်းစဉ်များအား ဆောင်ရွက်ရန် သဘောတူ လက်မှတ်ရေးထိုးထားသော နိုင်ငံများအား MLC မှ လိုအပ်ပါသည်။ သင်္ဘောပိုင်ရှင်များမှ ILO အနည်းဆုံးနှုန်းအတိုင်း မပေးကြောင်း သိရှိရပါက ဆိပ်ကမ်းအာဏာပိုင်များနှင့် သင်္ဘောမှတ်ပုံတင်ရာ နိုင်ငံများသည် ILO အနည်းဆုံးနှုန်းအတွက် ဖိအားပေးခြင်းရှိမရှိအပေါ် မေးခွန်းများ ဤကိစ္စတွင် ထွက်ပေါ်လာပါသည်။ ■

စွန့်ပစ်ခံရမှုမှ ကာကွယ်တားဆီးမှု နည်းလမ်းသစ်များ

ပင်လယ်ပြင်ဆိုင်ရာ လုပ်သားညီလာခံ ၂၀၀၆ အား အသစ်ပြင်ဆင်မှုများကိုစွန့်ပစ်မှုအား အပြစ်ပေးခြင်းဖြင့် ဖိအားပေးဆောင်ရွက်ရန် ၂၀၁၇ ဇန်နဝါရီ ၁၈ ရက်နေ့တွင် ဖြစ်လာခဲ့သည်။

ITF သည်နှစ်ပေါင်းများစွာတိုင်အောင် သင်္ဘောပိုင်ရှင်များနှင့် အစိုးရများအား သင်္ဘောသားများအတွက် ယင်းတို့၏ ဝတ္တရားများကို အမှန်တကယ် ဆောင်ရွက်ရန်နှင့် ကုမ္ပဏီများ ငွေကြေး အကြပ်အတည်းဖြစ်ချိန် သို့မဟုတ် လုပ်ဆောင်ချက် ချို့ယွင်းသော ကိစ္စများ ဖြစ်ချိန်များတွင် သင်္ဘောသားများအား ပစ်ပယ်ထားသော အလေ့အကျင့်ကို အရေးယူရန် လှုပ်ရှားမှု ပြုလုပ်ခဲ့သည်။ ယခုအခါတွင်တော့ မျှော်လင့်ချက်ရောင်ခြည်သမ်းလာပြီ ဖြစ်သည်။

ယင်းသို့ဆိုလျှင် စည်းကမ်းထိန်းသိမ်းမှုအသစ်က သင့်အတွက် ဘာအဓိပ္ပါယ်လဲ။

အဓိပ္ပါယ်မှာ သင်္ဘောပိုင်ရှင်များသည် အာမခံပုံစံတစ်စောင် ရှိရမည်၊ သင်္ဘောသားများနှင့် တိုက်ရိုက်ဆက်ဆံနိုင်မှု ရှိရမည်၊ စွန့်ပစ်မှုဖြစ်ပွားချိန်တွင် ငွေကြေးထောက်ပံ့မှုများကို အချိန်မှန် ပြုလုပ်နိုင်ရန် လုံလောက်သော ငွေကြေးရှိရမည် စသည်တို့ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ မည်သည့် သင်္ဘောသားကိုမျှ လပေါင်းများစွာ အစာမရှိ၊ လစာမပေးဘဲ အိမ်ပြန်လမ်းမရှိဘဲ ထားတော့မည်မဟုတ်ဟူ၍ ဖြစ်ပါသည်။

MLC အား သဘောတူလက်မှတ်ရေးထိုးထားသော အလံတင်နိုင်ငံများ (လက်ရှိစာရေးနေချိန်တွင် ကမ္ဘာလုံးဆိုင်ရာ သင်္ဘောတင်မှု၏ ၉၁ ရာခိုင်နှုန်း) ရှိ သင်္ဘောများအားလုံးသည် အာမခံ သက်သေခံချက် မိတ္တူများအား သင်္ဘောပေါ်ရှိ 'ရှင်းလင်းမြင်သာသောနေရာတွင်' အင်္ဂလိပ်ဘာသာဖြင့် ထားရှိရမည်။

သင့်တွင် စွန့်ပစ်ခံရမည့် အန္တရာယ်ရှိနေသည်ဟု ထင်မြင်ပါက ကြာကြာ မစောင့်ပါနှင့်။ ပထမဆုံးအနေဖြင့် သင်သည် သင်္ဘောပိုင်ရှင်အား ဆက်သွယ်ရန် ကြိုးစားသင့်ပါသည်။ သင်္ဘောပိုင်ရှင်၏ အမည်နှင့် ယင်းတို့၏ ဆက်သွယ်ရန် အသေးစိတ်အချက်များအား သင်္ဘောပေါ်ရှိ 'ပင်လယ်ပြင်ဆိုင်ရာ လုပ်သား ခွင့်ပြုမှု ကြေငြာချက်' တွင် တွေ့ရှိနိုင်ပါသည်။ သင့်အား စွန့်ပစ်ခံရပါက သင်္ဘောပိုင်ရှင်၏ အာမခံသူထံသို့ တိုက်ရိုက် တိုင်ကြားမှုတစ်ခုအား ပြုလုပ်ပါ။

အာမခံ (သို့မဟုတ် အခြားသော ငွေကြေးလုံခြုံမှုပုံစံ) အား ရရှိနိုင်သည်များမှာ အကယ်၍ သင်္ဘောပိုင်ရှင်သည် -

- သင်္ဘောသား၏ မိခင်နိုင်ငံသို့ ပြန်ရမည့် ကုန်ကျစရိတ်ကို ပေးရန်ပျက်ကွက်လျှင် သို့မဟုတ်
- လိုအပ်သော ပြုပြင်မှုနှင့် ထောက်ပံ့မှုမရှိဘဲ ပင်လယ်ပြင် လုပ်သားအား ထားခဲ့လျှင် သို့မဟုတ်
- စာချုပ်ပါလုပ်ခလစာကို အနည်းဆုံး နှစ်လစာပေးရန် ပျက်ကွက်ခြင်း အပါအဝင် အခြားနည်းအားဖြင့် ယင်းတို့၏တစ်ဖက်သတ် ဆောင်ရွက်မှုဖြင့် သင်္ဘောသားအား ထိခိုက်စေခြင်း တို့ဖြစ်ပါသည်။'

သင်သည် သင့်အလုပ်ခန့်ထားမှု သဘောတူညီချက်အတိုင်း သို့မဟုတ် သင်္ဘောပိုင်ရှင်၏ ငွေကြေးဆိုင်ရာ လုံခြုံရေး ထောက်ပံ့သူထံမှ CBA အဖြစ် အများဆုံး လုပ်ခလစာနှင့် အခြားခံစားခွင့်များကို လေးလစာအထိ တောင်းဆိုပိုင်ခွင့် ရှိပါသည်။ ထို့ကြောင့် ယင်းအား ကြာမြင့်စွာ မေ့လျော့၍ မထားရန် အရေးကြီးပါသည်။ သင့်အနေဖြင့် လျှောက်ထားရန် ခြောက်လစောင့်ဆိုင်းပါက လေးလစာ ပြန်လည်ပေးချေမှုကိုသာ ရရှိလိမ့်မည် ဖြစ်ပါသည်။

အာမခံသည် မိခင်နိုင်ငံသို့ ပြန်ရန်စရိတ်များ၊ လုံလောက်သော အစားအစာ၊ လိုအပ်သော အဝတ်အစား၊ နေထိုင်ရန်နေရာ၊ သောက်ရေ၊ သင်္ဘောပေါ်တွင် အသက်ရှင်ရန် မရှိမဖြစ်လောင်စာနှင့် အခြားလိုအပ်သော ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုအပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များအားလုံးကို လွှမ်းခြုံရမည်လည်း ဖြစ်ပါသည်။ မိခင်နိုင်ငံသို့ ပြန်ရန်စရိတ်ဆိုသည်မှာ 'သင့်လျော်ပြီး လျင်မြန်သော' ခရီးသွားလာခြင်း - ပုံမှန်အားဖြင့် လေကြောင်းမှတဆင့် နှင့် တစ်ကိုယ်ရေ အတွက် အစားအစာ၊ နေထိုင်ရန်နေရာနှင့် သယ်ယူပို့ဆောင်ရေး အစရှိသည့် ခရီးစဉ်အတွက် သင့်လျော်သော ကုန်ကျစရိတ်များအားလုံးကို ဆိုလိုပါသည်။ အာမခံသည် စွန့်ပစ်ခံရသော အချိန်မှ သင် အိမ်ပြန်ရောက်ချိန်အထိ သက်ရောက်မည် ဖြစ်ပါသည်။

P&I ကလပ်များ၏ အပြည်ပြည်ဆိုင်ရာ အဖွဲ့ (နောက်စာမျက်နှာတွင် ကြည့်ပါ) သည် ၂၄ နာရီ အရေးပေါ် အကူအညီလိုင်းများအား ပေးရန် သဘောတူခဲ့ပြီး ယင်းတို့အား သင်္ဘောပေါ်ရှိ သက်သေခံ လက်မှတ်များတွင် သို့မဟုတ် အွန်လိုင်းတွင် တွေ့ရှိနိုင်ပါသည်။ သင့်အား စွန့်ပစ်ခံရသည်ဟု သိရှိရလျှင် ယင်းတို့အား အမြန်ဆုံး ဆက်သွယ်ရန် သေချာပြုလုပ်ပါ။

စနစ်စတင်၍ လည်ပတ်သည်နှင့်တပြိုက်နက် အလံတင်နိုင်ငံများနှင့် ဆိပ်ကမ်းများသည် ယင်းသင့်လျော်ရာ စွန့်ပစ်မှု အာမခံ သက်သေခံလက်မှတ်အား သင်္ဘောပေါ်တွင် ထားရှိမှုကို စစ်ဆေးရမည် ဖြစ်ပါသည်။ ■

သင့်အား စွန့်ပစ်ခဲ့သလား။

သင့်သင်္ဘောပိုင်ရှင်သည် -

- သင့်စာချုပ်မှာ ပြီးဆုံးသွားပြီဖြစ်သော်လည်း သင့်မိခင်နိုင်ငံသို့ ပြန်ရန်အတွက် စရိတ်ပေးရန် ငြင်းဆန်နေပါသလား။
- သင်္ဘောတွင် လုံလောက်သော အစာ၊ ရေ သို့မဟုတ် လောင်စာဆီ ပေးရန် ပျက်ကွက်နေပါသလား။
- နောက်ဆုံး နှစ်လစာ သို့မဟုတ် ယင်းထက်ပို၍ လုပ်ခလစာပေးရန် နောက်ကျနေပါသလား။

အထက်ပါပြဿနာတခုခုဖြင့် ကြုံတွေ့နေရပါက ပင်လယ်ပြင်ဆိုင်ရာ လုပ်သား ညီလာခံ၊ ၂၀၀၆ တွင် ပါရှိသော အပြည်ပြည်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းမှုများအရ သင့်အား 'စွန့်ပစ်ခံရသည်' ဟု ယူဆပါသည်။

စွန့်ပစ်မှုအာမခံပေးသူအား ဆက်သွယ်ပါ (ဆက်သွယ်ရန် အသေးစိတ်များ ပါဝင်သော သက်သေခံလက်မှတ်အား သင့်သင်္ဘောပေါ်ရှိ ကြေငြာသင်ပုန်းတွင် ကြည့်ပါ သို့မဟုတ် အောက်ပါစာရင်းတွင် ကြည့်ပါ)။ အလံတင်နိုင်ငံ၊ ဆိပ်ကမ်းအခြေအနေထိန်းချုပ်မှု အရာရှိတစ်ဦး သို့မဟုတ် ITF စုံစမ်းစစ်ဆေးသူတစ်ဦးအားလည်း ပြောပြနိုင်ပါသည်။

အခြေအနေပိုဆိုးမလာမီ လျင်မြန်စွာ ဆောင်ရွက်ပါ။

လုပ်ခလစာ လေးလစာရရှိနိုင်မည်ဖြစ်သောကြောင့် တိုင်ကြားမှုပြုလုပ်ရန် အချိန်မဆွဲပါနှင့်။

P&I ကလပ်များ၏ အပြည်ပြည်ဆိုင်ရာ အဖွဲ့ -

- ဆွီဒင် ကလပ် **www.swedishclub.com**
- ယူကေ P&I ကလပ် **www.epandi.com**
- စကာ့ဒ် **www.skuld.com**
- ဘရစ်တန်နီးယား **www.britanniapandi.com**
- စတင်းရှစ်ပ် မြူကျူရယ်လ် **www.steamshipmutual.com**
- ဂါဒ် **www.gard.no**
- လန်ဒန် P&I ကလပ် **www.londonpandi.com**
- ဝက်စ်အော့ဖ်အင်္ဂလန် **www.westpandi.com**
- နေ့ဝ် **www.nepia.com**
- သင်္ဘောပိုင်ရှင်များ **www.shipownersclub.com**
- စံနှုန်း **www.standard-club.com**
- အမေရိကန် ကလပ် **www.american-club.com**
- ဂျပန်သင်္ဘောပိုင်ရှင်များ၏ အပြန်အလှန်ကာကွယ်ကာကွယ်ခြင်းနှင့် နစ်နာကြေး အဖွဲ့အစည်း **www.piclub.or.jp**

သင်္ဘောသည် နိုင်ငံတကာ ပင်လယ်ပြင်ဆိုင်ရာ အဖွဲ့အစည်း (IMO) နှင့် အလိုအလျောက်ဖြစ်သော သင်္ဘောများနှင့် သက်ဆိုင်သော သင်္ဘောသားများနှင့် ပတ်သက်၍ နောက်ဆုံးပေါ် ဖွံ့ဖြိုးမှုများအား ပေးပါသည်။

IMO မှ သတင်းများ

လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်၏ ကဏ္ဍအသစ်နှင့် လည်ပတ်မှုဆိုင်ရာ အုပ်ချုပ်မှုနှင့် နှမ်းနယ်မှုအပေါ်တွင် သမဂ္ဂများ၏ စိုးရိမ်မှုများအပေါ် IMO မှ ITF ၏ ကိုယ်စားလှယ်ဖြစ်သူ Branko Berlan က ရှင်းပြသည်။

လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်၏ကဏ္ဍတစ်ခု ဖော်ထုတ်ကြောင့် သင်္ဘောသားများအပေါ်တွင် သက်ရောက်မှုအတွက် ကျွန်ုပ်တို့ စိုးရိမ်ပါသည်။ အကြောင်းမှာ ယင်းသည် သင်္ဘောများ၏ လူခေါ်ယူပုံကို ပြောင်းလဲမှုများ ဖြစ်စေနိုင်သောကြောင့် ဖြစ်ပါသည်။

ယင်းအား ရွှေ့လျား ကမ်းလွန်တူးဖော်မှုတွင် အသုံးပြုနေပြီဖြစ်ပြီး သင်္ဘောပေါ်အလုပ်သမား အမျိုးအစားနှစ်မျိုးပါဝင်ကာ ယင်းတို့မှာ သင်္ဘောသားများနှင့် လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

ယင်းသည် ပင်လယ်ပြင်ဆိုင်ရာ ဌာနများတွင် လမ်းညွှန်ခြင်းနှင့် အင်ဂျင်နီယာဆိုင်ရာ စောင့်ကြည့်ခြင်းများအတွက်သာ သင်္ဘောသား အရေအတွက် အနည်းဆုံးကို ခေါ်ဆောင်ခြင်းသို့ ဦးတည်စေနိုင်ပြီး ထိုအချိန်တွင် ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်းများ၊ ကြိုးဆိုင်းခြင်း၊ တည်ခင်းကျွေးမွေးခြင်းနှင့် သန့်ရှင်းရေးစသော အခြားအလုပ်များအားလုံးကို ဆောင်ရွက်ရန် သင်္ဘောပေါ်ရှိ လုပ်ငန်းဆိုင်ရာ ဌာနတွင် လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်များ ပါလာနိုင်ပါသည်။

စောင့်ကြည့်သူများမပါရှိဘဲ အဝေးမှ ထိန်းချုပ်သော သင်္ဘောများတွင်ပင် ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် နည်းပညာဆိုင်ရာ အထောက်အကူအတွက် သင်္ဘောဝန်ထမ်းများ ကောင်းစွာလိုအပ်လျက် ရှိနေပါသေးသည်။ ယင်းသတ်မှတ်ချက်အသစ်ကြောင့် အဆိုပါနေရာများတွင် STCW ဥပဒေအရ အရည်အချင်းပြည့်မီပြီး သင်္ဘောသားများ၏ ရပိုင်ခွင့်များနှင့် အလုပ်အခြေအနေများကို ကာကွယ်ပေးသည့် အခြားအပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံတော်ဥပဒေများဖြင့် လွှမ်းခြုံထားသော သင်္ဘောသားများနေရာတွင် စည်းကမ်းထိန်းသိမ်းထားခြင်းမရှိသော လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်များ ဝင်ရောက်လာနိုင်ပါသည်။

ယင်းသည် သင်္ဘောသားများ၊ သင်္ဘောပိုင်ရှင်များနှင့် စီမံခန့်ခွဲမှုများအပေါ်တွင် သက်ရောက်သော ရှိနှင့်ပြီးဖြစ်သည့် စည်းကမ်းထိန်းသိမ်းမှုနှင့် ဥပဒေဆိုင်ရာ မူဘောင်များ မတည်ငြိမ်မှုကို ဖြစ်စေနိုင်ကာ ထိခိုက်မှုများပြားပြီး ကြိုတင်မသိမြင်နိုင်သော နောက်ဆက်တွဲများစွာလည်း ရှိလာနိုင်ပါသည်။ ယင်းသည် ယခုအခါတွင် နိုင်ငံပေါင်း ၇၉ နိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးထားပြီး ကမ္ဘာပေါ်ရှိ လှေသင်္ဘော ၉၁ ရာခိုင်နှုန်းအား လွှမ်းခြုံသော ပင်လယ်ပြင်ဆိုင်ရာ လုပ်သားညီလာခံ၊ ၂၀၀၆ နှင့် မကိုက်ညီမှုများကို ဖြစ်စေနိုင်ပါသည်။

လည်ပတ်မှုဆိုင်ရာ လူသားတာဝန်ပေးမှုနှင့် နှမ်းနယ်မှုသည် သင်္ဘောသားများ နှင့် ITF အား ကြာမြင့်စွာ စိုးရိမ်မှုဖြစ်စေပါသည်။ IMO ၌လက်ရှိဆွေးနွေးမှုများသည် နှမ်းနယ်မှုအပေါ် ရှိနှင့်ပြီးသော လမ်းညွှန်မှုများအား ပြုပြင်ပြောင်းလဲရန်နှင့် ITF အနေဖြင့် နှမ်းနယ်မှုအား လျှော့ချရန် အဓိကဖြေရှင်းမှုအဖြစ် သင့်လျော်သော လည်ပတ်မှုဆိုင်ရာ အုပ်ချုပ်မှုကို ထည့်သွင်းသင့်ကြောင်း လေးနက်စွာ တိုက်တွန်းပါသည်။

ဆိုလိုသည်မှာ ပြန်လည်စစ်ဆေး အဆိုပြုထားသော လမ်းညွှန်ချက် တစ်ခုစီအား စံချိန်စုနစ်ချက်ဖြင့် စုစည်းပြီး သင်္ဘောများပေါ်တွင် အလုပ်လုံခြုံရေးအတွက် လူသားအရင်းအမြစ် လုံလောက်စွာ ပေးနိုင်ရန် ယင်းတို့အားလုံးတွင် - ISM ဥပဒေ၊ အနည်းဆုံး လုံခြုံသော အုပ်ချုပ်မှုနှင့် MLC အစရှိသည့် - အပြည်ပြည်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းမှုများအား ထည့်သွင်းစဉ်းစားသင့်ပါသည်။

ယင်းအပြင် သင်္ဘောနှင့် လုပ်သားများအပေါ်တွင် ကြီးမားသော ဖြစ်လာမည်ဖြစ်သော ထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှု ဝန်ထုပ်ဝန်ပိုး အရေအတွက်များစွာနှင့် ပတ်သက်၍လည်း ITF မှ စိုးရိမ်ပါသည်။ ယင်းသည် ITF မှပြင်းထန်စွာ ဆန့်ကျင်သောကိစ္စဖြစ်သည့် ဆရာများနှင့် လုပ်သားများ၏ ဖြစ်လာနိုင်သော ပြစ်မှုကျူးလွန်မှုအတွက် တာဝန်ပုံချရန် ဖိအားကို ဆက်လက်၍ ဖြစ်စေပါသည်။ သင်္ဘောသားများအားလုံးကို ရိုးသားစွာနှင့် မျှတစွာ ဆက်ဆံသင့်ပါသည်။ ■

လုံခြုံပြီး ပေးရကျိုးနပ်သော သင်္ဘောလည်ပတ်မှုအတွက် အရေးပါသော သင်္ဘောသားများ



ITF ၏ ဒုတိယဥက္ကဌ၊ ယူအက်စ်အေရှိ ဆရာများ၊ သင်္ဘောအရာရှိများနှင့် လေယာဉ်မှူးများ၏ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းမှ ဂျော့ဂွစ်ခ်က လူမပါသော အလိုအလျောက်သင်္ဘောများသည် သင်္ဘောသားများအတွက် ရည်ရွယ်နိုင်ကြောင်း ပြောဆိုလိုက်သည်။

Copyright Rolls-Royce

သတင်းအချက်အလက်၊ ဆက်သွယ်မှုနည်းပညာနှင့် စက်ရုပ်ပိုင်းဆိုင်ရာတွင် အဆင့်မြင့်လာမှုများသည် ပင်လယ်ပြင်ဆိုင်ရာ လုပ်ငန်းအား စတင်၍ သက်ရောက်မှုရှိနေပြီ ဖြစ်ပါသည်။

သို့ရာတွင် အလိုအလျောက်သင်္ဘောများ၏ အနာဂတ်အပေါ် အမြင်အများစုမှာ ပစ္စည်းထုတ်လုပ်သူများနှင့် ဝန်ဆောင်မှုပေးသူများ၏ ရည်မှန်းချက်ကြီးသော ပြောဆိုမှုများအပေါ်တွင် အခြေခံခြင်းဖြစ်ပါသည်။

ယင်းတို့သည် ဖွံ့ဖြိုးမှုများအပေါ်တွင် ယင်းတို့၏ အယူအဆများကို အခြေခံပြီး ထိုဖွံ့ဖြိုးမှုများသည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ချိခြင်း လုပ်ငန်းများရှိ ထိန်းချုပ်ထားသော ပတ်ဝန်းကျင်တွင်သာ များစွာ သက်ရောက်ပါသည်။

ယင်းပုံစံသည် ပြိုင်ဖက်ကင်းပြီး အင်အားကောင်းကာ ကမ္ဘာ့အနံ့တွင် တည်ရှိနေပြီး ထိန်းချုပ်ထားခြင်းမရှိသော ပင်လယ်ပြင်ဆိုင်ရာ ပတ်ဝန်းကျင်အား အစားထိုးနိုင်ခြင်း ရှိမရှိမှာ အလွန်မေးခွန်းထုတ်ဖွယ်ရာ ဖြစ်ပါသည်။

နိုင်ငံတကာ ပင်လယ်ပြင်ဆိုင်ရာ အဖွဲ့အစည်းသည် အီလက်ထရောနစ် လမ်းညွှန်မှုအား ထောက်ပံ့ရန် နည်းပညာကို ဖော်ထုတ်ဆောင်ရွက်ရန် ကြိုးပမ်းနေပြီးသားဖြစ်ကာ ယင်းသည် ဉာဏ်ရည်တုကိုသာ အသုံးပြုခြင်းဖြင့် လူမပါသော အလိုအလျောက် သင်္ဘောများသည် ယင်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များကို အမှန်တကယ်ပြုလုပ်နိုင်ခြင်းသို့ ဦးတည်နိုင်ပါသည်။

သို့ရာတွင် အဝေးမှထိန်းချုပ်လည်ပတ်ရန်အတွက် လိုအပ်သော နည်းပညာ ပါရှိသည့် သင်္ဘောတစ်စီးအား တည်ဆောက်မှုကုန်ကျစရိတ်သည် လုပ်သားများနှင့် လုပ်သားနေထိုင်ရာနေရာများ မပါသည့်တိုင်အောင် သမားရိုးကျ သင်္ဘောတစ်စီးထက် မြင့်မားနိုင်သည်ဟု များစွာ ယုံကြည်ကြပါသည်။

စောင့်ကြည့်ခြင်းနှင့် ထိန်းချုပ်ခြင်းအပါအဝင် ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းများနှင့် အခြားတာဝန် - ယခုအခါတွင် စရိတ်သက်သာသော အလုပ်သမားများ ရရှိသည့် နိုင်ငံများမှ သင်္ဘောသားများ များစွာ ဆောင်ရွက်နေသော - များအတွက် အကုန်အကျများသော ကမ်းခြေ အခြေခံအဆောက်အအုံများလည်း လိုအပ်နိုင်ပါသည်။

သင်္ဘောသားများ၏ အလုပ်များနေရာတွင် အလိုအလျောက် သင်္ဘောများ ရောက်ရှိလာနိုင်ပါသည်။ သို့ရာတွင် သိရှိထားသော ခန့်မှန်းချက်များအရ လူခေါ်ယူမှုကြောင့် ကုန်ကျမှုများသည် သင်္ဘောတစ်စီးအား လည်ပတ်ခြင်းအတွက် စုစုပေါင်း ကုန်ကျစရိတ်၏ ခြောက်ရာခိုင်နှုန်းသာ ရှိပါသည်။

သင်္ဘောသားများ၏ အလုပ်များအားလုံးကို ဖြတ်တောက်လိုက်လျှင်ပင် အလိုအလျောက် သင်္ဘောပြေးဆွဲခြင်း လုပ်ငန်းတစ်ခု တည်ဆောက်ခြင်းနှင့် လည်ပတ်ခြင်း၏ ယင်းအပို ကုန်ကျစရိတ်များကြောင့် ကုန်ကျစရိတ်မည်မျှသက်သာသည်ကို တွေ့ရှိရန် ခက်ခဲမည် ဖြစ်ပါသည်။

ယင်းထက်ပိုသည်မှာ သင်္ဘောပိုင်ရှင်များသည် ယင်းအကြံအစည်အတွက် များစွာ အားတက်သရော ရှိကြပုံမရကြခြင်းဖြစ်ပါသည်။ ယင်းသည် အပြိုင်အဆိုင်ရှိသော အကျိုးကျေးဇူးကို ပေးမှသာလျှင် ပိုင်ရှင်များမှ ယင်းအား ပြုလုပ်ကြမည် ဖြစ်ပါသည်။

အလိုအလျောက်သင်္ဘောကို အလိုရှိသူများက လူသားအမှားပြုလုပ်ခြင်း၏ အန္တရာယ်မရှိတော့ခြင်းဖြင့် ယင်းတို့သည် ကုန်ကျစရိတ်ကို လျှော့ချပြီး လုံခြုံမှုကို မြှင့်တင်နိုင်မည်ဟု ပြောကြသည်။

သို့ရာတွင် အမှန်တကယ်၌ ရင်းမြစ်အသစ်အမှားများ၏ အန္တရာယ်များ ရှိနေပြီး ယင်းတို့မှာ နည်းပညာစနစ်များ၊ ဆက်သွယ်ရေးလင့်ခ်များ၊ ဆိုင်ဘာလုံခြုံမှုနှင့် သင်္ဘော၏ တကယ့်အခြေအနေနှင့် လက်တွေ့ပတ်ဝန်းကျင်မှ ဝေးရာတွင်ရှိနေသော အဝေးမှလူသား ထိန်းချုပ်သူများပင်ဖြစ်သည်။

ရှုပ်ထွေးပြီး မြင့်မားစွာအလိုအလျောက်အလုပ်လုပ်သော စနစ်တွင် အရည်အသွေးမြင့် ထိန်းချုပ်သူများလိုအပ်သောကြောင့် ပင်လယ်ပြင် လုပ်သားများအား အရည်အချင်းမြှင့်တင်ကာ ပို၍ဝင်ငွေကောင်းသော အလုပ်များ ရရှိစေလိမ့်မည်ဟုလည်း အငြင်းအခုန်ဖြစ်ကြသည်။ ယင်းသည် အခြားလုပ်ငန်းများတွင် တွေ့ရသော အတွေ့အကြုံ မဟုတ်ပေ။

အခြေခံစွမ်းရည်များနှင့် အဆင့်နိမ့်သော ဆုံးဖြတ်ချက်ချနိုင်သည့် လုပ်ငန်းစဉ်များကို နည်းပညာတွင် ထည့်သွင်းထားပြီး စဉ်းစားနိုင်သော စက်များသည် စဉ်းစားရန်မလိုသော လူများကို ဖန်တီးသည်။

ယင်းအပြင် အားကောင်းပြီး ရှုပ်ထွေးသော ပင်လယ်ပြင်ဆိုင်ရာ လောကတွင် အတွေ့အကြုံအပေါ်တွင် မူတည်သော စစ်ဆေးမှုနှင့် ပြုလုပ်မှုသည် ဆုံးဖြတ်ချက်များ၏ အခြေခံဖြစ်ပြီး ယင်းတို့ကို အချိန်အနည်းငယ်အတွင်း၌ မကြာခဏပြုလုပ်ရလေ့ရှိကာ ယင်းတို့သည် အောင်မြင်မှုနှင့် ကပ်ဆိုက်မှုတို့အကြား ခြားနားချက်ကို ဖြစ်စေသည်။

ကုန်သွယ်မှု သမဂ္ဂများသည် နည်းပညာအသစ်များအား မဆန့်ကျင်ကြပေ။ သို့ရာတွင် အမြတ်များများရရုံသက်သက်အတွက် နည်းပညာအသစ်မှ တဆင့် အလုပ်များအား လျှော့နည်းစေသော 'နည်းပညာဆိုင်ရာ အလုပ်လက်မဲ့ဖြစ်မှု' ကိုမူ ကျွန်ုပ်တို့ များစွာ စိုးရိမ်ပါသည်။

နည်းပညာက ယူဆောင်လာသော အပြောင်းအလဲများအား စတုတ္ထမြောက် စက်မှုတော်လှန်ရေးနှင့် နှိုင်းယှဉ်ကြသည်။ ယင်းတို့သည် လုပ်သားများနှင့် အလုပ်၏ သဘာဝကိုသာမက လူ့အဖွဲ့အစည်း၊ ကျွန်ုပ်တို့၏ စီးပွားရေးစနစ်နှင့် ကျွန်ုပ်တို့၏ နိုင်ငံရေး ဆောင်ရွက်မှုများ၏ အနာဂတ်ကိုပါ သက်ရောက်စေနိုင်ပါသည်။

ယင်းပြောင်းလဲမှုသည် လုပ်သားများနှင့် လူ့အဖွဲ့အစည်းကို မည်သို့ သက်ရောက်သည်ကို ကျွန်ုပ်က ကူညီ၍ ပုံဖော်ပေးလျှင် သမဂ္ဂများအနေဖြင့် သင်္ဘောသားများအား ကူညီလမ်းညွှန်ပေးနိုင်ပါသည်။ သို့ဖြစ်ရာ ပေးရကျိုးနပ်မှုနှင့် လုံခြုံမှုနှစ်ခုစလုံးတွင် သင်္ဘောများ လက်တွေ့လည်ပတ်ရာ၌ သင်္ဘောသားများသည် မရှိမဖြစ် ဖြစ်သည်ဟူသော အချက်အား ကျွန်ုပ်တို့အနေဖြင့် အခြေခံရန် လိုအပ်ပါသည်။

ဆရာများ၊ သင်္ဘောအရာရှိများနှင့် လေယာဉ်မှူးများ၏ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအကြောင်းကို ပို၍ ရှာဖွေနိုင်ရန်မှာ **www.bridgedeck.org** ဖြစ်ပါသည်။ ■

ITF သည် အလိုအလျောက် သင်္ဘောများအား စောင့်ကြည့်ရန် အဖွဲ့တစ်ဖွဲ့ တည်ထောင်ထားသောကြောင့် ယင်းသည် ထိုကိစ္စအပေါ်တွင် သင့်စိတ်ဝင်စားမှုများအား IMO တွင် အပြည့်အဝ ကိုယ်စားပြုနိုင်ပါသည်။ ကမ္ဘာ့ပင်လယ်ပြင်ဆိုင်ရာ တက္ကသိုလ်သည် လူမပါသော ကုန်တင်သင်္ဘောများအပေါ်တွင် အစီရင်ခံစာတစ်ခုအား ပြုလုပ်လျက်ရှိပါသည်။

သင့်ကျန်းမာပျော်ရွှင်မှုကို မြှင့်တင်ရန် ထိပ်တန်း အကြံပြုချက်များ

Seafarers' Trust သည် သင့်ကျန်းမာပျော်ရွှင်မှုကို မြှင့်တင်ရန် သင်ပြုလုပ်နိုင်သော ထိပ်ဆုံး ၁၀ ခု အား စုစည်းပေးထားပါသည်။

၁ ကျန်းမာသောစိတ်၊ ကျန်းမာသောကိုယ်
ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များနှင့် စိတ်များသည် သီးခြားစနစ်များ ဖြစ်သည်ဟု စဉ်းစားတတ်ကြပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစာစားခြင်း သို့မဟုတ် ၁၀ မိနစ်အမြန် လေ့ကျင့်ခန်းတစ်ခု ပြုလုပ်ခြင်းသည် အန်ဒေါ်ဖင်းများကို ထွက်စေပြီး ယုံကြည်မှုကို မြှင့်တင်ကာ ကြံ့ခိုင်မှုကိုလည်း မြင့်စေပါသည်။

၂ လူများနှင့် ဆက်သွယ်ပါ
တစ်ကြိမ်လျှင် သင်္ဘောတစ်စီးတွင် လပေါင်းများစွာ နေရခြင်းသည် သင့်လုပ်ဖော်ကိုင်ဖက်များနှင့် နီးကပ်သော ဆက်ဆံရေးကို တည်ဆောက်ရန် အချိန်ပေးပါသည်။ သို့ရာတွင် ပိတ်လှောင်မှုကြောက်သည့် ရောဂါဖြစ်နိုင်လောက်အောင်လည်း အချိန်ရပါသည်။ ကံကောင်းစွာဖြင့် ကျွန်ုပ်တို့၏ အင်တာနက်မလိုသည့် ကမ်းဆင်းခွင့်(**Shoreleave**) အက်ပ် (**www.seafarerstrust.org/apps**) သည် ပင်လယ်ပြင် လုပ်သား စင်တာတစ်ခုအား ရှာရန်နှင့် လူအများနှင့် တွေ့ဆုံရန် သို့မဟုတ် အိမ်သို့ခေါ်ဆိုရန် အလွန်အရေးကြီးသည့် ဝိုင်ဖိုင်ရရှိရန် သင်လိုအပ်သော သတင်းအချက်အလက်များအားလုံးကို ပေးပါသည်။

၃ အခြားသူများအတွက်လည်း လုပ်ပါ
ကောင်းစွာခံစားလိုလျှင် ကောင်းစွာလုပ်ပါ! သင့်အပေါင်းအဖော် သင်္ဘောသားများအား ကူညီခြင်းသည် သူတို့အတွက် ကောင်းရုံသာမက သင့်ကိုလည်း ပို၍ ကျန်းမာပျော်ရွှင်စေပါသည်။ အခြားသူများအား ပေးခြင်းသည် ခက်ခဲရန် မလိုပါ။ ယင်းသည် အားပေးစကားတစ်ခွန်း၊ အပြုံးတစ်ချက် သို့မဟုတ် အတွေးအခေါ်ပါသော အမူအရာတစ်ခုကဲ့သို့ပင် ရိုးရှင်းနိုင်ပါသည်။

၄ အသစ်များကို ဆက်၍သင်ယူပါ
လေ့လာခြင်းသည် ကျွန်ုပ်တို့အား စူးစမ်းစိတ်နှင့် စိတ်ပါဝင်စားမှုကို ဖြစ်စေပြီး မိမိကိုယ်ကို ယုံကြည်မှုနှင့် တက်ကြွမှုကိုလည်း မြှင့်တင်ပေးပါသည်။ **www.duolingo.com** တွင် ရရှိနိုင်သော **Duolingo** ကဲ့သို့သော အက်ပ်များဖြင့် ဘာသာစကားအသစ်တစ်ခုကို ဘာလို့မသင်တာလဲ သို့မဟုတ် လတ်တလော ဖြန့်ချိလိုက်သော IMO ပင်လယ်ပြင်ဆိုင်ရာ စွမ်းအင် အကျိုးရှိမှုသင်တန်းကဲ့သို့သော အခမဲ့သင်ကြားရေး ရင်းမြစ်များကို အသုံးပြုရန် https://goo.gl/D7oyqc သို့လာရောက်ပါ။

၅ မျှော်ကြည့်ရန် ရည်မှန်းချက်များ ထားပါ
ကိုယ်အလေးချိန် ရည်ရွယ်ချက်တစ်ခု သတ်မှတ်ခြင်း၊ သင်ကြားရေး သင်ခန်းစာတစ်ခုအား ပြီးစီးခြင်း သို့မဟုတ် အိမ်သို့ဖုန်းခေါ်ခြင်း စသည့် မည်သည့်အရာပင်ဖြစ်စေ ရည်မှန်းချက်ထား၍ အလုပ်လုပ်ခြင်းသည် ပျော်ရွှင်မှုကို ဖြစ်စေပါသည်။ ယင်းသည် တိုက်ရိုက် စုစည်းအာရုံစူးစိုက်မှုကိုဖြစ်စေပြီး ရည်မှန်းချက် ပြည့်မြောက်သောအခါတွင် အောင်မြင်သည့်စိတ်ကို ရရှိစေသည်။

၆ ဘဝကို သတိဖြင့်နေပါ
ပင်လယ်ပြင်ရှိ လှပသော နေဝင်ချိန်တစ်ခု သို့မဟုတ် ကမ်းကပ်ချိန်အတွင်း စိတ်ဝင်စားဖွယ်ရာ လည်ပတ်မှုတစ်ခု ... သည် လက်ရှိတွင် ဘာတွေဖြစ်နေသည်ကို သတိထားမိနိုင်ပြီး သင်မြင်သော၊ ကြားသော၊ ထိတွေ့သောနှင့် ခံစားသော ပတ်ဝန်းကျင်များကို အပြည့်အဝ သတိထားမိစေသည်။

၇ ကောင်းမွန်မှုကို ရှာပါ
ဘဝတွင် အတက်အကျများဖြင့် ပြည့်နေသော်လည်း - သင့်အလုပ်ကို ဂုဏ်ယူခြင်း သို့မဟုတ် စာအုပ်ကောင်းတစ်အုပ်အား နှစ်သက်ခြင်းတို့ ကဲ့သို့သော - အကောင်းမြင်စိတ်များဖြင့် ဘဝကိုဖြတ်သန်းခြင်းသည် 'တိုးတက်မှု'ကို ဖြစ်စေပြီး ရင်းမြစ်များအား တည်ဆောက်ရန် ကူညီပါသည်။

၈ တက်ကြွခြင်း
အများအားဖြင့် ကျွန်ုပ်တို့တွင် ဖြစ်လာသည်များကို ရွေးချယ်၍ မရသော်လည်း နိယာမအားဖြင့် ဖြစ်ပျက်သည့်အပေါ်တွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်စိတ်ကို ကျွန်ုပ်တို့ ရွေးချယ်နိုင်ပါသည်။ ဗဟုသုတသည် စွမ်းအားဖြစ်ပြီး ယင်းအား ကြိုတင်ပြင်ဆင်ထားရန် အရေးကြီးပါသည်။ ပင်လယ်ပြင်တွင် ရှိနေစဉ် သင့်တရားဝင် အခွင့်အရေးများနှင့် ဖြေရှင်းမှုများကို နားလည်ခြင်းသည် ပထမခြေလှမ်း ဖြစ်ပါသည်။ သင်္ဘောသား အခွင့်အရေးများ အပြည်ပြည်ဆိုင်ရာ အက်ပ်(**Seafarers' Rights International app**)အား **www.seafarersrights.org** တွင် ရယူပါ။

၉ သင့်ကိုယ်သင် ကျေနပ်ပါ
သင့်အိမ်နှင့် ဝေးရာရှိ ထပ်တလဲလဲဖြစ်နေသော ပတ်ဝန်းကျင်တစ်ခုမှ သင်္ဘောတစ်စီးပေါ်တွင် လပေါင်းများစွာ နေရချိန်တွင် ထောက်ပံ့မှုကွန်ရက်သည် သိရှိခဲ့သော ကျွန်ုပ်တို့၏ မပြည့်စုံမှုများကို အမြင်များ အဖြစ်သို့မဖြစ်စေရန် ရည်ရွယ်နိုင်ပါသည်။ သင်အပါအဝင် မည်သူမျှ စင်းလုံးချောမဟုတ်သည်ကို လက်ခံပါ။

၁၀ ကြီးမားသောအရာတစ်ခု၏ အစိတ်အပိုင်းဖြစ်ပါစေ
သိပ္ပံနည်းကျ သုတေသနများအရ ကျွန်ုပ်တို့ထက် ပို၍ကြီးမားသော တစ်စုံတစ်ခုဖြင့် ဆက်သွယ်မှုရှိခြင်းသည် ပို၍ ကျန်းမာပျော်ရွှင်စေနိုင်ပါသည်။ ယင်းသည် ဘာသာရေးယုံကြည်မှုတစ်ခု သို့မဟုတ် နာမ်ပိုင်းဆိုင်ရာ၊ သင့်ကုန်သွယ်မှု သမဂ္ဂတွင် ပါဝင်လှုပ်ရှားခြင်း၊ မတူညီမှုကိုဖြစ်စေသော အလုပ်တစ်ခုတွင် စိတ်ပါဝင်စားခြင်း သို့မဟုတ် ယောဂကျင့်ခြင်းစသည်တို့ ဖြစ်နိုင်ပါသည်။

အောက်ပါ ဘားကုဒ်အား အသုံးပြု၍ ပင်လယ်ပြင်လုပ်သားများအတွက် ကျွန်ုပ်တို့၏ ရှိထားသင့်သော အက်ပ်များစာရင်းကို စစ်ဆေးပါ။

လှုပ်ရှားမှုတွင် ပါဝင်ပါ

သင်္ဘောကျင်း လုပ်သားများ- သင့်ဆိပ်ကမ်းတွင် လှုပ်ရှားမှုအား သင်မည်မျှ ထောက်ပံ့နိုင်သည်ကို သင့်သမဂ္ဂအား ပြောပါ။

သင်္ဘောသားများ- ဆိပ်ကမ်းတွင် သင့်အား အထိန်းတပ်ခြင်း သို့မဟုတ် အထိန်းဖြုတ်ခြင်းအလုပ်လုပ်ရန် ပြောပါက အသေးစိတ်များကို **ReclaimLashing@itf.org.uk** သို့ အီးမေးလ်ပို့ပြီး ကုန်တင်သင်္ဘောအမည်နှင့် တည်နေရာကိုပါ ထည့်သွင်းပါ။

သင်္ဘောသားများအားလုံးကို ခေါ်ခြင်း - အထိန်းတပ်ခြင်းသည် သင်္ဘောကျင်း လုပ်သားများ၏ အလုပ်ဖြစ်ပါသည်။

သင်္ဘောသားများအနေဖြင့် သင်္ဘောကျင်း လုပ်သားများ၏ အလုပ်များကို လုပ်နေရခြင်း အလေ့အကျင့်ကို အဆုံးသတ်ရန်အတွက် ITF နှင့် ETF သည် အဘယ့်ကြောင့် အလုပ်သို့ လာရောက်သည်ကို ဘယ်လ်ဂျီယမ်ရှိ ITF စုံစမ်းစစ်ဆေးသူ ခရစ်စ်တီယန် ရိုးစ်မှ ရှင်းပြပါသည်။

ဆိပ်ကမ်းများတွင် အထိန်းတပ်ခြင်းသည် သင်္ဘောကျင်း လုပ်သားများ၏ အလုပ်ဖြစ်ပြီး လေ့ကျင့်ထားသော သင်္ဘောကျင်း လုပ်သားများကသာ လုပ်ကိုင်သင့်ပါသည်။ ယင်းသည် အလွန်အန္တရာယ်ရှိသော အလုပ်ဖြစ်ပြီး လေ့ကျင့်မထားသော လုပ်သားများ လုပ်ဆောင်ပါက ဒဏ်ရာရခြင်း၊ ကျန်းမာရေး ပြဿနာများ သို့မဟုတ် သေဆုံးခြင်းတိုင်အောင် ဖြစ်နိုင်ပါသည်။ လုပ်သားများနှင့် သင်္ဘော၏ ဘေးကင်းရေးနှင့် လုံခြုံရေးတွင် အန္တရာယ် ရှိသည်မှလွဲ၍ ဆိပ်ကမ်းရှိ ကုန်များအား အထိန်းတပ်ရန် သို့မဟုတ် အထိန်းဖြုတ်ရန် လုပ်သားများအား မတောင်းဆိုသင့်ပါ။

သင်သည် သင်္ဘောမှတ်ပုံတင်ရာ စိတ်ကြိုက်နိုင်ငံ (FOC) တစ်ခု၏ အလံတင်ထားသော သင်္ဘောပေါ်တွင် အလုပ်လုပ်နေသော သင်္ဘောသားတစ်ဦး ဖြစ်ပါက သင့်သင်္ဘောသည် ITF မှ အတည်ပြုထားသော စုပေါင်းညှိနှိုင်းသဘောတူညီမှု (CBA) တစ်ခု လွှမ်းခြုံမှု ရှိနိုင်ပါသည် - ITF သင်္ဘောသားများ အက်ပ်ကို အသုံးပြု၍ စစ်ဆေးပါ။

ITF CBA တစ်ခုစီတွင် ဤစာပိုဒ် ပါဝင်ပါသည် - 'ကုန်များအား အထိန်းတပ်ခြင်းနှင့် အထိန်းဖြုတ်ခြင်းတို့သည် သင်္ဘောကျင်း လုပ်သားများ၏ အလုပ်ဖြစ်ပြီး ဒေသဆိုင်ရာ ITF သင်္ဘောကျင်း လုပ်သားများ သမဂ္ဂထံမှ ကြိုတင်သဘောတူညီထားသည်မှလွဲ၍ သင်္ဘောလုပ်သားများအား ဤအလုပ်ကို ဆောင်ရွက်ရန် မခိုင်းသင့်ပါ'။

စာဖြင့်ရေးသားခွင့်ပြုချက်မရှိဘဲ FOC ကုန်တင်သင်္ဘောများမှ ပင်လယ်ပြင် လုပ်သားများအား အထိန်းတပ်ခြင်းနှင့် အထိန်းဖြုတ်ခြင်းအလုပ်များကို ဆောင်ရွက်ရန် ခိုင်းစေသော ကုမ္ပဏီများ၊ ဆရာများသို့မဟုတ် အရာရှိများသည် ဤ ITF CBA စာပိုဒ်အား ချိုးဖောက်ခြင်း ဖြစ်ပါသည်။

ဥရောပမြောက်ပိုင်းရှိ သမဂ္ဂများသည် ITF ဖြင့် ပူးပေါင်းဆောင်ရွက်ပြီး ယင်း၏ ဥရောပလက်တံဖြစ်သည့် ETF သည် သင်္ဘောကျင်း လုပ်သားများ အတွက် အထိန်းတပ်ခြင်းနှင့် ကုန်သေတ္တာများကို သေချာစေခြင်း အလုပ်များကို ပြန်လည်တောင်းဆိုသော လှုပ်ရှားမှုတစ်ခု ပြုလုပ်နေပါသည်။ ၂၀၁၆ စက်တင်ဘာလ ပထမပတ်အတွင်း ITF စုံစမ်းစစ်ဆေးသူများသည် လှုပ်ရှားမှုကို သင်္ဘောများပေါ်သို့ ရောက်ရှိစေခဲ့ပါသည်။ စာမျက်နှာ ငါးတွင် Elbfeeder လာရောက်မှုအကြောင်းကို ဖတ်ပါ။ ■

စကားဖြန့်ပါ

သင်္ဘောစာမျက်နှာအောက်ရှိ ITF ၏ အထိန်းတပ်ခြင်း စာစောင်အသစ်ကို ဖတ်ပါ။ ယင်းအား သင်ပုန်းပေါ်တွင် တပ်ထားခြင်းဖြင့် သင်္ဘောလုပ်သားများ အားလုံးသည် အန္တရာယ်များနှင့် ယင်းတို့၏ ရပိုင်ခွင့်များကို သိမည်ဖြစ်ပါသည်။

အထင်ကရ လေ့လာမှုသည် ပို၍ကောင်းသော ကုန်သေတ္တာဆိပ်ကမ်း ကျန်းမာရေးနှင့် လုံခြုံမှုကို ဦးတည်သင့်ပါသည်။

ITF သင်္ဘောကျင်း လုပ်သားများ ကဏ္ဍအတွင်းရေးမှူး Sharon James မှ လေ့လာမှုအသစ်တစ်ခု - ကမ္ဘာအနှံ့ရှိ ကုန်သေတ္တာဆိပ်ကမ်း လုပ်ငန်းရှိ လုပ်သားများ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ကောင်းကျိုးရရှိမှုအပေါ် အပြည့်စုံဆုံး အထောက်အထား - အား ပြုလုပ်ပြီး အဓိက ကုန်သေတ္တာ ဆိပ်ကမ်းထိန်းချုပ်သူများသည် သင်္ဘောကျင်း လုပ်သားများ အလုပ်တွင် အန္တရာယ်ကင်းစေရန် ပို၍လုပ်ရန် လိုအပ်သည်ဟု ပြောကြားလိုက်ပါသည်။

ITF မိသားစုသည် ဒန့်စ်သင်္ဘောကျင်း လုပ်သားများအား CBA ရရှိရန် ကူညီပါသည်။

ပိုလန်ရှိ သင်္ဘောကျင်း လုပ်သားများသည် အားကောင်းစွာဖွဲ့စည်းထားသော လှုပ်ရှားမှုနှင့် ITF မိသားစုထံမှ ကြီးမားသော ထောက်ပံ့မှုရရှိပြီးနောက် ရေနက်ဆိပ်ကမ်း ကုန်သေတ္တာဂိတ် (DCT) နှင့် စုဆောင်းညှိနှိုင်း သဘောတူညီမှု (CBA) တစ်ခုအား လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဒန့်စ်မှ ဦးဆောင်လှုပ်ရှားသူ Adam Tylski, Solidarnośćʼs က ပြောပါသည်။

NSZZ ၏ အမျိုးသား ပင်လယ်ပြင်ဆိုင်ရာနှင့် သင်္ဘောကျင်း လုပ်သားများ ကဏ္ဍ ၂၀၁၂ တွင် ဒန့်စ်ရှိ DCT တွင် Solidarnosc သည် စုစည်းမောင်းနှင်မှုတစ်ခုကို စတင်ခဲ့ပါသည်။ ၂၀၁၃ ဧပြီလကုန်တွင် ကျွန်ုပ်တို့သည် သမဂ္ဂအသစ်တစ်ခုအား ထူထောင်ခဲ့ပြီး လုပ်သားအင်အား၏ ၂၀ ရာခိုင်နှုန်းကို အဖွဲ့ဝင်အဖြစ် လျင်မြန်စွာ ရရှိခဲ့ပါသည်။ ၂၀၁၃ ဇူလိုင်တွင် ကျွန်ုပ်တို့သည် စီမံခန့်ခွဲမှုနှင့် အခြေခံအဆင့် သမဂ္ဂ အသိအမှတ်ပြုခြင်း သဘောတူညီချက်အား လက်မှတ်ထိုးခဲ့ပါသည်။

သို့ရာတွင် DCT သည် သဘောတူညီချက်အား ʻအချိုးသပ်ʼ လုပ်ဆောင်မှု တစ်ခုအဖြစ်သာ မြင်ကြောင်း ထင်ရှားပါသည်။ သမဂ္ဂသည် ပို၍အင်အားကြီးမားလာပြီး ပို၍ပြင်ဆင်လာသည်နှင့်အမျှ စီမံခန့်ခွဲမှုသည်လည်း ပို၍ ကြမ်းတမ်းလာခဲ့ပါသည်။ မန်နေဂျာများသည် လုပ်သားများအား စစ်ဆေးမေးမြန်းခြင်း၊ ဂိတ်အလုပ်များကို နှေးစေခြင်းအတွက် အလုပ်ဖြုတ်ခြင်းဖြင့် အပြစ်ပေးခြင်းအပြင် သမဂ္ဂလှုပ်ရှားသူ နှစ်ဦးကိုလည်း ထုတ်ပယ်ခဲ့ပါသည်။

အထောက်အပံ့အတွက် ITF ထံသို့ ကျွန်ုပ်တို့ ဦးတည်ခဲ့ပါသည်။ ဒုတိယကျောက်ချရာနေရာ တည်ဆောက်ခြင်း (၂၀၁၆ အောက်တိုဘာတွင် ဖွင့်လှစ်ခဲ့သော) အတွက် ငွေကြေးထောက်ပံ့ခြင်းအား ပြန်လည်တည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးမှုအတွက် ဥရောပဘဏ် (EBRD) မှ ချေးငွေရယူခြင်းဖြင့် ပြုလုပ်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ ချေးငွေအချက်အလက်များတွင် ငွေချေးသူသည် ကုန်သွယ်မှုသမဂ္ဂများနှင့် စုဆောင်း ညှိနှိုင်းမှုများသို့ ဝင်ရောက်ရန် လုပ်သားများ၏ အခွင့်အရေးကို လေးစားရမည်ဟု ဖော်ပြထားပါသည်။ DCT သည် အပြုအမူကောင်းမွန်မှု အထောက်အထားအဖြစ် သမဂ္ဂနှင့် ယင်း၏သဘောတူညီမှုကို အသုံးပြုခဲ့ပါသည်။

ကျွန်ုပ်တို့ကိုယ်စား ဆောင်ရွက်ရာတွင် ITF သည် ပုံမှန်သမဂ္ဂတစ်ခု၏ နိုင်ငံရေး ရှုပ်ထွေးမှုများ တိုင်ကြားမှုနှင့် ယင်း၏ ငွေကြေးထောက်ပံ့မှု၏ ဒုတိယကွဲလွဲမှုအဖြစ် ယူဆထားသော EBRD သို့ သွားရောက်ခဲ့ပါသည်။ ရလဒ်မှာ အံ့အားသင့်စရာပင် ဖြစ်ခဲ့ပါသည် DCT မှ ကျွန်ုပ်တို့နှင့် စတင်၍ စကားပြောခဲ့ပါသည်။

သို့ရာတွင် DCT သည် သမဂ္ဂဒုဥက္ကဋ္ဌနှင့် အခြား လှုပ်ရှားသူနှစ်ဦး၏ အလုပ်ခန့်ထားမှုစာချုပ်များကို သက်တမ်းတိုးခြင်း မပြုခဲ့သလို ကျောက်ချရာနေရာအတွက် ဖောက်သည်များနှင့် သူ၏တွေ့ဆုံမှုအတွင်း ကျွန်ုပ်တို့က CEO အား အသနားခံစာဖြင့် တင်ပြပြီးနောက်တွင် ယင်းသည် သမဂ္ဂဖွဲ့စည်းသူများအား ဂိတ်သို့ဝင်ရောက်ခြင်းကို ပိတ်ပင်ခဲ့ပါသည်။

လူရှေ့ထွက်ရန် ကျွန်ုပ်တို့ ဆုံးဖြတ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ရပိုင်ခွင့် ချိုးဖောက်မှုများအကြောင်း တရားလိုရုံးသို့ တိုင်ကြားမှုတစ်ခု ပြုလုပ်ခြင်း၊ ဘော်လ်တစ် ပို့ဆောင်ရေးညီလာခံတွင် ဆန္ဒပြခြင်း၊ ကြီးမားသော လူစုဖွဲ့စည်းပြီး ဂိတ်အား နှစ်နာရီကြာ ပိတ်ဆို့ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ITF သမဂ္ဂ ဩစတြေးလျ ပင်လယ်ပြင်ဆိုင်ရာ သမဂ္ဂသည် DCT အား ပိုင်ဆိုင်သော ဩစတြေးလျ မက်ကွာရီဘဏ်အား ဦးတည်ရန်နှင့် ကုမ္ပဏီတွင် ရှယ်ယာပါသောသူများထံသို့ ရောက်ရှိရန် အကူအညီပေးခဲ့ပါသည်။ ITF၊ ယင်း၏ ဥရောပလက်တံဖြစ်သော ETF နှင့် ယင်း၏သမဂ္ဂများဖြစ်သော ver.di, FNCTTFEL-Landesver-band နှင့် Unite the Union တို့နှင့် ပူးပေါင်း၍ ကျွန်ုပ်တို့သည် ဥရောပတလွှားရှိ မက်ကွာရီရုံးများ အပြင်ဖက်တွင် သပိတ်တားခြင်းများ ပြုလုပ်ခဲ့ပါသည်။ ITF နှင့် ယင်း၏ သမဂ္ဂ 3F သည် DCT ၏အကြီးဆုံး ဖောက်သည်ဖြစ်သော Maersk အား ဦးတည်ခဲ့ပြီး အွန်လိုင်းလှုပ်ရှားမှု LabourStart အား ITF မှ စတင်ပြုလုပ်ခဲ့ပါသည်။

DCT တွင် ပုန်းစရာနေရာမရှိတော့ဘဲ နောက်ဆုံးတွင် CBA အားလက်မှတ်ရေးထိုးခြင်းဖြင့် အဆုံးသတ်ခဲ့သော ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်ခဲ့ပါသည်။

ဤလှုပ်ရှားမှုနောက်တွင် EBRD သည် ယင်းငွေကြေးထောက်ပံ့သော အနာဂတ်စီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု သမဂ္ဂ မဟာမိတ်အဖွဲ့နှင့် အနီးကပ်ဆောင်ရွက်ရန် သဘောတူညီမှုတစ်ခုအား လက်မှတ်ရေးထိုးခဲ့ပါသည်။

Solidarnosc ၏ လှုပ်ရှားမှုများအကြောင်းကို ပို၍ ရှာဖွေနိုင်သောနေရာမှာ **www.solidarnosc.org.pl** ဖြစ်ပါသည်။ ■

ဤလေ့လာမှုအရ ကမ္ဘာအနှံ့ရှိ အဓိက ဂိတ်ထိန်းချုပ်သူများသည် ယင်းတို့၏ ဂိတ်များတွင် လုံခြုံရေး စီမံခန့်ခွဲမှုကို ဖော်ပြရန် စိတ်ဝင်စားလာသော်လည်း အလုပ်အကိုင်ဆိုင်ရာ လုံခြုံမှုနှင့် ကျန်းမာရေး (OSH) မူဝါဒများအား ဖော်ဆောင်ခြင်းနှင့် ဆောင်ရွက်ခြင်းတွင် လုပ်သားများနှင့် သမဂ္ဂများ လုံလောက်စွာ ပါဝင်ခြင်းမရှိကြောင်း တွေ့ရပါသည်။

သင်္ဘောကျင်း လုပ်သားများ၏ အမြင်သည် စီမံခန့်ခွဲမှုနှင့် ကွဲပြားပြီး ကုမ္ပဏီ မှတ်တမ်းတွင် ပြထားသည်ထက်ပို၍ မြင့်မားသော အလုပ်ဆိုင်ရာ ထိခိုက်မှုကို တင်ပြသော လုပ်သားများအား တွေ့ရှိရပါသည်။ အခြား ၇၀ ရာခိုင်နှုန်းက ယင်းတို့၏ လုံခြုံရေးသည် အလွန်အန္တရာယ်များကြောင်း ခံစားရချိန်တွင် ၆၀ ရာခိုင်နှုန်းမှာ ယင်းတို့၏ ကျန်းမာရေးတွင် အလုပ်ဆိုင်ရာ ထိခိုက်မှုကြုံတွေ့ရခြင်း အန္တရာယ်မြင့်မားကြောင်း ခံစားရပါသည်။

ယင်းတို့အလုပ်တွင် အဖြစ်များသော ကျန်းမာရေး သက်ရောက်မှုများစွာကို OSH စီစဉ်မှုများတွင် လုံလောက်စွာဖော်ပြခြင်းမရှိဟု လုပ်သားများက ခံစားရပြီး ကောင်းကျိုးရှိအောင် စီစဉ်မှုများသည် ယင်းတို့၏ လိုအပ်ချက်များကို လုံလောက်စွာ မထောက်ပံ့နိုင်ဟု ယုံကြည်ကြပါသည်။

လေ့လာမှုအရ မတူညီသောနိုင်ငံများရှိ မတူညီသောဂိတ်များတွင် မတူညီသော အလုပ်များရှိ လုပ်သားများအား ပေးထားသော ကာကွယ်မှု အဆင့်များသည် သိသိသာသာပင် ကွဲပြားကြောင်း တွေ့ရှိရပါသည်။ ယင်းတို့အနက် အဓိက စိုးရိမ်စရာ ဧရိယာများမှာ -

- အမျိုးသမီးလုပ်သားများ၏ သီးခြားလိုအပ်ချက်များအပေါ်တွင် ဂရုစိုက်မှု နည်းလွန်းခြင်း။
- ကျန်းမာရေးအပေါ်တွင် ရေရှည်ထိခိုက်မှုထက် ချက်ချင်းလုံခြုံမှု အန္တရာယ်များအပေါ်တွင် အာရုံစိုက်ခြင်း။
- တဆင့်ခံတာဝန်ပေးသော လုပ်သားများအတွက် ကျန်းမာရေးနှင့် လုံခြုံရေးရလဒ်များမှာ ပို၍ဆိုးဝါးခြင်း။
- ထုတ်လုပ်မှုဦးတည်ချက်များသည် ကျန်းမာရေး၊ လုံခြုံမှုနှင့် ကောင်းကျိုးဖြစ်စေခြင်းအတွက် အလေးပေးရန် စိတ်ထားကို ပျောက်ဆုံးစေခြင်း။
- OHS စီမံခန့်ခွဲမှုအပေါ်တွင် မတူညီသော လုပ်ဆောင်မှု၊ အနည်းဆုံးအားဖြင့် နိုင်ငံအပေါ်တွင် မူမတည်ဘဲ အမြင့်ဆုံးစံနှုန်းများ သတ်မှတ်ခြင်း။

လေ့လာမှုက ထောက်ပံ့မှုတိုးမြှင့်ရေးကို ကူညီရန်အတွက် OSH မူဝါဒနှင့် အလေ့အကျင့်ကို ပြောင်းလဲရန် တိုက်တွန်းပါသည်။ ကော်ပိုရိတ်နှင့် ဂိတ်အဆင့် ကျန်းမာရေးနှင့် လုံခြုံရေး စီမံမှုများကို ပြန်လည် စစ်ဆေးရန်နှင့် အစီရင်ခံစာတွင် ဖော်ပြထားသော ဟာကွက်များကို ဆောင်ရွက်ရန် တာဝန်ရှိသူများအား ယင်းက တိုက်တွန်းပါသည်။

ဆိပ်ကမ်းများတွင် လုံခြုံရေးနှင့် ကျန်းမာရေးအပေါ် အလေ့အကျင့်၏ ILO ဥပဒေကို ပြန်လည်သုံးသပ်သောအခါတွင် တွေ့ရှိချက်များအား ထည့်သွင်း စဉ်းစားရန် ITF မှ ညွှန်းပါသည်။

သုတေသနအား ITF နှင့် IOSH (အလုပ်အကိုင်ဆိုင်ရာ လုံခြုံမှုနှင့် ကျန်းမာရေး အဖွဲ့)မှ ပူးတွဲလုပ်ဆောင်ပြီး ကာ ဒစ်ဖ်တက္ကသိုလ်မှ ဆောင်ရွက်ပါသည်။ ■

ʻကမ္ဘာအနှံ့ရှိ ကုန်သေတ္တာ ဂိတ်များ - ကျန်းမာရေး၊ လုံခြုံမှုနှင့် ကောင်းကျိုးရရှိစေရန် စီစဉ်မှုများʼ အား **www.iosh.co.uk** တွင် ဒေါင်းလုပ်ပြုလုပ်နိုင်ပါသည်။

စော်ကားမှုများစွာရှိသော်လည်း ငါးဖမ်းသမားများအတွက် မိုးကုတ်စက်ဝိုင်းမှ မျှော်လင့်ချက်

ပင်လယ်ပြင်ရှိ ဘဝ၏ မှောင်မိုက်သောအခြမ်းအား စုံစမ်းစစ်ဆေးခြင်း

The Outlaw Ocean ဟုခေါ်သော ပြင်းထန်စွာတိုက်ခိုက်ထားသည့် ဆောင်းပါးတွဲများအတွက် နယူးယောက်ခ်တိုင်းမ်စ် ဂျာနယ်လစ် အိုင်ယန် အာဘီနာသည် နှစ်နှစ်ကျော်ကြာအောင် သုတေသနလုပ်ခဲ့ပြီး ပင်လယ်ပြင်မှ မှုခင်းများနှင့် ရက်စက်မှုများကို ဖော်ပြခဲ့ပါသည်။ သင်္ဘောက ပို၍ တွေ့ရှိခဲ့ပါသည်

ပင်လယ်ပြင်တွင် ဘာဖြစ်နေသည်ကို မည်သည့်အရာက သင့်အား စိတ်ဝင်စားစေခဲ့သလဲ? ကျွန်တော်ကလေးဘဝတုန်းက မြေပုံပေါ်က အပြာရောင်နေရာတွေကို အမြဲတမ်း စွဲလမ်းခဲ့တယ်။ နောက်ပိုင်း ချီကာဂိုတက္ကသိုလ်မှာ ဘွဲ့ယူတဲ့အခါ မနုဿဗေဒကို လေ့လာခဲ့ပြီး စင်ကာပူက သုတေသနသင်္ဘောပေါ်မှာ အလုပ်လုပ်ရင်း အချိန်ကုန်ခဲ့တယ်။ အဲဒီမှာ သင်္ဘောသားတွေနဲ့ ငါးဖမ်းသမားတွေရဲ့ ဘဝကို စိတ်ဝင်စားလာခဲ့တယ်။ ဒါကြောင့် ကျွန်တော် နယူးယောက်ခ်တိုင်းမ်စ်နဲ့ ပူးပေါင်းတဲ့အခါ ကျွန်တော့်ကို ပင်လယ်ကိုစေလွှတ်ဖို့နဲ့ ကမ္ဘာမြေရဲ့ သုံးပုံနှစ်ပုံရှိတဲ့ အစိုးမရတဲ့ ပြီးတော့ အစိုးမရနိုင်တဲ့ နေရာကို စူးစမ်းဖို့ အကြံအစည်ကို သတင်းစာက ယုံကြည်ပြီးပေးအောင် အချိန်အတော်ကြာ ကာကွယ်ခဲ့တယ်။

ငါးဖမ်းခြင်းက အဆိုးဝါးဆုံး စော်ကားမှုတွေ ဖြစ်ပွားနေတဲ့နေရာလို့ ခင်ဗျားပြောတယ်နော်။ ခင်ဗျားဖော်ပြခဲ့တဲ့ အဖြစ်အများဆုံး စော်ကားမှုတွေက ဘာတွေလဲ? ဆောင်းပါးတွဲမှာ ဆိုမာလီပင်လယ်ဓားပြတိုက်တဲ့ ကပ္ပတိန်ဖီးလစ်ပုံစံထက် ပိုတဲ့မှုခင်းရဲ့ ကွဲပြားမှုကို ထင်ရှားအောင် ပြခဲ့တယ်။ တရားမဝင်ငါးဖမ်းခြင်း၊ ဆန္ဒအလျောက် ရေငုံနှုတ်ပိတ်ခြင်း၊ လူသတ်ခြင်း၊ ကျွန်ပြုခြင်း၊ အတင်းအကြပ်ခိုင်းစေခြင်း၊ ခိုးပြီးလိုက်ပါသူများကို စော်ကားခြင်းနဲ့ လက်နက်ကုန်ကူးခြင်းတို့အပါအဝင်မှုခင်းများစွာကို ကျွန်တော်တို့ တွေ့ရှိစုံစမ်းခဲ့တယ်။ တောင်တရုတ်ပင်လယ်လို နေရာမျိုးမှာ ရွှေ့ပြောင်းနေထိုင်သူ ထောင်ပေါင်းများစွာ အများဆုံးက ယောကျာ်းလေးတွေကို ဆိပ်ကမ်းတွေမှာ ကုန်ကူးပြီး သူတို့ဆန္ဒနဲ့ဆန့်ကျင်ပြီးတော့ ပင်လယ်ထဲကို ပို့ခဲ့တယ်။ အစိုးရတွေမှာ သမုဒ္ဒရာတွေကို ထိန်းကွပ်ဖို့ စိတ်ဓာတ်ရော ငွေကြေးပါ မရှိဘူး။ ပင်လယ်ပြင်က လူသတ်မှုကို ကင်မရာမှာ ရိုက်မိထားတယ် ဒါပေမယ့် ဘယ်သူမှ စုံစမ်းစစ်ဆေးတာ မလုပ်ဘူး။ အင်တာပိုလ်က ဆိုးသွမ်းတဲ့လူဆိုးတွေကို စာရင်းပြုစုတယ် ဒါပေမယ့် သူတို့ကို ဘယ်နိုင်ငံကမှ အရေးယူခြင်း သို့မဟုတ် ဖမ်းဆီးခြင်း မပြုကြဘူး။

ခင်ဗျားဖော်ထုတ်ခဲ့တဲ့ အဆိုးဝါးဆုံး စော်ကားမှုက ဘာလဲ? တောင်တရုတ်ပင်လယ်မှာ ကျွန်တော်တို့ တွေ့ရှိခဲ့ရတဲ့ ကျွန်ပြုမှု ဇာတ်လမ်းတွေထဲက တစ်ခုကတော့ လန်လုံရဲ့အကြောင်းပဲ (စာမျက်နှာ ၃၄ တွင် ကြည့်ပါ)။ သူ့လုပ်သားတွေက လန်လုံအဖမ်းခံထားရတဲ့ ထိုင်းနိုင်ငံ ရေပိုင်နက်တွေထဲက ငါးတွေကို တိရစ္ဆာန်အစာအတွက် အဓိကပိုက်ချဖမ်းကြတယ်။ အဲဒီထဲက အများအပြားကို အမေရိကန်ပြည်ထောင်စုကို ရောင်းတယ်။ ပုံမှန်အားဖြင့် ခွေးစာကြောင်စာ စည်သွပ်ဘူးအတွက် ဒါမှမဟုတ် အမေရိကန်တွေ စားသုံးကြတဲ့ ကြက်ငှက်၊ ဝက်တွေနဲ့ မွေးမြူရေးငါးတွေအတွက် အစာအဖြစ်ပေါ့။

ငါးဖမ်းသင်္ဘောတွေပေါ်ကို ခင်ဗျားဘယ်လို ရောက်ခဲ့တာလဲ? အဲဒါကတော့ ပိုပြီးတော့ခက်တယ်ထင်ရတယ်။ ခင်ဗျားထဲကို ပိုပြီးဝေးဝေးရောက်လေလေ ယုံကြည်နေတဲ့ ကပ္ပတိန်တွေက ပိုပြီး လွယ်လာလေပဲ။ အဲဒီတော့ နောက်တစ်နေရာကို ခုန်ပေါ့။ ပထမဆုံး ခုန်တဲ့တစ်ချက်က အကြီးမားဆုံး စိန်ခေါ်မှုပဲ။ ဆိပ်ကမ်းပေါ်ကနေ ပထမဆုံး သင်္ဘောပေါ်ကို တက်တာလေ။ မိခင်သင်္ဘောတွေရဲ့ ကပ္ပတိန်တွေကို ကျွန်တော်တို့ကို ခေါ်ဖို့ ဖြားယောင်းရတာလေ။ ဒါပေမယ့် ဆိပ်ကမ်းမှာ တက်ခွင့်မရဘူးလို့ အပြတ်ပြောထားတယ်။ အဲဒီမှာ လူတွေက သူတို့မကောင်းတာတွေကို ပြောတဲ့ အနောက်တိုင်းသား ဂျာနယ်လစ်တွေနဲ့ လူ့အခွင့်အရေး လုပ်သားတွေကို အလွန်သတိထားတာလေ။ အဲဒီတော့ ကျွန်တော်တို့က ၁၈ မိုင်လောက် လှေကလေးနဲ့ သွားရပြီးမှ မိုင် ၅၈ လောက် မိခင်သင်္ဘောပေါ်ကို ပြောင်းရွှေ့ရတယ်။ ပြီးတော့မှ ကပ္ပတိန်က တခြားသင်္ဘောတစ်စီးကို ရေဒီယိုနဲ့ ဆက်သွယ်ပြီး အဲဒီကပ္ပတိန်က ကျွန်တော်တို့ကို နောက်ထပ်မိုင် ၅၈ ခေါ်ဖို့ လာတယ်။ ကျွန်တော်တို့ သွားချင်တဲ့ သင်္ဘောကိုရောက်အောင် သုံးခါလောက်တော့ ခုန်ရမယ်။

ဆိပ်ကမ်းကို ပြန်ဖို့လည်း သုံးခါခုန်ပေါ့ - ခင်ဗျားမကြောက်ဘူးလား? ကျွန်တော်တို့မှာ ဂြိုဟ်တုဖုန်းတစ်လုံးပဲ ရှိခဲ့တာလေ။ အဲတော့ အဲဒါမရှိတော့ရင် အဆက်အသွယ်က လုံးဝပြတ်ပြီ။ အဲဒါက ကြောက်စရာပေါ့။ ဒါပေမယ့် အန္တရာယ်က သင်္ဘောပေါ်က အခြေအနေတွေနဲ့ ရာသီဥတုကနေလာတာ။ ပင်လယ်ထဲမှာ ခင်ဗျားဝေးဝေးကို ရောက်လေလေ ကပ္ပတိန်တွေနဲ့ သင်္ဘောလုပ်သားတွေက ကျွန်တော်တို့ကို အန္တရာယ်လို့ မထင်လေပဲ။ အဲဒီတော့ ကျွန်တော်တို့ကို ထိခိုက်အောင်လုပ်ဖို့ သူတို့မှာ ဘာအကြောင်းမှ မရှိဘူး။ ကြွက်တွေနဲ့ပြည့်နေတဲ့ သူတို့ရဲ့လှေပေါ်မှာ သူတို့ဘယ်လို အလုပ်လုပ်တယ်ဆိုတာကို မှတ်တမ်းတင်စေချင်တဲ့ ထူးဆန်းတဲ့သူ တချို့လည်း ရှိတယ်။

ငါးဖမ်းခြင်းအကြောင်းကို ခင်ဗျားဆက်ပြီး သုတေသနလုပ်ဖို့နဲ့ စာရေးဖို့ အစီအစဉ်ရှိသလား? ရှိတယ်။ ၂၀၁၆ နှစ်ကုန်ပိုင်းလောက်မှာ ဆောင်းပါးအတွဲကို သိမ်းထားပြီး ခရီးထပ်ထွက်ပြီး ဇာတ်လမ်းတွေ ထပ်ထုတ်လုပ်ဖို့ စီစဉ်ထားတယ်။ အဲဒီကနေ ကိစ္စတွေနဲ့ အစီရင်ခံမှုအကြောင်း တင်ပြတာတွေ လုပ်ဖို့အတွက် ကမ္ဘာအနှံ့က မြို့တွေဆီကို သွားမယ်။ အဲဒီ တင်ပြတာတွေက အမြင်ပိုင်းဆိုင်ရာ များတယ်။ ရုပ်ငြိမ်ဆွဲထားတဲ့ ပုံတွေကနေ ဇာတ်လမ်းတွေက ဗွီဒီယိုတွေအထိ ပါမယ်။ ပုံစံထဲမှာ စီမံကိန်းအကြောင်း မိနစ် ၄၅ ကြာ စကားပြောတာ ပါမယ် - အရှိန်အား၊ ရည်မှန်းချက်တွေ၊ နည်းစနစ်တွေ၊ အံ့သြစရာတွေ၊ စိန်ခေါ်မှုတွေ၊ အရံဇာတ်လမ်းတွေ၊ တွေ့ရှိမှုတွေနဲ့ မူဝါဒ ပဲ့တင်ရိုက်တာတွေ။

ပိုပြီးကောင်းတဲ့ ပြောင်းလဲမှု တခုခုများရှိသလား? ခင်ဗျားမှာ အနာဂတ်အတွက် မျှော်လင့်ချက် ရှိသလား? ဟုတ်ကဲ့ အများကြီး ပြောင်းလဲနေပြီလို့ ကျွန်တော်ထင်တယ်။ သို့သော်လည်း လုံလောက်အောင် မမြန်ဘူး။ တရားမဝင် ပြုလုပ်သူတွေကို မှုခင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွေ၊ ဆိပ်ကမ်းကို ဝင်ရောက်စစ်ဆေးမှုတွေနဲ့ အုပ်ချုပ်မှုပြန်လည်ဖွဲ့စည်းမှုတွေ အပါအဝင် ကျွန်တော်တို့ ဖော်ထုတ်ခဲ့တဲ့ သီးခြားဇာတ်လမ်းတွေအတွက် ဖွံ့ဖြိုးမှုတွေ အများကြီးရှိတယ်။

ပိုပြီးမြင့်မြင့်ပြောရရင် ပင်လယ်စာ နောက်ယောင်ခံနိုင်မှုဆိုတာက ကမ္ဘာလုံးဆိုင်ရာ ကုန်ကြမ်းကွင်းဆက်တွေရဲ့ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှုကို တိုးမြင့်စေဖို့ ကြိုးစားတဲ့ လှုပ်ရှားမှုအသစ်တစ်ခုပဲ။ အဲဒီတော့ ငါးတွေကို ဘယ်ကနေဖမ်းတယ်ဆိုတာရော ဖမ်းတဲ့သူရဲ့ အခွင့်အရေးတွေကိုပါ ကျွန်တော်တို့ လိုက်စစ်နိုင်တယ်။ ■

အိုင်ယန် အာဘာန်၏ ဆောင်းပါးအတွဲများ အပြည့်အစုံကို www.nytimes.com/oceansတွင် ဖတ်ရှုနိုင်ပါသည်။
သို့မဟုတ်အိုင်ယန်အား urbina@nytimes.comတွင် တိုက်ရိုက်အီးမေးလ်ပို့၍ The Outlaw Ocean အားအခမဲ့ ရယူပါ။

လန်လုံ၏ဇာတ်လမ်း

ကမ္ဘောဒီးယားမှာရှိတဲ့ သူတို့မိသားစုပိုင် လယ်ကွက်က စပါးက အားလုံးအတွက် မလုံလောက်တာကြောင့် ညီ၊ ညီမငယ်တွေ ဗိုက်ဆာနေတာကို ကြည့်နေခဲ့ရတဲ့နောက်တွင် လန်လုံသည် ဆောက်လုပ်ရေး အလုပ်တစ်ခုအတွက် ထိုင်းနယ်စပ်ကိုဖြတ်ကျော်၍ သွားရန် ကုန်ကူးသူတစ်ဦး၏ ကမ်းလှမ်းမှုကို လက်ခံခဲ့သည်။

သို့သော် ရောက်ရှိသောအခါတွင် စမွတ်ပရာခွန်ဆိပ်ကမ်းအနီးရှိ အခန်းတစ်ခန်းထဲတွင် လက်နက်ကိုင်အစောင့်များဖြင့် လန်အား ရက်ပေါင်းများစွာ ထားရှိပြီးနောက် အခြားရွေ့ပြောင်းနေထိုင်သူ ခြောက်ဦး နှင့်အတူ စုတ်ပြတ်ပြတ် သစ်သားလှေတစ်စီးပေါ်သို့ မောင်းတင်ခံခဲ့ရသည်။ ယင်းသည် ပင်လယ်ပြင်တွင် ခက်ခဲကြမ်းတမ်းသော သုံးနှစ်ကြာအချိန်၏ အစပင်ဖြစ်သည်။

"ကျွန်တော် ငိုခဲ့တယ်" အသက် ၃၀ ရှိနေပြီဖြစ်သော လန်က ငါးဖမ်းလှေများအကြားတွင် နှစ်ကြိမ်ပြန်လည် ရောင်းချခံခဲ့ရသည်ကို ပြန်စဉ်းစားရင်း ပြောသည်။ အကြိမ်ကြိမ်ထွက်ပြေးရန် ကြိုးစားပြီးနောက် ကပ္ပတိန်တစ်ယောက်က အခြားလှေများနီးလာတိုင်း သူ့လည်ပင်းကို သံကြိုးကွင်းခတ်ခဲ့သည်။

ဆွမ်နန်၏ လှေအားတွေ့ရသောအချိန်တွင် လန်သည် သံကြိုးကွင်းကို ဖြုတ်လိုက်တပ်လိုက်လုပ်နေရသည်မှာ ကိုးလပင်ရှိပြီဖြစ်သည်။

ဆွမ်၏ ပြောကြားချက်အရ ငါးများအား ၁၀ မိနစ်ကြာ လှေပေါ်မှချပြီးနောက် သူက အဘယ်ကြောင့်လန်အား သံကြိုးကွင်းခတ်ထားရသည်ကို ကပ္ပတိန်အားမေးရာ ကပ္ပတိန်က "သူက အမြဲတမ်းထွက်ပြေးဖို့ လုပ်နေတာ" ဟု ပြန်ဖြေခဲ့သည်။ ဆိပ်ကမ်းသို့ ပြန်ရောက်ပြီးနောက် ဆွမ်က စတယ်လာမာရစ်အား ဆက်သွယ်ခဲ့ပြီး လန်၏လွတ်လပ်ခွင့်အား ဝယ်ရန်လိုအပ်သော ဘတ် ၂၅,၀၀၀ ယူအက်စ်ဒေါ်လာ ၇၅၀ ခန့်ကို ထူထောင်ရန် စတင်ခဲ့သည်။

မိခင်သင်္ဘောပေါ်မှ ဆိပ်ကမ်းသို့ပြန်လာခဲ့သော ခြောက်ရက်ကြာ ခရီးအတွင်း လန်သည် ငိုနေခဲ့ကာ အချိန်အများစုတွင် သူ့အားကယ်ဆယ်မှုတွင် သူတို့၏ အခန်းကဏ္ဍအကြောင်း အခြားသော ငါးဖမ်းလှေများသို့ စကားများရောက်ရှိခြင်းကို ရှောင်ရှားရန်အတွက် အိပ်နေခဲ့သည်။

အစပိုင်းတွင် လန်သည် ပင်လယ်ပြင်တွင် နေခဲ့ရသော ရက်များနှင့် လများကို မှတ်မိရန် ကြိုးစားသည့်အနေဖြင့် သစ်သားလက်ရမ်းတွင် အထစ်များ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ နောက်ဆုံးတွင်တော့ သူလက်လျှော့လိုက်တော့သည်။ "ကျွန်တော်ကုန်းမြေကို ဘယ်တော့မှ ပြန်မြင်ရမှာ မဟုတ်တော့ဘူးလို့ ထင်ခဲ့တာ။"

ITF မှ ငါးဖမ်းလှေများအား စစ်ဆေးခြင်းကို စတင်ရန်

၂၀၁၆ အောက်တိုဘာတွင် စပိန်ရှိ ဗီဂိုဆိပ်ကမ်းတွင် ရောက်ရှိလာကြသော နိုင်ငံများစွာမှ ITF စုံစမ်းစစ်ဆေးသူများသည် ငါးဖမ်းသင်္ဘောများပေါ်မှ လုပ်သားများ၏ အကူအညီအတွက် ခေါ်ဆိုမှုအရေအတွက် တိုးပွားလာသည့် အပေါ်တွင်မည်သို့ တုံ့ပြန်မည်ကို ရှင်းလင်းကြသည်။

ယခုမတိုင်မီအထိတွင် ITF သည် ကုန်သည်သင်္ဘောများကဲ့သို့ပင် ငါးဖမ်း သင်္ဘောများအား ပုံမှန် စုံစမ်းစစ်ဆေးခြင်းများကို ပြုလုပ်ခဲ့ခြင်း မရှိပေ။

"ဒါပေမယ့်လည်း" ဂါလီစီယာနှင့် အက်စ်ကျူးရီးယားအတွက် ITF စုံစမ်းစစ်ဆေးသူ Luz Baz က ပြောသည်။ စပိန် "ILO ညီလာခံ ၁၈၈ ၏အင်အားသို့ မကြာမီတွင် ဝင်ရောက်ခြင်းသည် ပင်လယ်ပြင် ငါးဖမ်းသမားများ၏ အခြေအနေများကို တိုးတက်မှုတစ်ခု ဖြစ်စေလိမ့်မည်။ လက်ရှိတွင် ယင်းတို့သည် ဥပဒေအရ လုံးဝစွန့်ပစ်ခံထားရပြီး အန္တရာယ် အရှိဆုံး ပတ်ဝန်းကျင်များအနက် တစ်ခုတွင် အလုပ်လုပ်နေရသည်။

"သို့ဖြစ်ရာ မမျှတသော ဆက်ဆံမှု သို့မဟုတ် ယင်းတို့၏ ကျန်းမာရေး အန္တရာယ်များအတွက် လုပ်သားများထံမှ များပြားလာသော အကူအညီအတွက် ခေါ်ဆိုမှုများကို ကျွန်ုပ်တို့၏ စုံစမ်းစစ်ဆေးသူများမှ မည်သို့တုံ့ပြန်သင့်သည်နှင့် မည်သည့်အခြေအနေများတွင် သဘောတူရန် ITF အတွက် အချိန်တန်ပြီဖြစ်သည်။"

ညီလာခံ ၁၈၈ သည် အနည်းဆုံး အနားယူချိန် နာရီအရေအတွက်၊ ပိုများသော လုံခြုံရေး နည်းလမ်းများ၊ ငါးဖမ်းသမားများကဲ့သို့သော အလုပ်မှရရှိသည့် ရောဂါများအတွက် လွှမ်းခြုံမှု၊ သင်္ဘောပေါ်တွင် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု၊ လုပ်သား လုပ်ခလစာများနှင့် နေထိုင်ရာ နေရာနှင့် အစားအစာတွင် မြှင့်တင်မှုများတို့ကို ချမှတ်ရန် အရေးကြီးသော အရာတစ်ခုဖြစ်သည်။

ဖွန်လတွင် ကုလသမဂ္ဂအစည်းအဝေးတစ်ခုတွင် ညီလာခံ ၁၈၈ အား အရေးပေါ် သဘောတူလက်မှတ်ရေးထိုးမှုအတွက် Baz ၏ အကဲဆတ်သော တင်ပြချက်သည် ဥရောပသမဂ္ဂ၏ ကိုယ်စားလှယ်ချုပ်အား ငါးဖမ်းသင်္ဘောများပေါ်တွင် အနည်းဆုံး အလုပ်စံနှုန်းများထည့်သွင်းရန် အဆိုတင်သွင်းမှုကို ဖြစ်စေခဲ့သည်။

ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံးသော နိုင်ငံများမှ လုပ်သားများအား အသုံးပြုခြင်းဖြင့် အမြတ်ထုတ်ခြင်း၊ ယင်းတို့ သင်္ဘောများအား အခမဲ့မှတ်ပုံတင်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို အသုံးပြုသော သိက္ခာမရှိသော သင်္ဘောပိုင်ရှင်များ၏ စော်ကားမှုများကို Baz က ပြသခဲ့သည်။

စုံစမ်းစစ်ဆေးသူများသည် နိုင်ငံတကာ ပင်လယ်ပြင်ဆိုင်ရာ အဖွဲ့အစည်း (IMO) ၏ စပိန်ကိုယ်စားလှယ်ဖြစ်သူ အန်တိုနီယို ပတ်ဒရွန်နှင့် အယ်လ်ဘာကိုရာနှင့် ဆိုရှယ်မာရင်းအင်စတီကျူမှ ပင်လယ်ပြင်ဆိုင်ရာ လုပ်သားခေါ်ယူရေး ကုမ္ပဏီမှ ကိုယ်စားလှယ်များဖြင့် ပူးပေါင်းခဲ့သည်။ ■

လုပ်ငန်းဆုံချက်များအား အာရပ်ကမ္ဘာသို့ ချဲ့ထွင်ခြင်း

အယ်ဂျီးရီးယားရှိ အင်အားကြီးမားသော ရေနံလုပ်သားများ သမဂ္ဂ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟာမူ တူအာရီယာသည် အယ်ဂီယားစ် ဆိပ်ကမ်းသို့ အလုပ်ကိစ္စအတွက် တစ်ရက်စီ ရောက်ရှိသောအခါတွင် သူ့တိုင်းပြည်၏ အကြီးမားဆုံးသော ဆိပ်ကမ်းလုပ်ငန်းလည်ပတ်မှုကို ပြုလုပ်ခဲ့သော သူ့အနီးတွင် ပို့ဆောင်ရေးလုပ်သားများကွန်ရက်၊ လက်အောက်ခံ လုပ်သားများနှင့် အခြားလုပ်သားများအား လျင်မြန်စွာ သတိထားမိခဲ့သည်။

တစ်ဦးနှင့်တစ်ဦး ထောက်ကူခြင်းဖြင့် ယင်းတို့၏ စုပေါင်းအင်အားကို တည်ဆောက်ရန် မတူညီသော အပိုင်းများတွင် အလုပ်လုပ်သော သို့မဟုတ် တခုသော ပထဝီမြေပြင်ဆိုင်ရာ တည်နေရာဝန်းကျင်မှ လုပ်သားများအား အားပေးရန်အတွက် အယ်ဂီယားစ်ကဲ့သို့သော လုပ်ငန်းဆုံချက်များသည် အဓိက ITF နှင့် လုပ်ငန်းဆိုင်ရာ ကမ္ဘာ့အနှံ့ရှိ သမဂ္ဂအစီအစဉ်၏ နှလုံးသားဖြစ်ပါသည်။ ယင်းသည် သင်္ဘောသားများနှင့် သင်္ဘောကျင်း လုပ်သားများ ကျွမ်းဝင်ပြီးဖြစ်သော အယူအဆတစ်ခုပင်ဖြစ်သည်။

ယူကေဆိပ်ကမ်းများဖြစ်ကြသည့် ဖီလစ်စတို၊ ဟမ်ဘာနှင့် ဂရမ်ဒီမောက် တို့တွင် ၂၀၁၅ ၌ပြုလုပ်ခဲ့သည့် အောင်မြင်သော ဦးဆောင်စီမံကိန်းတွင် ယူကေနှင့် အိုင်ယာလန်တွင် အကြီးမားဆုံး ကုန်သွယ်မှု သမဂ္ဂဖြစ်သော ITF အဖွဲ့ဝင် Unite the Union ပါဝင်ခဲ့သည်။ ယခုအခါ ဆုံချက်များ အစီအစဉ်သည် အာရပ်ကမ္ဘာသို့ တိုးချဲ့နေပြီဖြစ်သည်။

နိုင်ငံအတွင်းရှိ ပင်လယ်ပြင်ဆိုင်ရာ၊ ရေနံနှင့်ဓာတ်ငွေ့ကလုပ်ငန်းများမှ လုပ်သားများကို ကိုယ်စားပြုသော အယ်ဂျီးရီးယား သမဂ္ဂများသည် လမ်း၊ ရထားလမ်းနှင့် ပြည်သူ့လေကြောင်းပို့ဆောင်ရေးတွင် အလုပ်လုပ်သော သမဂ္ဂများနှင့် မဟာမိတ်ပြုခြင်းတစ်ခုအား ပြုလုပ်ခဲ့သည်။ ယင်းတို့အဖွဲ့ဝင်များသည် ဆုံချက်များတွင် စုစည်းခြင်းအား မြှင့်တင်ရန် စုပေါင်းအလုပ်လုပ်ကြမည်ဖြစ်ကာ ဆုံချက်များရှိ လုပ်ငန်းဆိုင်ရာ အပိုင်းများတွင် လုပ်သားများအား မည်သို့ ကောင်းစွာကိုယ်စားပြုနိုင်မည်ကို ဖော်ထုတ်ကြမည်ဖြစ်သည်။

သမဂ္ဂသုံးခုသည် Union Générale des Travailleurs Algériens (UGTA) အဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ယင်းတို့မှာ - the Federation nationale des travailleurs des transports (FNTT); the Federation Nationale des Travailleurs des Ports Algériens; နှင့် Hamou Touahria’s union, the Fédération Nationale des Travailleurs du Pétrole, du Gaz et de la Chimie တို့ဖြစ်ကြသည်။

တူအာရီယာ ပြောကြားသည်မှာ - “လုပ်သားတွေအနေနဲ့ ကျွန်တော်တို့ဘာတွေလုပ်တယ်၊ အတွေ့အကြုံ ဖလှယ်တာတွေနဲ့ ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းတွေမှာ လုပ်သားတွေ အနေနဲ့ ကျွန်တော်တို့ကဏ္ဍရဲ့ ဗဟုသုတတွေကို ပြတဲ့နေရာနဲ့ စုပေါင်းသဘောတူညီမှုများမှတဆင့် ကျွန်တော်တို့ရဲ့ လုပ်သားတွေအတွက် ဘာလုပ်တယ်ဆိုတာနဲ့ လုပ်သားတွေရဲ့ အခွင့်အရေးတွေကို မြှင့်တင်တဲ့နေရာမှာ အစကတည်းက ဒီဆုံချက် မဟာမိတ်ပြုခြင်းရဲ့ အရေးပါမှုက ရှိနေပါတယ်။”

အယ်လ်ဂျီးရီးယားဆုံချက်များ စီမံကိန်းအား ၂၀၁၇ ဖေဖော်ဝါရီတွင် ပြုလုပ်မည့် ITF အာရပ်ကမ္ဘာ ဒေသဆိုင်ရာ ညီလာခံတွင် တရားဝင် စတင်မည် ဖြစ်ပါသည်။ ■

> “အယ်ဂျီးရီးယန်းဆုံချက်များ မဟာမိတ်ပြုခြင်း အစီအစဉ်တွင် အမျိုးသမီးများ၏ ပါဝင်မှုသည် - ယင်းတို့၏ သမဂ္ဂတွေနဲ့ လူ့အဖွဲ့အစည်း အတွင်းမှာ အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပို၍ထောက်ပံ့ခြင်းနှင့် မြှင့်တင်ခြင်းတို့ဖြင့် လက်တွေ့တွင် ယင်းတို့၏ အခန်းကဏ္ဍကို ကူညီမြှင့်တင်ပေးပါလိမ့်မည်။”
>
> Djamila Madioni, Federation Nationale des Travailleurs du Pétrole et du Gaz ၏ လူမှုရေး ဝန်ဆောင်မှု ဆောင်ရွက်သူ

လုပ်ငန်းဆိုင်ရာ ဆုံချက်များ အစီအစဉ်အကြောင်းကို ပို၍သိရှိရန်မှာ **www.itfhubs.org** ဖြစ်ပြီး **#OurHubs**အား အသုံးပြုခြင်းဖြင့် လူမှုမီဒီယာပေါ်တွင် ဖွံ့ဖြိုးမှုများအား လိုက်ကြည့်ပါ။

ပို၍ သိရှိရန်မှာ -

UGTA www.ugta.dz

Unite the Union www.unitetheunion.org

IndustriALL ကမ္ဘာလုံးဆိုင်ရာ သမဂ္ဂသည် မိုင်းတွင်းတူးလုပ်ငန်း၊ စွမ်းအင်နှင့် ကုန်ထုတ်လုပ်မှုအပိုင်းများမှ လုပ်သားများအား ကိုယ်စားပြုပါသည် **www.industriall-union.org**

သင်္ဘောသားများ အားလုံးကို ခေါ်ယူခြင်း

သင့်အား ဆိပ်ကမ်းများရှိ သင်္ဘောများတွင် ကုန်သေတ္တာများအား အထိန်းတပ်ခြင်းနှင့် လုံခြုံစေခြင်းကို ဆောင်ရွက်ရန် ခိုင်းစေပါသလား?

ယင်းသည် ပို၍အဖြစ်များလာကြောင်း အစီရင်ခံစာများ ကျွန်ုပ်တို့ ရရှိပါသည်။ အကြောင်းမှာ သင်္ဘောလိုင်း ကုမ္ပဏီများသည် ဆိပ်ကမ်း လုပ်ငန်းများအား အရှိန်မြှင့်လိုခြင်း သို့မဟုတ် ယင်းအလုပ်ကို လုပ်ကိုင်ရန် လေ့ကျင့်ထားသော သင်္ဘောကျင်း လုပ်သားများအား မငှားရမ်းခြင်းဖြင့် ငွေချွေတာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ယင်းအလုပ်ကို လုပ်ရန်အတွက် သင်္ဘောသားများအား ဘာမျှမပေးပါ သို့မဟုတ် အနည်းငယ်သာပေးပါသည်။ ရှည်လျားသော အလုပ်ချိန်နာရီများနှင့် တင်းကြပ်သော ရွက်လွှင့်မှု အချိန်ဇယားများကြောင့် ယင်းတို့တွင် စိတ်ဖိစီးမှုများနှင့် နွမ်းနယ်မှုများကို ခံစားရပါသည်။ ယင်းတို့သည် ကမ်းပေါ်တက်ရန်၊ အနားယူရန် သို့မဟုတ် သူငယ်ချင်းများနှင့် အိမ်ရှိမိသားစုအား ဆက်သွယ်ရန် အချိန်မရဘဲ ဖြစ်တတ်ပါသည်။ သင်္ဘောသားများမှာ အထိန်းတပ်ခြင်းလုပ်ငန်းအတွက် ကောင်းစွာ လေ့ကျင့်ထားခြင်းမရှိသော်လည်း ယင်းအားလုပ်ကိုင်ရန် ခိုင်းစေခံရခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းများ ဖြစ်ပေါ်ပါသည်။

ယင်းသည် အလွန်အန္တရာယ်များသော အလုပ်ဖြစ်ပါသည်။ ယင်းကြောင့်ပင် **ITF CBA** (စုပေါင်းညှိနှိုင်း သဘောတူညီမှု) စာပိုဒ် ၃ တွင် "ကုန်များအား အထိန်းတပ်ခြင်းနှင့် အထိန်းဖြုတ်ခြင်းသည် သင်္ဘောကျင်း လုပ်သားများ၏ အလုပ်ဖြစ်ပြီး ဒေသဆိုင်ရာ **ITF** သင်္ဘောကျင်း လုပ်သားများ သမဂ္ဂထံမှ ကြိုတင်သဘောတူညီမှု မရှိဘဲ သင်္ဘောလုပ်သားများအား ယင်းအလုပ်ကို တာဝန်ယူရန် မခိုင်းစေသင့်ပါ" ဟု ရှင်းလင်းစွာ ပါရှိခြင်းဖြစ်ပါသည်။ **ITF** သဘောတူညီမှုတစ်ခုသည် ကုန်တင်သင်္ဘောတိုင်းအား လွှမ်းခြုံသင့်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ သင့်ကုမ္ပဏီ၊ ဆရာ သို့မဟုတ် အရာရှိသည် သင့်အားဆိပ်ကမ်းများတွင် အထိန်းတပ်ခြင်းနှင့် အထိန်းဖြုတ်ခြင်းများ ပြုလုပ်ရန် ခိုင်းစေပြီး ယင်းတို့ထံတွင် ဒေသဆိုင်ရာ သင်္ဘောကျင်း လုပ်သားများ သမဂ္ဂထံမှ စာဖြင့် ရေးသားခွင့်ပြုချက်မရှိလျှင် ယင်းတို့သည် ဤသဘောတူညီချက်အား ချိုးဖောက်ခြင်းပင် ဖြစ်ပါသည်။ သင့်တွင် ဤသို့ဖြစ်ပေါ်ပါက ဘာဖြစ်ခဲ့သည်၊ သင်္ဘောအမည်နှင့် တည်နေရာတို့ အသေးစိတ်ပါဝင်သော အီးမေးလ်တစ်စောင်အား ပို့ခြင်းဖြင့် ကျွန်ုပ်တို့အား အသိပေးနိုင်ပြီး လိပ်စာမှာ - **ReclaimLashing@itf.org.uk** ဖြစ်ပါသည်။ သင့်အသေးစိတ် အချက်အလက်များအား **ITF** မှ လျှို့ဝှက်ထားမည်ဖြစ်ပြီး သင့်အလုပ်ရှင်အား ပြောမည်မဟုတ်ပါ။

ITF သဘောတူညီမှုများဖြင့် လွှမ်းခြုံထားသော ကုန်တင်သင်္ဘောများပေါ်၌ ဆိပ်ကမ်းများတွင် အထိန်းတပ်ခြင်းနှင့် အထိန်းဖြုတ်ခြင်း အလုပ်များအား လုပ်ကိုင်ရန် ငြင်းဆန်ခြင်းဖြင့် သင့်လုံခြုံမှုကို ကာကွယ်ပြီး ဆိပ်ကမ်းများမှ သင့်ညီအစ်ကိုမောင်နှမများအား ထောက်ပံ့ပေးပါ။

ITF သည် ကမ္ဘာအနှံ့အပြားရှိ သယ်ယူပို့ဆောင်ရေး လုပ်သားပေါင်း ၄.၅ သန်းအား ကိုယ်စားပြုသော ကမ္ဘာလုံးဆိုင်ရာ သမဂ္ဂ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ပို၍ သိရှိရန်မှာ -

www.ReclaimLashing.org

itf

ITF DOCKERS
RECLAIMING LASHING